# လူ့အခွင့်အရေးလက်စွဲ

Author

Aung Myo Min

Cover Design & Layout by

Khant Minn Htet

# အမှာစာ

လူ့အခွင့်အရေးဆိုသည်မှာ လူသားများအားလုံးအပေါ် ခွဲခြားခြင်းမရှိဘဲ မွေးရာပါ ဂုဏ်သိက္ခာနှင့်အတူ ရရှိခံစားခွင့်ရှိသောအရာပင်ဖြစ်သည်။ ကြောက်ရွံ့ခြင်းမှ ကင်းဝေးခြင်း (Freedom from Fear) နှင့် ချို့တဲ့ခြင်းမှကင်းဝေးခြင်း (Freedom from Wants) တို့မရှိဘဲ လူ့အခွင့်အရေးကို ပြည့်ဝစွာခံစားရယူနိုင်မည်ဟု ဆိုနိုင်မှာမဟုတ်ပါ။

လူ့ဂုဏ်သိက္ခာကို အပြည့်အဝလေးစားခံရခြင်းသည် အခြေခံကျသော လူ့အခွင့်အရေးတစ်ရပ်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ သို့သော် လူ့အခွင့်အရေးအပေါ် မလေးစားမှုများ၊ လူ့အခွင့်အရေးအပေါ် စော်ကားချိုးဖောက်မှုများက ယနေ့တိုင် ကမ္ဘာပေါ်တွင် ရှိနေဆဲဖြစ်သည်။ လူ့အခွင့်အရေးကိုယုံကြည်သောသူများကလည်း ချိုးဖောက်မှုများ ရပ်တန့်နိုင်ရန်နှင့် လူ့အခွင့်အရေးများကို ပိုမိုလေးစားသည့်လူ့အသိုင်းအဝိုင်းတစ်ရပ်ဖြစ်လာစေရန် ရှေ့ဆွဲတင်ပြမှုများစွာဖြင့် ကြိုးပမ်းဆောင်ရွက်နေကြသည်။

ယခု လူ့အခွင့်အရေးစာအုပ်သည် ယင်းကဲ့သို့လှုပ်ရှားမှုတွေအတွက် ကြိုးပမ်းလုပ်ဆောင်နေသောသူများ၊ လူ့အခွင့်အရေးအကြောင်းကို သိရှိလိုသူများနှင့် လက်ရှိတိုးတက်ဖြစ်ပေါ်လျက်ရှိသော နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ စံချိန်စံညွှန်းများအား လေ့လာလိုသူများအတွက် ရည်ရွယ်ထုတ်ဝေခြင်းဖြစ်ပါသည်။

ယခုစာအုပ်ကို လူ့အခွင့်အရေးပညာပေးရေးဌာန (မြန်မာနိုင်ငံ)က ၁၉၉၈ ခုနှစ်တွင် ပထမဦးဆုံးအကြိမ်ဖြင့် ထုတ်ဝေခဲ့ပြီး လေးကြိမ်တိုင်တိုင် ပြန်လည်ပုံနှိပ်ခဲ့ပြီးသော စာအုပ်ဖြစ်ပါသည်။ ယခုပဉ္စမမြောက်အကြိမ်ထုတ်ဝေမှုတွင် ထူးခြားချက်မှာ မြန်မာပြည်သူများအတွက် လွတ်လွတ်လပ်လပ်ထုတ်ဝေနိုင်ခြင်းပင်ဖြစ်သည်။ လူ့အခွင့်အရေးကို လိုလားတောင့်တနေသော မြန်မာပြည်သူလူထုအတွက် ပြောင်းလဲလာသော မြန်မာနိုင်ငံအခြေအနေများနှင့်အညီ ထုတ်ဝေနိုင်ခြင်းကို အထူးဝမ်းသာဂုဏ်ယူမိပါသည်။

လူ့အခွင့်အရေးလုပ်ငန်းစဉ်များနှင့် ကာကွယ်တိုးမြှင့်ရေးယန္တရားများသည် တစ်နှစ်နှင့် တစ်နှစ်မတူ တိုးတက်ပေါ်ထွန်းလာသည့်အတွက် ယခုတစ်ကြိမ်ထုတ်ဝေမှုတွင် လူ့အခွင့်အရေးနှင့် ပတ်သက်သည့် နောက်ဆုံးသတင်းအချက်အလက်များကို ဖြည့်စွက်ရေးသားထားပါသည်။

မကြာသေးသောကာလအတွင်းက မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲမှုများစွာ တိုးတက်ဖြစ်ပေါ်ခဲ့သည်ကို တွေ့မြင်နိုင်ပါသည်။ လူ့အခွင့်အရေးနှင့် ပတ်သက်၍ နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာတရားရုံးကဲ့သို့ လူ့အခွင့်အရေးချိုးဖောက်သူများကို အပြစ်ပေးအရေးယူသည့် ယန္တရားများ အားကောင်းလာသလို မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာသဘောတူစာချုပ်ကဲ့သို့သော လူ့အခွင့်အရေးစာချုပ်အသစ်များ ပေါ်ထွန်းလာခဲ့သည်။ ထို့အတူ မြန်မာနိုင်ငံပြည်သူများအကြားတွင် လူ့အခွင့်အရေးအကြောင်းကို နားလည်လက်ခံလာမှုရေချိန် ပိုမိုမြင့်မားလာခဲ့သည်။ ဂုဏ်သိက္ခာနှင့် တန်းတူညီမျှမှုကို အခြေခံနားလည်လာ၍ မတူကွဲပြားမှုများအပေါ် လက်ခံမှုပိုမိုလာခဲ့သည်။ တဦးချင်း၏ ဂုဏ်သိက္ခာအပေါ် ပိုမိုလေးစားလာခဲ့သည်။ အမျိုးသမီးများနှင့် အခြားအထူးကာကွယ်ပေးရန် လိုအပ်သော အုပ်စုဝင်များ၏ အခွင့်အရေးများအကြောင်းကို နက်နက်ရှိုင်းရှိုင်းဆွေးနွေးလာ၍ ယခင်ကထက် ပိုမိုတန်ဖိုးထားလာသည်ကို တွေ့ရသည်။ အဖွဲ့အစည်းအသီးသီးက လူ့အခွင့်အရေးပညာပေးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်ပေးရန် ပန်ကြားမှုများသည်း ပိုမိုများပြားလျက်ရှိသည်။

ထို့အတွက်ကြောင့် လူ့အခွင့်အရေးများကို အပြည့်အဝ လေးစားလိုက်နာတန်ဖိုးထားသော အနာဂတ်မြန်မာနိုင်ငံဖြစ်လာစေရေးကိုရည်ရွယ်၍ လေ့လာမှတ်သားကျင့်သုံးနိုင်ရန် ယခုစာအုပ်အား ထပ်မံပြင်ဆင်ရေးသားထုတ်ဝေလိုက်ပါသည်။

လူ့အခွင့်အရေးကို ကာကွယ်နေကြသော၊ လူ့အခွင့်အရေးကိုလှုံ့ဆော်နေကြသော၊ လူ့အခွင့်အရေးကို ပညာပေးနေကြသော မိတ်ဆွေများအား ဤစာအုပ်ဖြင့်ဂုဏ်ပြုပါသည်။ ဤစာအုပ်မျိုးကို တွင်တွင်ကျယ်ကျယ် ထုတ်ဝေဖြန့်ချိပေးပါရန် အနယ်နယ်အရပ်ရပ်က အားပေးတိုက်တွန်းချက်ကို အကောင်အထည်ဖော်ဆောင်နိုင်ခဲ့သဖြင့် ကျေနပ်နိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီပေးခဲ့သောသူများကို ကျေးဇူးမှတ်တမ်းတင်လိုပါသည်။

**အောင်မျိုးမင်း**

ဒါရိုက်တာ၊ လူ့အခွင့်အရေး ပညာပေးဌာန(မြန်မာနိုင်ငံ)

၂၀၁၃ခုနှစ်။

# လူ့အခွင့်အရေး ဆိုသည်မှာ အဘယ်နည်း

လူ့အခွင့်အရေး ဆိုသည့်စကားလုံး၏ အဓိပ္ပာယ်ကို အားလုံးခြုံငုံဖွင့်ဆိုနိုင်ခြင်းမရှိသေးချေ။အဘယ်ကြောင့် ဆိုသော် လူ့အခွင့်အရေး ဆိုသည်မှာ လူသားတစ်ဦးချင်း တစ်ယောက် ၏ ဂုဏ်သိက္ခာရှိရှိနေလိုသည့်စိတ်အပေါ် အခြေခံသောကြောင့် ဖြစ်သည်။ ယေဘုယျအားဖြင့် လူ့အခွင့်အရေး ဆိုသည်မှာ လူသားတို့ လူ့ဂုဏ်သိက္ခာအပြည့် အဝဖြင့် အသက်ရှင်နေထိုင်ရန်အတွက် မရှိမ ဖြစ် လိုအပ်သော အခြေခံအဆင့်အတန်းများ ဖြစ်သည်ဟူ၍ အဓိပ္ပာယ် ဖွင့်ဆိုထားလျက်ရှိသည်။ လူသားမျိုးနွယ်အားလုံးအကြား ဂုဏ်သိက္ခာနှင့် တန်းတူညီမျှ ကို တန်ဖိုးထားလေးစားခြင်းသည် လူ့အခွင့်အရေး ၏ အနှစ် သာရအချက်ပင် ဖြစ်သည်။

လူသားတစ်ဦးအား လေးစားတန်ဖိုးထားရန်ဆိုသော အနှစ် သာရအချက်ကို ယဉ်ကျေးမှု တိုင်း၊လူမှု အသိုင်းအဝိုင်းတိုင်း၊ ကိုးကွယ်သည့်ဘာသာတိုင်း၊ အတွေးအခေါ်အယူအဆတိုင်းတွင် တွေ့မြင်နိုင်သည်။ လူ့အခွင့်အရေး ဟု ကျယ်ကျယ်လောင်လောင် ပြောဆိုနေသော စကားလုံး၏ အဓိကအချက်မှာ လည်း ထိုသို့ လူလူချင်းလေးစားတန်ဖိုးထားရန် တောင်းဆိုနေခြင်းပင် ဖြစ်သည်။လူ တစ်ယောက် ၏ လူ့အခွင့်အရေး ကို ချိုး ဖောက်ခြင်းဆိုသည်မှာ ထိုသူအား လူသား တစ်ယောက် အနေဖြင့် အသိအမှတ်ပြုမဆက်ဆံခြင်းပင် ဖြစ်သည်။ လူ့အခွင့်အရေး တောင်းဆိုမှု ဆိုသည်မှာ လည်းလူသားတိုင်း၏ ဂုဏ်သိက္ခာကို လေးစားကြရန် တောင်းဆိုခြင်းသာ ဖြစ်သည်။

လူ့အခွင့်အရေး ဆိုသည်မှာ ကြောက်ရွံ့ခြင်းမှ ကင်းဝေးခြင်း (Freedom from Fear) နှင့် တောင့်တခြင်းမှ ကင်းဝေးခြင်း (Freedom from Wants) ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုသူများ ရှိသည်။ကြောက်ရွံ့ခြင်းမှ ကင်းဝေးခြင်းဆိုသည်မှာ လူသား တစ်ယောက် သည် မိမိ၏ အခြေခံလွတ်လပ်ခွင့်များ ကို မည် သူတစ်ဦး တစ်ယောက် ကမှ လာရောက်စော်ကားမည် ကို မကြောက်ရွံ့ရဘဲ လုံခြုံစိတ်ချစွာ နေနိုင်သလို တောင့်တခြင်းမှကင်းဝေးခြင်းဆိုသည်မှာ မိမိ၏ အသက်ရှင်ဖွံ့ဖြိုး မှု အတွက် လိုအပ်သည့်

အခြေခံထောက်ပံ့မှု များ ကိုရရှိနိုင်သော အခြေအနေမျိုး ဖြင့် မတောင့်မတ မကြောင့် မကျဘဲ နေထိုင်နိုင်ခြင်းကို ဆိုလိုသည်ဟု အဓိပ္ပာယ်ဖွင့်နိုင်သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက 'လူ့အခွင့်အရေး ဆိုသည်မှာ လူ တစ်ယောက် ချင်း ဖြစ်စေ၊ အုပ်စုလိုက်ကို ဖြစ်စေ သူတို့၏ အခြေခံလွတ်လပ်မှု များ နှင့် လူသားဂုဏ်သိက္ခာများ ကို မထိခိုက်စေရန် ကာကွယ်ပေးထားသော လူသားအားလုံးနှင့် သက်ဆိုင်သည့် တရားရေး ဆိုင်ရာအာမခံချက်' ဟူ၍ လူ့အခွင့်အရေး ကို အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရသည်။ ထိုအဓိပ္ပာယ်အရဆိုရလျှင် လူ့အခွင့်အရေး ဆိုသည်မှာ လူတစ်ဦးချင်းခံစားခွင့်ရှိသလို တူရာလူအုပ်စုဝင်အလိုက်လည်း ခံစားခွင့်ရှိကြောင်းတွေ့ရသည်။ ထိုသို့ ခံစားခွင့်ရရှိစေရန်အတွက် သက်ဆိုင်ရာအစိုးရများ ကလည်း နိုင်ငံတကာလူ့အခွင့်အရေး စံချိန်စံညွှန်းများ အတိုင်း အာမခံချက်ထားပြီး ကာကွယ်ပေးရမည် ဆိုသည့် အစိုးရများ ၏ တာဝန်ရှိမှု ကို ညွှန်းဆိုပြသထားသည်။

လူ့အခွင့်အရေး ဆိုသော စကားလုံးအပေါ် ပညာရှင်များ ၏ အဓိပ္ပာယ်ဖွင့်ဆိုမှု မှာ ယနေ့တိုင်ပြီးပြည့်စုံခြင်းမရှိဘဲ ဆက်လက်ပေါ်ထွန်းနေလျက်ရှိသည်။ ထိုသို့ ဖြစ်ရခြင်းမှာ တဖြည်းဖြည်းနှင့် တိုးတက်ပြောင်းလဲ ဖြစ်ပေါ်နေသည့် အယူအဆများ ကြောင့် ပင် ဖြစ်သည်။ ထိုဆွေးနွေးချက်များ ကြောင့် ကျွန်ုပ်တို့၏ လက်ခံသဘောပေါက်ထားသော လူ့အခွင့်အရေး အယူအဆများ ကို မရှုပ်ထွေးစေသင့်ပါ။ ဤဆွေးနွေးချက်များ သည် လူသား ဖြစ်သော ကြောင့် ရရှိခံစားခွင့်ရှိသည့် ကျွန်ုပ်တို့၏ လူသားအခွင့်အရေး များ အကြောင်းကို ပိုမိုနားလည်သဘောပေါက်စေလာအောင် ဦးတည်သွားနေသည့် ခြေလှမ်းသစ်များ သာ ဖြစ်သင့်ပါသည်။

လူ့အခွင့်အရေး ဆိုသည်မှာ လူသား တစ်ယောက် ဖြစ်သော ကြောင့် လူတို့တွင် ရှိသော အခွင့်အရေး ဟူ၍ ရိုးရိုးလေးပင်ပြောရပေမည် ။ လူ့အခွင့်အရေး သည် လူသားအားလုံးအပေါ် ခွဲခြားခြင်းမရှိဘဲလူတိုင်းအတွက် တန်းတူညီမျှစွာ ရှိနေသည်။ အခြားမည် သူကမှ မိမိထံတွင် ရှိနေသော လူ့အခွင့်အရေး များ ကို ယူဆောင်သိမ်းပိုက်၍ မရချေ။ ထို့အပြင် မည် သည့် အခွင့်အရေး သည် အရေး အကြီးဆုံး၊မည် သည့်အခွင့်အရေး

များ ကိုတော့ အရေး မကြီးဟူ၍ လည်း သတ်မှတ်၍ မရချေ။ တစ်ခုနှင့် တစ်ခုလည်း အပြန်အလှန်ဆက်စပ်နေသည်။ လူ့အခွင့်အရေး ဟူသော ခေါင်းစဉ်အောက်တွင် လူ့အခွင့်အရေး များ သည် တစ်ခုနှင့် တစ်ခု အပြန်အလှန်အမှီပြုလျက်ရှိသည်။

လူ့အခွင့်အရေး နှင့် ပတ်သက်ပြီး မည် သို့ ပင်အမိပ္ပာယ်များ ကွဲပြားနေစေကာမူ လူ့အခွင့်အရေး များ သည်အောက်ပါ အခြေခံသဘောတရားများ ရှိနေသည်ဟု သတ်မှတ်ထားကြသည်။

လူ့အခွင့်အရေး ၏ အခြေခံအချက်များ မှာ

လူ့အခွင့်အရေး သည် လူသားအားလုံးနှင့် သက်ဆိုင်သည်။(Human Rights are universal)အသားအရောင် ၊ လူမျိုး ၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေး ၊ လူမှု ရေး ၊ အတွေ းအခေါ်၊ လိင်ကွဲပြားမှု မရွေး လူ့အခွင့်အရေး သည် လူသားအားလုံးအပေါ် တန်းတူညီမျှမှု ရှိသည်။ လူသားတို့သည် တစ်ယောက် နှင့် တစ်ယောက် တစ်နေရာရာတွင် ကွဲပြားနိုင်ကြသော် လည်း လူ ဖြစ်ခြင်းဆိုသည့်အချက်သည် အားလုံးတူညီသည့်အတွက် လူ့အခွင့်အရေး မှာ လည်း လူသားအားလုံးအတွက် ဖြစ်သည်။ လူသားအားလုံးသည် မည် သည့်အချက်ကြောင့် မှ ခွဲခြားခံရခြင်းမရှိဘဲ မွေးဖွားလာသည်မှစတင်ပြီး လွတ်လပ်၍ တန်းတူညီသော လူ့ဂုဏ်သိက္ခာနှင့် အဆင့်အတန်းရှိသည်။

လူ့အခွင့်အရေး သည် လူတိုင်းအတွက် မွေးရာပါအခွင့်အရေး ဖြစ်သည်။ (Human Rights areinherent)

လူ့အခွင့်အရေး ဆိုသည်မှာ လူသားတိုင်းအတွက် မွေးကထဲပါလာသော ဂုဏ်သိက္ခာအတိုင်းနေနိုင်ရန်လိုအပ်ချက် ဖြစ်သော ကြောင့် လူ့အခွင့်အရေး များ သည် မွေးရာပါအခွင့်အရေး များ ပင် ဖြစ်သည်။လူ့အခွင့်အရေး ကိုဝယ်ယူ၍ မရ၊ လွှဲပြောင်း၍ မရ။ လူတိုင်းသည် လူသား ဖြစ်နေသော အချက်ကြောင့် ပင် လူ့အခွင့်အရေး ကို ရယူပိုင်ဆိုင်ခွင့်ရှိသည်။

လူ့အခွင့်အရေး ကို မည် သူကမှ ယူဆောင်သိမ်းပိုက်၍ မရ။(Human Rights

are inalienable)

မွေးရာပါ ဖြစ်သည့် လူ့အခွင့်အရေး ကို မည် သူတစ်ဦး တစ်ယောက် ကမှ ယူဆောင်သိမ်းပိုက်ခွင့်မရှိချေ။ မွေးကထည်းက လူသားတိုင်းတွင် လူ့ဂုဏ်သိက္ခာနှင့် အတူ လူ့အခွင့်အရေး ပါလာပြီးသား ဖြစ်သည်။ လူ့အခွင့်အရေး မရှိဟု မည် သူမှပြောဆိုမရချေ။ မွေးရာပါလူ့အခွင့်အရေး များ ကို ခံစားခွင့်၊ကျင့်သုံးခွင့်များ ကို တစ်စုံ တစ်ယောက် က ပိတ်ပင်တားဆီးခြင်းသည် မွေးရာပါ လူ့အခွင့်အရေး အပေါ်မလေးစားခြင်းသာ ဖြစ်သည်။ လူ တစ်ယောက် ၏ မွေးရာပါအခွင့်အရေး ကို ထိုသူ၏ နိုင်ငံတော် အစိုးရနှင့် ဥပဒေများ က အသိအမှတ်မပြုသည့်တိုင်အောင် ထိုသူတွင် လူ့အခွင့်အရေး ခံစားခွင့်ရှိသည်။ထိုသို့ အသိအမှတ်မပြုခြင်းသည် ထိုသူအပေါ် လူ့အခွင့်အရေး ချိုး ဖောက်ခြင်း ဖြစ်သည်။ လူတိုင်းတွင် လူ့အခွင့်အရေး ရှိသည်။

လူ့အခွင့်အရေး များ သည် တစ်ခုနှင့် တစ်ခု အပြန်အလှန် ဆက်စပ်အမှီပြု နေသည်။ (Human Rightsare indivisible)

လူ့ဂုဏ်သိက္ခာနှင့် အညီ နေထိုင်အသက်ရှင်နိုင်ရန်အတွက် လူသားတိုင်းသည် လွတ်လပ်ခွင့်၊လုံခြုံခွင့်များ ခံစားခွင့်ရှိသလို အသက်ရှင်ခွင့်နှင့် ဖွံ့ဖြိုး တိုးတက်ခွင့်အတွက် လုံလောက်သော လူနေမှု ဘ၀များ အား လိုက်လျောညီထွေစွာ ခံစားခွင့်ရှိသည်။ လူသား တစ်ယောက် သည် မိမိယုံကြည် သည့်အချက်များ ကို လွတ်လွတ်လပ်လပ် ထုတ်ဖော်ပြောဆိုခွင့်၊ အစိုးရအပေါ်ဝေဖန်ထောက်ပြခွင့်ရှိသလို လူသား တစ်ယောက် အသက်ရှင်ဖွံ့ဖြိုး တိုးတက်ဖို့လိုအပ်သည့် စားဝတ်နေရေး အခြေအနေမျိုး လည်း ရရှိမှသာ လူ တစ်ယောက် ၏ ဖြစ်တည်မှု ပြီးပြည့်နိုင်မှာ ဖြစ်သည်။ ထို့ကြောင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လုံခြုံခွင့်များ က အရေး ကြီးသလိုလူသား တစ်ယောက် အတွက် အခြေခံဖွံ့ဖြိုး ရေး များ ရရှိရန်ကလည်း တန်းတူအရေး ကြီးပါသည်။ မည် သည့် အခွင့်အရေး ကိုမှ အခြားအခွင့်အရေး များ ထက် ပိုမိုအရေး ကြီးသည်ဟု ပြောဆို၍ မရ။ လူ့အခွင့်အရေး တစ်ခုကိုချိုး ဖောက်ခံရပါက အခြားအခွင့်အရေး များ ကိုပါ ထိခိုက်စေသည်။

အထက်တွင် ဖော်ပြထားခဲ့သလို လူ့အခွင့်အရေး နှင့် ပတ်သက်သည့် အတွေ

းအခါ အယူအဆအမျိုး မျိုး ရှိခဲ့သော်လည်း ၂၀ ရာစုနှောင်းပိုင်းကာလများ တွင် နိုင်ငံတကာက အသိအမှတ်ပြုလက်ခံလာခဲ့သော လူ့အခွင့်အရေး သဘောတရားများ တဖြည်းဖြည်းချင်း ပေါ်ထွက်လာခဲ့သည်။ကုလသမဂ္ဂပဋိညာဉ်မှအစပြု၍ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ ထိုမှတဆင့်နိုင်ငံသား၊ နိုင်ငံရေး ၊ စီးပွားရေး ၊ လူမှု ရေး နှင့် ယဉ်ကျေးမှု ဆိုင်ရာ အခွင့်အရေး များ အပြင် ဖွံ့ဖြိုး တိုးတက်ရေး ဆိုင်ရာ အခွင့်အရေး များ ကြေညာစာတမ်းများ အပါအဝင် အခြားနိုင်ငံတကာက အသိအမှတ်ပြုလက်ခံထားသော လူ့အခွင့်အရေး ကြေညာစာတမ်းများ နှင့် စာချုပ်များ ထွက်ပေါ်လာခဲ့သည်။ နောက်ပိုင်းကာလအတွင်း ကိုလိုနီနိုင်ငံဘဝမှလွတ်မြောက်ခဲ့သော နိုင်ငံများ ၏ သီးခြားလွတ်လပ်မှု ၊ ကိုယ့်မြေထောက်အပေါ်ကိုယ် အမှီအခိုကင်းကင်းရပ်တည်နိုင်မှု စသော လွတ်မြောက်ရေး အယူအဆများ ကလည်း ယနေ့ပြောဆိုနေသော လူ့အခွင့်အရေး အယူအဆများ အတွက် လမ်းကြောင်းဖော်ပေးရာ ဖြစ်ခဲ့သည်။

လူ့အခွင့်အရေး အယူအဆများ တိုးတက်လာလေလေ လူ့အခွင့်အရေး ဆိုသော အဓိပ္ပာယ် ကိုမေးခွန်းပိုမို ထုတ်လာလေလေ ဖြစ်သည်။ လူ့အခွင့်အရေး လေ့လာသူများ အကြား တွင် လည်း၎င်းအဓိပ္ပာယ်နှင့် ပတ်သက်၍ ကွဲ ကြောင်း ညီညွတ်သော သဘောကွဲလွဲချက်များ ရှိနေပါသည်။ကွဲလွဲမှု များ ရှိသလို ကွဲလွဲသူများ အကြား နှစ်ဖက်စလုံးက လက်ခံထားရသော အဓိပ္ပာယ်သတ်မှတ်ချက်များ လည်းရှိနေကြောင်းတွေ့ရပါသည်။

အောက်ပါအချက်များ သည် အားလုံးက လက်ခံထားရသော ယေဘုယျအချက်များ ဖြစ်သည်။

(၁) လူ့အခွင့်အရေး သည် နိုင်ငံ၏ အာဏာကို ကန့်သတ်ထားသည်။ လူ့အခွင့်အရေး အယူအဆနှင့် ပတ်သက်၍ မည် သို့ကွဲပြားနေပါစေ၊ မည် သို့ ပင်လက်ခံထားပါစေ လူ့အခွင့်အရေး ဆိုသည်မှာ လူတစ်ဦး တစ်ယောက် ချင်း သို့ မဟုတ် အုပ်စုလိုက်မှ နေ၍ အခွင့်အာဏာများ ၊အသိအမြင်ကြွယ်ဝမှု များ နှင့် လူမှု အသိုင်းအဝိုင်းများ ၏ တန်ဖိုးများ ကို ပုံဖော်ပေးရန် တောင်းဆိုခြင်းအား ကိုယ်စားပြုသည်။

(၂) လူ့အခွင့်အရေး သည် တရားဥပဒေပိုင်းဆိုင်ရာနှင့် အကျင့်စရိတ္တဆိုင်ရာအချက် နှစ် မျိုး စလုံးဖြင့် အကြုံး ဝင်လျက်ရှိပြီး တစ်ခါတလေတွင် ခွဲခြား၍ ပင်မရနိုင်ပါ။ လူ့အခွင့်အရေး ဆိုသည်မှာ ဥပဒေအရခံစားခွင့်ရှိသလို ကျင့်ဝတ်အရ လုပ်ဆောင် သင့်သည်ဟူသော အချက်နှစ် ချက်စလုံးနှင့် သက်ဆိုင်သည်။

(၃) လူ့အခွင့်အရေး အချို့ သည် လူတစ်ဦး တစ်ယောက် ချင်းဆိုင်ရာ အခွင့်အရေး များ (JndividualRights) ဖြစ်သလို တချို့ မှာ လည်း အုပ်စုလိုက်နှင့် သက်ဆိုင်သော အခွင့်အရေး များ (Group Rights) ရှိသည်။ ထို့အပြင် အချို့ မှာ လူတစ်ဦးချင်းနှင့် ရော၊ အုပ်စုလိုက်နှင့် ပါသက်ဆိုင်သော အခွင့်အရေး များ ဖြစ်ကြသည်။ ဥပမာ လွတ်လပ်စွာ ကိုးကွယ် ယုံကြည်ခွင့်သည်လူတစ်ဦး တစ်ယောက် ချင်း ကျင့်သုံးနိုင်သော အခွင့်အရေး ဖြစ်သလို အခြားလူအုပ်စုအလိုက်ကျင့်သုံးနိုင်သော အခွင့်အရေး မျိုး ဖြစ်သည်။

(၄) အချို့ အခွင့်အရေး များ ကို ဥပဒေအရ အကာအကွယ်ပေးထားသည့်အတွက် ထိုအခွင့်အရေး မျိုး ကို တရားရေး ဆိုင်ရာ အခွင့်အရေး (Legal Rights) ဟုခေါ်လေ့ရှိသည်။ ထိုအခွင့်အရေး များ ကိုနိုင်ငံတော် ၏ တရားဥပဒေများ ထဲတွင် ခံစားခွင့်ရှိကြောင်း ထည့်သွင်းပြဋ္ဌာန်းထားသည့်အတွက်ထိုဥပဒေများ ကို တရားရေး ဆိုင်ရာဥပဒေဟု သတ်မှတ်လေ့ရှိသည်။ ခိုင်လုံသော အကြောင်းအချက်မရှိမချင်း အပြစ်မရှိဟု ဥပဒေက ဖွင့်ဆိုထားချက်များ ၊ သက်သေ၊ အာမခံရရှိခွင့်များ သည်တရားဥပဒေဆိုင်ရာ အခွင့်အရေး များ ဖြစ်သည်။

(၅) လူ့အခွင့်အရေး များ ၏ သဘောသဘာဝ ကိုမူတည်၍ တစ်ချို့ ကို ချက်ချင်း လက်ငင်းအကောင်အထည်ဖော် ဆောင်ရွက်၍ ရသော်လည်း တစ်ချို့ ကိုဆောင်ရွက်ရာတွင် အစီအစဉ်ဖြင့် ဆောင်ရွက်ရသည်။ လူ တစ်ယောက် ၏ လွတ်လပ်စွာ ပြောဆိုခွင့်ကို ချက်ခြင်းခွင့်ပြု၍ ရသော်လည်း ပညာသင်ခွင့်အတွက် လိုအပ်သော ကျောင်းများ ၊ ဆရာများ ကို ချက်ချင်း လက်ငင်းအကောင်အထည်ဖော်နိုင်ရန်မလွယ်ကူချေ။

(၆) အချို့သော အခွင့်အရေး များ ကို ဒီမိုကရေစီလူ့ဘောင်အဖွဲ့ အစည်းအကျိုး နှင့် လူထုအကျိုး စီးပွားအတွက် ဖြစ်စေ၊ စိတ်ဓာတ်စာရိတ္တပိုင်းဆိုင်ရာအတွက် ဖြစ်စေ

လိုအပ်ပါက ဥပဒေအရကန့်သတ်နိုင်သည်။ ဥပမာ- လွတ်လပ်စွာ သွားလာခွင့်ဆိုသော အခွင့်အရေး ကို ထိုသို့သွားလာမှု ကြောင့် အများ ပြည်သူအတွက် မလိုလားအပ်သော အကျိုး များ ဖြစ်စေနိုင်သည်ဆိုပါက ဥပဒေအရ ကန့်သတ်နိုင်သည်။

(ဂ) သို့ သော် အောက်ပါအခွင့်အရေး များ ကို မည် သည့်အခြေအနေ၊ မည် သည့်အကြောင်းမျိုး ကြောင့် မှ ကန့်သတ်ခြင်းမရှိစေရဟူ၍ သတ်မှတ်ထားသည်။ ထိုအခွင့်အရေး များ မှာ - အသက်ရှင်ခွင့်၊ နှိပ်စက်ညှဉ်းပမ်းမှု မှ ကင်းလွတ်ခွင့်၊ ကျွန်ပြုခြင်းမှ ကင်းလွတ်ခွင့်၊ အကြွေးကြောင့် ချုပ်နှောင်ထားခြင်းမှကင်းလွတ်ခွင့်၊ ပြစ်မှု တစ်ခုအပေါ် နှစ်ခါပြန်စီရင်ခြင်းမှ ကင်းလွတ်ခွင့်၊ဥပဒေရှေ့မှော က်တွင် လူသားတစ်ဦးအ ဖြစ် ဆက်ဆံခံပိုင်ခွင့်၊ လွတ်လပ်စွာ တွေ းခေါ်ယုံကြည်ကိုးကွယ်ခွင့်တို့ ဖြစ်သည်။

လူ့အခွင့်အရေး အမျိုး အစားများ

လူ့အခွင့်အရေး အမျိုး အစားများ ကို အခွင့်အရေး ၏ သဘောသဘာဝ ပုံစံအလိုက်ခွဲခြား နိုင်သလိုရရှိခံစားခွင့်ရှိသော သူအလိုက်လည်း အုပ်စုသတ်မှတ်ခွဲခြားနိုင်သည်။

သဘောသဘာဝ အလိုက် လူ့အခွင့်အရေး အမျိုးအစားများ

လူ့အခွင့်အရေး ကို သဘောသဘာဝ အလိုက်ခွဲခြားမည် ဆိုက (၃)မျိုးခွဲနိုင်သည်။ ထိုအမျိုး အစားများ မှာ နိုင်ငံသား အခွင့် အရေး (Civil Rights)၊ နိုင်ငံရေး အခွင့်အရေး (Political Rights)၊ စီးပွားရေး ၊လူမှု ရေး နှင့် ယဉ်ကျေးမှု ဆိုင်ရာ အခွင့်အရေး (Economic, Social and Cultural Rights) တို့ ဖြစ်သည်။

နိုင်ငံသားအခွင့်အရေး (Civil Rights)

လူသားတစ်ဦးစီ၏ လွတ်လပ်ခွင့်၊ လုံခြုံခွင့်များ နှင့် တရားဥပဒေစီရင်ရာတွင် အစိုးရက ဝင်ရောက်စွက်ဖက် ခြင်းမပြုနိုင်အောင် ကာကွယ်ပေးထားသည့်အခွင့်အရေး များ ကို ဆိုလိုသည်။ လူသားတိုင်း၏ မွေးရာပါ ဖြစ်သည့် လွတ်လပ်ခွင့်၊ လုံခြုံခွင့်များ နှင့် တရားဥပဒေအကူအညီကိုရယူရာတွင် အစိုးရကစိတ်ထင်တိုင်း ကန့်သတ်၊ တားမြစ်၊

ပိတ်ပင်ခြင်းများ မလုပ်ရန် အစိုးရကို တားမြစ်ထားသည့်အခွင့်အရေး များ ဟုဆိုသည်။ မွေးရာပါအခြေခံအခွင့်အရေး များ ဖြစ်သည့် လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ထုတ်ဖော်ပြောဆိုခွင့်၊ သတင်းများ ရရှိခွင့်၊ သွားလာခွင့်၊ ပုဂ္ဂလိကလွတ်လပ်ခွင့်များ သည် နိုင်ငံသားအခွင့်အရေး များ ဖြစ်သလို မတရားဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် ကျွန်ပြုခြင်းမရှိစေရဆိုသည့် ကာကွယ်ပေးမှု များ မှာ လည်း နိုင်ငံရေး အခွင့်အရေး များ ပင် ဖြစ်သည်။

နိုင်ငံရေး အခွင့်အရေး များ (Political Rights)

အစိုးရ၏ လုပ်ငန်းကိစ္စရပ်များ တွင် လူသားတစ်ဦးချင်းစီက ပါဝင်ပတ်သက်နိုင်အောင် ခွင့်ပြုထားသော အခွင့် အရေး များ ကို နိုင်ငံရေး အခွင့်အရေး များ ဟုဆိုသည်။ ထိုအခွင့်အရေး များ ကို ဥပမာပေးရလျှင်အစိုးရတွင် တိုက်ရိုက် သို့မဟုတ် ကိုယ်စားလှယ်ကို မဲပေးရွေးချယ်တင်မြှောက်ပြီး ခန့်အပ်ခြင်း၊အစိုးရ၏ အားနည်းချက်နှင့် လိုအပ်ချက်များ ကို ထုတ်ဖော်တင်ပြပြောဆိုခြင်း၊ အစိုးရမလုပ်ဆောင်နိုင်သည့်အခန်းကဏ္ဍများ တွင် လူထုအခြေပြုအဖွဲ့အစည်းများ က လုပ်ဆောင်ခြင်း၊ အစိုးရကထိုသို့ လုပ်ဆောင်နိုင်ရန် ခွင့်ပြုခြင်းများ ကို ဆိုလိုသည်။

နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး များ သည် လူတစ်ဦး တစ်ယောက် ချင်း သဘောကိုဆောင်သည်။လူတစ်ဦးချင်းဘဝပေါ်တွင် နိုင်ငံတော် ၏ ထိန်းချုပ်မှု နည်းနိုင်သမျှနည်းစေရေး ဟူသည့် အနောက်နိုင်ငံ လစ်ဘရာယ်ဝါဒ စရိုက်လက္ခဏာများ နှင့် ထပ်တူကျသည်ကိုတွေ့ရသည်။ နိုင်ငံရေး နှင့် နိုင်ငံသားအခွင့်အရေး ဆိုင်ရာ စာချုပ်သည် ချက်ချင်း လက်ငင်း အရေး ယူအကောင်အထည်ဖော်ဆောင်ရွက်ရသည့်ဘဲဘောများ ရှိသည်။ နိုင်ငံရေး နှင့် နိုင်ငံသားအခွင့်အရေး ဆိုင်ရာစာချုပ်တွင် လူသားများ ၏ အသက်ရှင်နှင့် လုံခြုံမှု များ ကို စာချုပ်အဖွဲ့ဝင်နိုင်ငံများ က လေးစားပြီး ထိုအခွင့်အရေး များ ကိုကာကွယ်ပေးရမည် ဟု ရေး သားထားသည်။

စီးပွားရေး ၊ လူမှု ရေး နှင့် ယဉ်ကျေးမှု ဆိုင်ရာအခွင့်အရေး များ (Economic Social and CulturalRights)

ပြည်သူတို့၏ အရည်အသွေးစွမ်းပကားတွေ ကို အစွမ်းကုန်ဖော်ထုတ်အသုံးချနိုင်ရန်နှင့် ပြည်သူတို့၏ လူနေမှု ဘ၀များ အဆင့်ဆင့်တိုးတက်ကောင်းမွန်လာစေရန်အတွက် လိုအပ်သည့်အရာများ ကိုအဆင့်ဆင့် ဖြည့်ဆည်းပေးရသည့်အခွင့်အရေး များ ကို ဆိုလိုသည်။ လူသားတို့၏ အသိဉာဏ်မြင့်မားရေး ၊ ဘ၀တိုးတက်ရေး ၊ ဘ၀လုံခြုံရေး အတွက် မရှိမ ဖြစ်လိုအပ်သည့် ပညာရေး ၊ ကျန်းမာရေး များ ကို ထောက်ပံ့ခြင်း၊ လူမှု အဆင့်အတန်းမြင့်မားပြီး ၀င်ငွေလုံလောက်နိုင်မည့် အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ ၀င်ငွေဖူလုံအောင် လုပ်ဆောင်ပေးခြင်း၊ အခြေအနေတစ်ခုခုကြောင့် အကူအညီများ လိုအပ်ချိန်တွင် လိုအပ်သလို လူမှု ဖူလုံရေး အထောက်အပံ့များ ကူညီပေးခြင်း၊ ပြည်သူလူထုအတွက် ပညာရေး အိုးအိမ်၊ လူမှု ဖူလုံရေး နှင့် ကျန်းမာရေး အကူအညီတို့ကို ထောက်ပံ့ပေးရခြင်းသည် စီးပွားရေး ၊ လူမှု ရေး နှင့် ယဥ်ကျေးမှု အခွင့်အရေး ဆိုင်ရာ စာချုပ်နှင့် ကိုက်ညီသည်ဟုဆိုကာဖွံ့ဖြိုး ဆဲနိုင်ငံအချို့ နှင့် ယခင် ဆိုရှယ်လစ်အုပ်စုနိုင်ငံများ က စီးပွားရေး ၊ လူမှု ရေး နှင့် ယဥ်ကျေးမှု အခွင့်အရေး ဆိုင်ရာအခွင့်အရေး များ ကို ပိုမိုထောက်ခံကြိုဆိုခဲ့သည်။

စီးပွားရေး ၊ လူမှု ရေး နှင့် ယဥ်ကျေးမှု အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်တွင် မိမိနိုင်ငံတွင် တည်ရှိသော ဓနရင်းမြစ်များ ကို အတတ်နိုင်ဆုံး အသုံးချ၍ စာချုပ်ပါအချက်များ တိုးတက်ကောင်းမွန်လာအောင် ကြိုး ပမ်းလုပ်ဆောင်ရမည် ဟု ဆိုသည်။ စီးပွားရေး ၊ လူမှု ရေး နှင့် ယဥ်ကျေးမှု အခွင့်အရေး ဆိုင်ရာအခွင့်အရေး များ အတွက် သက်ဆိုင်ရာအစိုးရသည် မိမိနိုင်ငံရှိ ဓနရင်းမြစ်များ ကိုအတတ်နိုင်ဆုံးနည်းလမ်းဖြင့် အသုံးပြု၍ တဖြည်းဖြည်းချင်း အကောင်အထည်ဖော်လုပ်ဆောင်ရသည့် သဘောရှိသည်။ ထို့ကြောင့် ထိုအခွင့်အရေး များ သည် မိမိနိုင်ငံအတွင်း ရှိ ပြည်သူများ အနေဖြင့် စီးပွားရေး ၊ လူမှု ရေး နှင့် ယဥ်ကျေးမှု အခွင့်အရေး ဆိုင်ရာ အခွင့်အရေး များ ကို တိုးတက်ခံစားရရှိနိုင်အောင် စီမံကိန်းများ ၊ အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည့် အစိုးရ၏ တာ၀န်၀တ္တရားများ ကိုဖော်ပြထားခြင်း ဖြစ်သည်။

ရရှိခံစားသူအလိုက် လူ့အခွင့်အရေး အမျိုး အစားများ

အထက်တွင် ဖော်ပြထားသလို လူ့အခွင့်အရေး များ ကို သဘောသဘာဝ အလိုက်ခွဲခြားနိုင်သလိုရရှိခံစားသူများ အလိုက်လည်း တစ်ဦးချင်းအခွင့်အရေး (Individual Rights) နှင့် အုပ်စုလိုက်အခွင့်အရေး (Group Rights) ဟူ၍ အမျိုး အစားနှစ် မျိုး ခွဲခြားနိုင်ပါသေးသည်။

လူသားတိုင်း ခွဲခြားခြင်းမရှိဘဲ မွေးရာပါလူ့ဂုဏ်သိက္ခာနှင့် အညီ လူ့အခွင့်အရေး များ ကို ပြည့်ပြည့်ဝဝခံစားနိုင်ကြောင်း ဆိုခဲ့ပြီး ဖြစ်သည်။ လူသားတိုင်းသည် လူသား ဖြစ်ခြင်းကြောင့် နိုင်ငံတကာကအသိအမှတ်ပြုထားသည့် အခွင့်အရေး များ ကို တစ်ဦးချင်းအနေဖြင့် ခံစားနိုင်ခွင့်ရှိခြင်းသည် တစ်ဦးချင်းအခွင့်အရေး (Individual Rights) ဖြစ်သည်။ ထို အခွင့်အရေး များ ကို အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်း၊ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်နှင့် စီးပွားရေး ၊ လူမှု ရေး နှင့် ယဥ်ကျေးမှု အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်များ ထဲတွင် တိတိကျကျဖော်ပြထားသည်။ ထိုအခွင့်အရေး များ ကိုလူတစ်ဦးစီခံစားရရှိပိုင်ခွင့်ရှိသည်ဟု ဆိုထားသည်။ထိုသို့ ဆိုထားသော်လည်း တစ်ချို့ လူများ သည် အုပ်စုတစ်စုစုဝင်များ ဖြစ်သော ကြောင့် တခြားသူများ ရရှိခံစားနေရသော တစ်ချို့အခွင့်အရေး များ ကို ရရှိခံစားခြင်းမရှိသေးသည်ကို တွေ့ရသည်။လူသားပင် ဖြစ်သော်လည်း လူမျိုး ၊ ဘာသာ၊ ယဥ်ကျေးမှု ၊ လိင်၊ လိင်စိတ်သဘောထား၊ လူမှု နှင့် တရားဝင်မှု ဆိုင်ရာအဆင့်အတန်းများ ကြောင့် တခြားသူများ ထက် အခွင့်အရေး များ ကိုခံစားခွင့်မကြုံရတတ်ပေ။ ထို့ပြင် အုပ်စုတစ်စုစုဝင် ဖြစ်သော ကြောင့် တခြားသူများ ၏ အထင်သေးမုန်းတီးခြင်း၊ ခွဲခြားဖိနှိပ်ခြင်း၊ အကြမ်းဖက်စော်ကားခြင်းများ ကို ရင်ဆိုင်ခံစားရတတ်ကြပြန်သည်။ထိုသို့ အခြေအနေမျိုး ကြောင့် အုပ်စုတစ်စုဝင်များ ကို တခြားလူသားများ နှင့် တန်းတူ အခွင့်အရေး များ ရရှိအောင်၊ ခွဲခြားဖိနှိပ်ခြင်းများ မရှိရန် ကာကွယ်ပေးနိုင်အောင် လုပ်ဆောင်ဖို့လိုအပ်လာသည်။ထိုသို့ လိုအပ်ချက်များ ကြောင့် ပင် အုပ်စုလိုက်အခွင့်အရေး များ (Collective/group rights)များ သတ်မှတ်ပေါ်ပေါက်လာခြင်းပင် ဖြစ်သည်။ ဥပမာ- အမျိုး သမီး ဖြစ်သော ကြောင့် တစ်ဦးချင်းအခွင့်အရေး များ ဖြစ်သည့် ပညာသင်ကြားခွင့်နှင့် အစိုးရတွင် ပါဝင်ခွင့်များ တွင်

ခွဲခြားခံရခြင်း၊ တခြားသူများ ထက် လိင်ပိုင်းအကြမ်းဖက်စော်ကားမှု များ ခံရခြင်းတို့ကြောင့် အမျိုး သမီးအခွင့်အရေး ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ထို့ပြင် တခြားနိုင်ငံတွင် သွားရောက် အလုပ်လုပ်ကိုင်ရသော ရွှေ့ပြောင်းအလုပ်သမားများ သည် ဌာနေအလုပ်သမားများ ထက် အကျိုး ခံစားခွင့်များ လျော့နည်းခြင်းနှင့် အနားယူခွင့်များ ဆုံးရှုံးခြင်းများ ခံစားရသော ကြောင့် ရွှေ့ပြောင်းအလုပ်သမားများ အပေါ် ကာကွယ်ပေးသည့် အခွင့်အရေး ပေါ်လာသည်ကို လေ့လာနိုင်သည်။ အလားတူစွာ ပင် လူမျိုး အလိုက်၊ယဉ်ကျေးမှု အလိုက်၊ ဘာသာစကားအလိုက်၊ အသားအရောင် အလိုက် လူနည်းစု ဖြစ်ခြင်းကြောင့် ခွဲခြားသတ်မှတ်ခံရမှု များ ရှိသလို လူနေမှု အဆင့်အတန်း၊ တရားဝင်မ ဖြစ်မှု အပေါ်မူတည်၍ ပစ်မှတ်ထား အမြတ်ထုတ်ခံရသည့်သူများ လည်း ရှိကြသည်။ ထို့ပြင် ကိုယ်ခန္ဓာသန်စွမ်းမှု ၊ လိင်စိတ်ကွဲပြားမှု နှင့် ကျန်းမာရေး အခြေအနေကြောင့် တခြားသူနှင့် တန်းတူအခွင့်အရေး မရရှိသူများ ၊ ခွဲခြားစော်ကားအကြမ်းဖက်ခံရသူများ လည်း ရှိနေသေးလျက်ရှိသည်။

အုပ်စုလိုက်အခွင့်အရေး များ ကို အထူးအခွင့်အရေး များ ဟု ဆိုလို၍ မရပေ။ အုပ်စုလိုက် အခွင့်အရေး များ သည် အထူးကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်သော အုပ်စုများ အတွက် ပေါ်ပေါက်လာခြင်း ဖြစ်သည်။ အုပ်စုတစ်စု၏ အဖွဲ့ဝင် ဖြစ်သော ကြောင့် အမြတ်ထုတ်ခေါင်းပုံဖြတ်မှု ကို ပိုမိုခံစားရသော အုပ်စုဝင်များ ၏ အခွင့်အရေး ကို ကာကွယ်ပေးခြင်းသည်လည်း အုပ်စုလိုက် အခွင့်အရေး တောင်းဆိုခြင်းပင် ဖြစ်သည်။

လူ့အခွင့်အရေး များ နှင့် အစိုးရ၏ တာဝန်များ

လူ့အခွင့်အရေး များ ကို လေးစားရန်မှာ လူသားတိုင်း၏ တာဝန် ဖြစ်သည်။ သို့သော် နိုင်ငံရှိလူ့အခွင့်အရေး စာချုပ်စာတမ်းများ ကို လိုက်နာပါမည် ဟူ၍ လက်မှတ်ရေး ထိုးသူများ သည် အစိုးရများ ပင် ဖြစ်သော ကြောင့် မိမိနိုင်ငံတွင် းရှိ လူသားတိုင်း၏ လူ့အခွင့်အရေး များ ကို လေးစားကာကွယ်မြှင့်တင်ပေးရမည့် တာဝန်မှာ အစိုးရတွင် အရှိဆုံး ဖြစ်သည်။

အစိုးရတစ်ခုအနေဖြင့် လူ့အခွင့်အရေး များ လေးစားမှု ရှိမရှိကို လူ့အခွင့်အရေး လေးစားခြင်း (Respect)၊ကာကွယ်ပေးခြင်း (Protect) နှင့် ဖြည့်ဆည်းပေးခြင်း (Fulfill)

တို့ဖြင့် တိုင်းတာလေ့ရှိသည်။

လူ့အခွင့်အရေး ကို လေးစားခြင်း (Respect) ဆိုသည်မှာ မိမိနိုင်ငံအတွင် းရှိ လူတိုင်းတွင် ရှိနေပြီး ဖြစ်သော နိုင်ငံတကာလူ့အခွင့်အရေး စံချိန်စံညွှန်းများ ထဲတွင် အသိအမှတ်ပြုထားသည့် လူ့အခွင့်အရေး များ ကို ထိပါးနှောက်ယှက်ခြင်းမပြုခြင်း သို့ မဟုတ် ထိုအခွင့်အရေး အတိုင်း လုပ်ဆောင်မှု ကခွင့်ပြုခြင်း ဖြစ်သည်။ ဥပမာ - မည် သူတစ်ဦး တစ်ယောက် ကို အစိုးရက မတရားဖမ်းဆီးခြင်း၊လုပ်အားစေခိုင်းခြင်းများ ကျူး လွန်ခြင်းမရှိခြင်းကို ဥပမာပြနိုင်သည်။ ထို့မှုမက နိုင်ငံတကာကလူ့အခွင့်အရေး တစ်ရပ်ဟု သတ်မှတ်ထားသည့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှု ၊ ငြိမ်းချမ်းသော အဖွဲ့အစည်း ဖွဲ့စည်းခြင်းများ ၊ ငြိမ်းချမ်းစွာ စုဝေးခြင်းများ ကို အစိုးရက ပိတ်ပင်ခြင်း၊ နှောက်ယှက်ခြင်းမရှိဘဲ ခွင့်ပြုခြင်းမျိုး ဖြစ်သည်။

ကာကွယ်ပေးခြင်း (protect) ဆိုသည်မှာ မိမိနိုင်ငံအတွင် းရှိ လူသားတိုင်း အခွင့်အရေး အားလုံးကိုတန်းတူခံစားခွင့် ရှိလာအောင်နှင့် အစိုးရအပါအဝင် မည် သူကမှ ထိုအခွင့်အရေး များ အပေါ် ချိုး ဖောက်မှု များ မရှိအောင် လိုအပ်သလို ကာကွယ်ပေးခြင်းကို ဆိုလိုသည်။ မိမိနိုင်ငံအတွင် းရှိခွဲခြားမှု ကို ရင်ဆိုင်ကြုံတွေ့ နေရသော အုပ်စုများ ကို ခွဲခြားမှု မခံရအောင် အထူးဥပဒေများ ပြဌာန်းထားပေးခြင်းဖြင့် ထိုအုပ်စုများ အပေါ်အခြားသူများ က အကြမ်းဖက်အနိုင်ကျင့်ခြင်းမရှိအောင် ကာကွယ်ပေးခြင်းတို့ ဖြစ်သည်။ ဥပမာ- အမျိုး သမီးအပေါ် အိမ်တွင် းအကြမ်းဖက်မှု ကို အရေး ယူသည့်ပြည်တွင် းဥပဒေပြဌာန်းထားခြင်း၊ ကလေးသူငယ်များ အပေါ် လူကုန်ကူးသူများ အား အပြစ်ပေးအရေး ယူခြင်းမျိုး ဖြစ်သည်။ နောက်ထပ်ဥပမာတစ်ခုထပ်ပေးရလျှင် အစိုးရက ငြိမ်းချမ်းစွာ စီတန်းလှည့်လည်မှု ကိုခွင့်ပြုပြီး လေးစားခြင်းတာဝန်ကိုကျေပြွန်ယုံသာမက ထိုသို့ ငြိမ်းချမ်းစွာ စုဝေးသူများ ကိုအခြား သူများ က အကြမ်းဖက်စော်ကားခြင်းများ မပြုရအောင် လိုအပ်သလို ကာကွယ်တားဆီးပေးခြင်းသည် အစိုးရ၏ ကာကွယ်ပေးခြင်းကဏ္ဍ ဖြစ်သည်။

လူ့အခွင့်အရေး ဖြည့်ဆည်းပေးခြင်းဆိုသည်မှာ (fulfill) အစိုးရကမိမိနိုင်ငံအတွင် းရှိ လူသားများ အနေဖြင့် အသက်ရှင်ရေး နှင့် ဖွံ့ဖြိုး ရေး အတွက်

လူ့ဂုဏ်သိက္ခာရှိရှိ နေနိုင်ရန်အတွက် လိုအပ်သော အရာများ ကိုဖြည့်ဆည်းပေးခြင်း ဖြစ်သည်။ ဥပမာ - စားဝတ်နေရေး လုံလောက်စေရန်ဖန်တီးပေးခြင်း၊ ပညာရေး နှင့် ကျန်းမာရေး အထောက်အပံ့များ ပံ့ပိုးကူညီပေးခြင်း စသည်တို့ကိုဆိုလိုသည်။

•••

# လူ့အခွင့်အရေး သမိုင်းကြောင်း

လူ့အခွင့်အရေး ဟူသော စကားလုံးကို ဒုတိယကမ္ဘာစစ်နောက်ပိုင်းမှစ၍ တွင်တွင် ကျယ်ကျယ်ပြောဆိုသုံးစွဲလာ ခဲ့ကြသော် လည်း ထိုလူ့အခွင့်အရေး နှင့် ဆိုင်သော အယူအဆသဘောတရားတို့ကိုရှေးနှစ် ပေါင်းများ စွာ ကပင် လူသားတို့က အသွင်အမျိုး မျိုးဖြင့် ဆွေးနွေးကျင့်သုံးလာခဲ့ကြသည်ကိုတွေ့ရသည်။ လူ့အခွင့်အရေး ဟူ၍ အမည် တပ်ခေါ်ဝေါ်သုံးစွဲခြင်း မရှိခဲ့သော် လည်း ထိုအယူအဆနှင့် ဆင်တူသော အယူအဆများ ကို လူသားတို့၏ ယဉ်ကျေးမှု ပေါင်းစုံ၊ ထုံးတမ်း ဓလေ့မျိုး စုံတို့ထဲတွင် တွေ့နိုင်သည်။

လူ့အခွင့်အရေး (Human Rights) ဆိုသည့် အသုံးအနှုန်းဝေါဟာရကို ဒုတိယကမ္ဘာစစ်နောက်ပိုင်းမှသာလျှင် အသုံးပြုလာခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် လူ့သမိုင်းခေတ် တခေတ်စီတိုင်းတွင် လူ့အခွင့်အရေး ဆိုသော စကားလုံးကို တိတိကျကျအသုံးမပြုခဲ့သော် လည်း ထိုစကားလုံး၏ အနက်အဓိပ္ပာယ်နှင့် တူသည့် ဝေါဟာရများ အားလုံးကို အသုံးပြုခဲ့ကြသည်ကို လေ့လာတွေ့ရှိနိုင်သည်။လူ့အခွင့်အရေး ဆိုသည့် အယူအဆကိုလဲ ဘာသာတရားအမျိုး မျိုး ၏ သွန်သင်ဆုံးမချက်များ ၊ဒဿနိကအတွေးအခေါ်အမျိုး မျိုး ၏ အယူအဆများ ထဲတွင် တွေ့ရှိနိုင်သည်။

လူ့အခွင့်အရေး သည် လူ့ယဉ်ကျေးမှု စတင်ထွန်းကားခဲ့သည့် အစဦးကတည်းကပင် စတင်ခဲ့ခြင်း ဖြစ်သည်။ ရှေးပဝေသဏီကတည်းကပင် လူ့အခွင့်အရေး ကို လေးစားလိုက်နာရန် ဘာသာတရားအသီးသီးက သွန်သင်လှုံ့ဆော်ခဲ့သည်ဟု ဆိုသည်။ မည် သည့်ဘာသာတရားကို လေ့လာလေ့လာလူသားတစ်ဦးနှင့် တစ်ဦး လူသားချင်း စာနာထောက်ထားစွာ ဆက်ဆံရန်သွန်သင်ဆုံးမထားသည်။လူသားသည် အမြင့်မြတ်ဆုံး ဖြစ်သည့်အတွက် လူသားတို့၏ တန်ဖိုး၊ ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားသင့်ကြောင်း ဘာသာတရားအသီးသီးက ဆုံးမထားသည်။ လူသားအားလုံးသည် ဘုရားသခင်က ဖန်ဆင်းထားသော ညီအစ်ကိုမောင်နှမများ ဖြစ်သည်ဆိုသော အယူအဆ သို့ မဟုတ်ဖြဟ္မာကြီးလေးပါးက ဖန်ဆင်းထားခဲ့သည်ဆိုသော အဆိုအမိန့်များ သည်

လူသားအချင်းချင်းတန်းတူညီမျှမှု ရှိသည်ဟု ဘာသာရေး အရ လက်ခံထားချက်များ ပင် ဖြစ်သည်။ ဟိန္ဒူဝေဒကျမ်းစာများ ၊ ဗုဒ္ဓဘာသာဟောကြားချက်များ ၊ ခရစ်ယာန်သမ္မာကျမ်းစာ၊ အစ္စလာမ်ကိုရမ်ကျမ်းစာနှင့် ကွန်ဖြူး ရှပ် အဆိုအမိန့်တို့တွင် လူသားတို့၏ တာဝန်နှင့် ကျင့်သုံးရမည့် ကျင့်ဝတ်များ ကို ဆွေးနွေးတင်ပြခဲ့သည်ကို တွေ့ရသည်။ လူ့အခွင့်အရေး ဆိုသည့်စကားလုံးကို ထိုဘာသာတရားများ ထဲတွင် တိတိကျကျတွေ့ရ မည် မဟုတ်သော လည်း လူကိုလူလိုသဘောထားလေးစားရန်၊ ငြိမ်းချမ်းရေး အတွက် လုပ်ဆောင်ရန်၊ တခြားသူများ အပေါ် စော်ကားနှိပ်စက်ခြင်းမပြုရန်၊ အားနည်းသူများ ကိုကူညီစောင့်ရှောက်ရန်ဆိုသည့် လူ့အခွင့်အရေး နှင့် သဘောတရားတူသည့် သွန်သင်ဆုံးမချက်များ ကိုဘာသာတရားတိုင်းတွင် ဆုံးမဟောကြားထားသည်ကို တွေ့နိုင်မည် ဖြစ်သည်။

ကွဲပြားသော ဘာသာတရား အသီးသီးတိုင်းတွင် ထိုကဲ့သို့ သော တူညီသည့် သဘောတရားမျိုး ရှိနေခြင်းကြောင့် 'လူ့ အခွင့်အရေး ဆိုသည်မှာ လူသားတိုင်းအတွက် ဖြစ်သည်' ဟူသော လူ့အခွင့်အရေး အခြေခံအချက်သည် ဘာသာတရားတိုင်းတွင် မူလအစကတည်းက အမြစ်တွယ် ကိန်းအောင်းနေသည်ဟု ဆိုနိုင်သည်။

လူ့အခွင့်အရေး ဆိုင်ရာ အယူအဆများ သည် ဥရောပတိုက်တွင် ရှေးရာစုနှစ်ပေါင်းများ စွာ ကတည်းရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ အင်္ဂလန်နိုင်ငံ ဂျွန်ဘုရင်လက်ထက်က ပေါ်ပေါက်ခဲ့သော မဂ္ဂနာကာတာ (Magna Carta) တွင် နောင်ကာလများ အတွင်း လူ့အခွင့်အရေး ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုလာခဲ့သော သဘောတရားများ ပါဝင်နေသည်ကို တွေ့ရသည်။ ထိုမဂ္ဂနာကာတာကို လူ့အခွင့်အရေး သမိုင်းကြောင်း၏ အစောပိုင်းဥပဒေဆိုင်ရာဖွံ့ဖြိုး မှု ပင် ဆိုနိုင်သည်။ အဘယ်ကြောင့် ဆိုသော် ဘုန်းတော်ကြီးကျောင်းများ က အစိုးရလုပ်ငန်းများ တွင် ဝင်ရောက်စွက်ဖက်ခြင်းမှကင်းလွတ်ခွင့်၊ တရားဥပဒေရှေ့မှော က်တွင် တန်းတူညီမျှခွင့်ဆိုသည့် လူ့အခွင့်အရေး ဆိုင်ရာသဘောတရားများ ကို မဂ္ဂနာကာတာစာချုပ်တွင် စတင်တွေ့နိုင်သော ကြောင့် ဖြစ်သည်။ မဂ္ဂနာကာတာဆိုသည်မှာ မှူး မတ်များ က

ဘုန်းတော်ကြီးများ ၏ အခွန်ကောက်ခံမှု အပေါ်မကျေနပ်သည့်အတွက် အင်္ဂလန်ဂျွန်ဘုရင်ကို တော်လှန်၍ ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ ထိုစာချုပ်ထဲတွင် လူ့အခွင့်အရေး ဆိုသည့် စကားလုံးတိတိကျကျမပါသော်လည်း လွတ်လပ်သူများ ကို မဖမ်းဆီးရန်၊ မချုပ်နှောင်ရန်၊ ပိုင်ဆိုင်မှု များ ကို မသိမ်းပိုက်ရန်၊ ဥပဒေအရမဟုတ်သည့် အနိုင်ကျင့်စော်ကားမှု များ မလုပ်ရန်ပြဋ္ဌာန်းထားသည်။ အင်္ဂလန်နိုင်ငံသားအားလုံးလွှမ်းခြုံခြင်းမရှိဘဲ မှူး မတ်များ အပေါ်မှာ သာသက်ရောက်မှု ရှိသော်လည်း ထိုခေတ်ထိုအချိန်ကတည်းက ထိုစာတမ်းတွင် လူ့အခွင့်အရေး ဟု ယနေ့ကာလတွင် ပြောဆိုနေသည့် အချက်များ ပါဝင်နေသည်ကို တွေ့မြင်နိုင်သည်။

၁၈ ရာစုနှင့် ၁၉ ရာစုအတွင်း ဥရောပတိုက်တွင် 'လူသည် လူသား ဖြစ်သော ကြောင့် အခွင့်အရေး ပိုင်ဆိုင်ခွင့်ရှိသည်။ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသား ဖြစ်သော ကြောင့် ၊ လူမျိုး နှင့် ဘာသာ ရေး အုပ်စုဝင်တစ်ခုခု ဖြစ်သော အကြောင်းအချက်ကြောင့် မည် သူမှ အခွင့်အရေး ပိုမိုပိုင်ဆိုင်ခြင်းမရှိ' ဟူသော သဘာဝ တရားအခွင့်အရေး (Natural Law) အယူအဆသစ် ပေါ်ပေါက်လာသည်။ ပထမတွင် လူသားတို့သည် အာဏာကို ချုပ်ကိုင်ထားသော အစိုးရ၏ လက်လွှတ်စပယ်ဖမ်းဆီးမှု များ ၊တရားမမျှမှု များ ကို ကာကွယ်ရန် သူတို့၏ အခွင့်အရေး ကို ပထမဦး စွာ ဖော်ထုတ်ခဲ့ကြသည်။ထိုမှတစ်ဆင့် အစိုးရထံ မိမိတို့၏ လိုလားတောင်းဆိုချက်များ တောင်း ဆိုနိုင်ရန်အတွက်လွတ်လပ်စွာ စုဝေးခွင့်၊ ပြောဆိုခွင့်စသည့် နိုင်ငံသားအခွင့်အရေး များ ကို ဖော်ထုတ်ခဲ့ကြသည်။ထိုမှတစ်ဆင့် ဘဝအသက်ရှင်ရပ်တည်နိုင်ရန်အတွက် လိုအပ်သော လူနေမှု အဆင့်အတန်းရရှိရေး ၊ လုပ်ငန်းခွင်သာယာရေး စသည့် လူမှု အခွင့်အရေး များ ကို ဖော်ထုတ်ခဲ့ကြသည်။ လူသား ဖြစ်သော ကြောင့် လူ့အခွင့်အရေး ခံစားခွင့်ရှိသည်ဆိုသော သဘာဝ တရားဆိုင်ရာ သီအိုရီသည် ယနေ့အချိန်တွင် အများ ကတွင် တွင် ကျယ်ကျယ်ပြောနေသည့် လူသားတို့၏ တန်းတူညီမျှသော ဂုဏ်သိက္ခာများ ၊ မွေးရာပါအခွင့်အရေး များ ၊ ခွဲခြား၍ မရသော အခွင့်အရေး များ ဆိုသည့် စကားလုံးများ ၏ ရေ သောက်မြစ်ပင် ဖြစ်သည်။ လူ့အခွင့်အရေး တစ်စတစ်စ တိုးတက်ပြောင်းလဲလာသော ဖြစ်စဉ်အပေါ် သဘာဝ တရားဆိုင်ရာ

ဥပဒေသီအိုရီ၏ အယူအဆများ က လွှမ်းမိုးခဲ့သည်ကို လူ့အခွင့်အရေး ဆိုင်ရာ ကြေညာစာတမ်းများ ၏ ရေး သားချက်များ တွင် အထင်အရှားသက်သေပြနေသည်။ ၁၂၁၅ ခုနှစ် တွင် ရေး ဆွဲခဲ့သော မဂ္ဂနာကာတာ၊ ၁၆၈၉ ခုနှစ် တွင် ပေါ်ပေါက်ခဲ့သော အင်္ဂလန်အခြေခံလူ့အခွင့်အရေး ဥပဒေ၊ ၁၇၇၆ ခုနှစ် တွင် ပြဋ္ဌာန်းခဲ့သည့် အမေရိကန်ဖွဲ့စည်းပုံ အခြေခံဥပဒေ၊၁၇၉၁ ခုနှစ် တွင် ဖြည့်စွက်ခဲ့သော အမေရိကန်လူ့အခွင့်အရေး ဥပဒေတို့သည် ထင်ရှားသော အထောက်အထားများ ဖြစ်သည်။

သဘာဝ တရားဆိုင်ရာ သီအိုရီထွန်းကားသည့် ခေတ်ကာလအတွင်း တွင် လူသည်လူသား ဖြစ်သော ကြောင့် အခွင့်အရေး ပိုင်ဆိုင်ခွင့်ရှိသည်ဆိုသော ယုံကြည်လက်ခံချက်၏ ဩဇာသက်ရောက်လွှမ်းမိုးမှု ကြောင့် အနောက်နိုင်ငံများ တွင် လူသားတို့၏ အခြေခံအခွင့်အရေး များ ဖြစ်သည့်လွတ်လပ်မှု နှင့် တန်းတူညီမျှမှု အပေါ် ထိခိုက်စေသည့် အကြွင်းမဲ့နိုင်ငံရေး အာဏာပိုင်စိုးမှု ကိုခုခံတော် လှန်မှု များ ပေါ်ပေါက်လာခဲ့သည်။ အခြေခံလူ့အခွင့်အရေး များ ကို ချိုး ဖောက်မှု များ ကနောက်ပိုင်းတွင် လူ့အခွင့်အရေး ဆိုင်ရာ အယူအဆများ ပိုမိုတိုးတက်လာစေရန်အတွက် စေ့ဆော်ပေးခဲ့ကြသည်။ ထိုလူ့အခွင့်အရေး ချိုး ဖောက်မှု များ ကြောင့် လူ့အခွင့်အရေး ဆိုင်ရာ အယူအဆများ နှင့် သဘောထားလက်ခံမှု များ အပေါ် နက်နက်ရှိုင်းရှိုင်းတွေ းခေါ်မှု များ ပို၍ ဖြစ်ထွန်းလာခဲ့သည်။ ပထမပိုင်းတွင် လူသားတို့သည် အာဏာကိုချုပ်ကိုင်ထားသော အာဏာရှင်များ ၏ ဖိနှိပ်မှု များ ကို ကာကွယ်ရန် မိမိတို့၏ အခွင့်အရေး များ ကို ပထမဦးဆုံးထုတ်ဖော်ခဲ့သည်။ ထိုမှတဆင့် အစိုးရထံ မိမိတို့လိုလားချက်များ ကို တောင်းဆိုနိုင်ရန်အတွက် မိမိတို့အား အာဏာပိုင်မည့် သူများ ကို မိမိဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ခွင့်များ ကို ဖော်ထုတ်တင်ပြလာသည်။ ထိုမှတစ်ဆင့် ဘဝအသက်ရှင်ရပ်တည်နိုင်ရေး အတွက် လိုအပ်ချက်များ ကို အာဏာပိုင်တို့ကပံ့ပိုးပေးရန် အဆင့်ဆင့်တောင်းဆိုလာခဲ့ကြသည်။ဤသဘာဝ တရားဆိုင်ရာ သီအိုရီအပေါ် အဓိကအားနည်းချက်အ ဖြစ် ဝေဖန်ထောက်ပြခံရသော အချက်မှာ သဘာဝ တရား၏ စံချိန်စံညွှန်းများ ဟုဆိုသော အရာများ ကို မည် ကဲ့သို့ သတ်မှတ်ဆုံးဖြတ်ကြမလဲဆိုသည့်

အချက်ပင် ဖြစ်သည်။

ထိုအယူအဆသစ်၏ အားပေးလှုံ့ဆော်မှု အရ ၁၈ ရာစုနှောင်းပိုင်းကာလများ အတွင် း ထူးခြားသည့်တော် လှန်ရေး နှစ် ခု ဖြစ်သော အမေရိကန်တော် လှန်ရေး နှင့် ပြင်သစ်တော် လှန်ရေး တို့ ပေါ်ပေါက်လာခဲ့သည်။ ၁၇၇၆ ခုနှစ် တွင် မြောက်အမေရိကတိုက်ရှိ ဗြိတိသျှကိုလိုနီများ က အမေရိကန် လွတ်လပ်ရေး ကြေညာစာတမ်း (The American Declaration of Independence) ကို ထုတ်ပြန်ကြေညာခဲ့သည်။ နောက်ဆက်တွဲ ရလာဒ်အ ဖြစ် ၁၇၈၇ ခုနှစ် တွင် အမေရိကန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး ၁၇၉၁ ခုနှစ် တွင် အမေရိကန်အခွင့်အရေး ပဋိညာဉ်ပေါ်ပေါက်လာခဲ့သည်။ အလားတူပင် ၁၇၈၉ ခုနှစ် တွင် ပြင်သစ်နိုင်ငံပြည်သူများ က သက်ဦးဆံပိုင်ဘုရင်စနစ်ကို တွန်းလှန်နိုင်ခဲ့ပြီး ပြင်သစ်လူသားအခွင့်အရေး ကြေညာစာတမ်း (Declarationof the Rights of Man) ကို ထုတ်ပြန်လာနိုင်ခဲ့သည်။

၁၈ ရာစုတွင် ဖြစ်ပွားခဲ့သော ပြင်သစ်တော် လှန်ရေး ၊ အမေရိကန်တော် လှန်ရေး တို့နှင့် ၎င်းတို့၏ ကြေညာစာတမ်းများ တွင် ပါဝင်သော လူ့အခွင့်အရေး အယူအဆများ သည် ကမ္ဘာတဝှမ်းရှိ ဖိနှိပ်ခံပြည်သူတို့၏ လွတ်မြောက်လိုစိတ်ကို နှိုးဆွပေးနိုင်ခဲ့သည်။ နောက်ဆက်တွဲ အ ဖြစ် လက်တင်အမေရိကနိုင်ငံငယ်များ ၏ လွတ်မြောက်ရေး တိုက်ပွဲများ ပေါ်ပေါက်ခဲ့ရသည်။ တချိန်တည်းမှာ ပင်လူ့အခွင့်အရေး အယူအဆများ သည်လည်း ရှေ့တန်းသို့ ရောက်ခဲ့ရသည်။ သို့ ရာတွင် ထိုကာလများ အတွင် းက ယူဆခဲ့သော လူ၏ အခွင့်အရေး (Rights of Man) ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွင် းပြဋ္ဌာန်းထားသော အမျိုး သားအခွင့်အရေး (National Rights) မျှသာ ဖြစ်သည်။ တစ်ကမ္ဘာလုံးကို လွှမ်းခြုံပြီးတစ်ကမ္ဘာလုံးက ထိန်းသိမ်းစောင့်ရှောက်ရမည့် လူ့အခွင့်အရေး စံတရပ်အနေနှင့် စဉ်းစားတွေ းခေါ်မှု အဆင့်အထိ မရောက်ရှိခဲ့သေးချေ။

အတွေ းအခေါ်ပညာရှင်များ ဖြစ်သော သော မတ်ပိန်းန် (Thomas Paine) ဂျွန်စတီးဝပ်မေး (JohnStuart Mill) နှင့် ဟင်နရီဒေးဗစ်သော်ရီး (Henry David

Thoreau)တို့သည် သဘာဝတရားအခွင့်အရေး (Natural Rights) အယူအဆကို အခြေတည်၍ လူသားအားလုံးနှင့် သက်ဆိုင်သော အခွင့်အရေး (Universal Rights) အယူအဆကို တစ်ဆင့်တက် တွေးခေါ်လာခဲ့သည်။ ထိုအတွေးအခေါ်ပညာရှင်များ ၏ အယူအဆသည် လီယိုတော် စတွိုင်း (Leo Tolstoy)၊မဟတ္တမဂန္ဓီ (Mahatama Gandhi) နှင့် မာတင်လူသာကင်း (Martin Luther King)စသည့် ထင်ရှားသော သူများ ၏ အတွေးအခေါ်အယူအဆများ အပေါ်များ စွာ ဩဇာသက်ရောက်မှု ရှိခဲ့သည်။

လူ့အခွင့်အရေး ဆိုင်ရာသမိုင်းကြောင်းတွင် ပထမဦးဆုံး ပေါ်ပေါက်ခဲ့သည့် မဂ္ဂနာကာတာ (၁၂၁၅ခုနှစ် )၊ ပြင်သစ်လူသားနှင့် နိုင်ငံသားအခွင့်အရေး ကြေညာစာတမ်း (၁၇၈၉ ခုနှစ် )နှင့် အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၇၉၁ခုနှစ် ) တို့သည် ၂၀ ရာစုတွင် ပေါ်ပေါက်ခဲ့သော လူ့အခွင့်အရေး ဥပဒေများ ၏ သမိုင်းအစဟု ဆိုနိုင်သလို ထိုစာတမ်းများသည် လူ့အခွင့်အရေး သဘောတရားနှင့် ပတ်သက်၍ ယနေ့တိုင် မှီငြမ်းကိုးကားနေရသော စာတမ်းများ ဖြစ်သည်။ သို့သော် ထိုကြေညာစာတမ်းများ တွင် အမျိုး သမီးများ ၊ ကလေးသူငယ်များ ၊ အသားအရောင် ရှိသော သူများ ၊လူမှု ရေး ၊ ဘာသာရေး ၊ စီးပွားရေး နှင့် နိုင်ငံရေး အုပ်စုအဖွဲ့ဝင်များ ၏ အခွင့်အရေး များ ပါဝင်အောင်လွှမ်းခြုံနိုင်ခဲ့ခြင်း မရှိချေ။

၂၀ ရာစုကာလရောက်သော အခါ အုပ်စုလိုက်အခွင့်အရေး များ ကို ကာကွယ်နိုင်ရန်အတွက်စတင်လုပ်ဆောင်လာခဲ့သည်ကို တွေ့ရသည်။ ၁၉၁၉ ခုနှစ် တွင် စတင်ဖွဲ့စည်းခဲ့သော အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (International Labor Organization)သည် အလုပ်သမားများ ၏ ကျန်းမာရေး နှင့် လုပ်ငန်းခွင်လုံခြုံရေး အပါအဝင် အလုပ်သမား အခွင့်အရေး များ ကိုလေးစားကာကွယ်ရန် သဘောတူစာချုပ်များကို စတင်ပြဋ္ဌာန်းခဲ့သည်။ ထို့အတူ ပထမကမ္ဘာစစ်အပြီးတွင် လူမျိုး စုအဖွဲ့ဝင်များ အား ကာကွယ်ပေးနိုင်ရန်အတွက် နိုင်ငံပေါင်းချုပ်အသင်းကြီး(League of Nations) က တင်ပြခဲ့သော်လည်း အောင်မြင်မှု မရရှိခဲ့ပေ။ အမေရိကန်နိုင်ငံကိုအဖွဲ့ဝင်အ ဖြစ် ဝင်ရောက်လာအောင် မဆောင်ရွက် နိုင်ခဲ့သည့်အပြင် ဂျပန်နိုင်ငံက တရုတ်နိုင်ငံနှင့် မန်ချူးရီးယားကို ဝင်ရောက်တိုက်ခိုက်ခြင်း၊ အီသီယိုးပီးယားအား

အီတလီနိုင်ငံကတိုက်ခိုက်ခြင်းတို့ကိုတားဆီးခြင်း မပြုလုပ်နိုင်ခဲ့သည့်အတွက် နိုင်ငံပေါင်းချုပ်အသင်းကြီးသည် ၁၉၃၉ခုနှစ် ဒုတိယကမ္ဘာစစ် စတင်သည့်အချိန်မှစ၍ ပြိုပျက်ခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လူ့အခွင့်အရေး အယူအဆများ အရှိန်အဟုန်ပြင်းပြင်းဖြင့် ပေါ်ထွက်လာခဲ့ပြန်ပါသည်။ လူ့အခွင့်အရေး အယူအဆများ ကိုပိုမိုတွင် တွင် ကျယ်ကျယ် ပြောဆိုလာခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်အတွင်း ဂျူး လူမျိုး များ ၊ ဂျစ်ပစီများ ၊ လိင်တူချစ်သူများ လူဦးရေခြောက်သန်းကျော်ကိုသတ်ဖြတ်သုတ်သင်ခဲ့သော နာဇီဂျာမဏီတို့၏ လုပ်ရပ်က ကမ္ဘာတစ်ခုလုံးကို တုန်လှုပ်စေခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် စစ်နိုင်သည့်နိုင်ငံများ က သူတို့၏ လူ့အဖွဲ့အစည်းများ တွင် လူတစ်ဦးစီ၏ အခွင့်အရေး (New World Order)ကို အသိအမှတ်ပြုလာခဲ့ကြပြီး ၁၉၄၅ ခုနှစ် တွင် ကမ္ဘာ့လူနေမှု ပုံစံသစ် (New World Order) တစ်ခုကို ဖန်တီးတည်ထောင်ခဲ့ကြသည်။မကြာမီတွင် ထိုကမ္ဘာ့ပုံစံသစ်ကို အခြားနိုင်ငံများ ကလည်း လိုက်လံအတုယူ ကျင့်သုံးလာခဲ့ကြသည်။စစ်နိုင်မဟာမိတ်အင်အားစုများ က စစ်ရာဇဝတ်ကောင်များ အား သေဒဏ်ပေးမည့် အစား လူထုရှေ့မှော က်တွင် တရားရားစီရင်နိုင်ရန် နျူရင်ဘတ် နိုင်ငံတကာစစ်ခုံရုံးကို ဖွဲ့စည်းခဲ့သည်။ နျူရင်ဘတ်နှင့် တိုကျိုမြို့ တို့တွင် စစ်ရာဇဝတ်ကောင်များ အား လူသားမျိုး နွယ်တစ်ရပ်လုံးအပေါ်ကျူး လွန်သော ရာဇဝတ်ပြစ်မှု (Crimes against Peace) နှင့် ကမ္ဘာ့ငြိမ်းချမ်းရေး ကိုထိပါးနှောက်ယှက်သော ရာဇဝတ်မှု (Crimes against Peace) တို့ဖြင့် အပြစ်ပေးခဲ့သည်။ထိုပြစ်မှု များ သည် သက်ဆိုင်ရာနိုင်ငံတစ်ခုချင်းစီ၏ တရားဥပဒေကို ချိုးဖောက်ခြင်း၊ မချိုး ဖောက်ခြင်းတို့နှင့် မပတ်သက်သော နိုင်ငံတကာရာဇဝတ်ပြစ်မှု များ ပင် ဖြစ်သည်။ စစ်နိုင်သူ မဟာမိတ်များ ဘက်က မည် သူ့ကိုမျှစစ်ရာဇဝတ်ကောင်အ ဖြစ် တရားစွဲဆိုအပြစ်ပေးခဲ့ခြင်း မရှိသော အချက်မှလွဲ၍ နျူရင်ဘတ် နိုင်ငံတကာစစ်ခုံရုံး၏ စီရင်ထုံးများ သည် ကမ္ဘာ့သမိုင်းတွင် ထူးခြားသော စီရင်ထုံးများ ဖြစ်ခဲ့သည်။ နိုင်ငံတကာ တရားဥပဒေများ သည် နိုင်ငံတစ်ခုချင်းစီ၏ တရားဥပဒေများ အပေါ် လွှမ်းမိုးမှု ရှိသည်ဟူသော အချက်ကို ပထမဦးဆုံးအကြိမ်အ ဖြစ် လက်တွေ့ပြသလိုက်ခြင်း ဖြစ်သည်။

ယင်းစီရင်ထုံးများ အရ ရာဇဝတ်မှု ကျူး လွန်သူတစ်ဦးချင်းကိုသာမက ၎င်းတို့၏ အထက်အရာရှိများ ကိုပါ ကြံရာပါများ အ ဖြစ် အရေး ယူ စီရင်ချက်ချခဲ့သည်။ ထိုမှုမက ထိုသို့ သော ရက်စက်ကြမ်းကြုတ်မှု မျိုး နောက်ထပ်တစ်ကြိမ် ထပ်မံမ ဖြစ်ပွား စေရန်အတွက် ကြို တင်တားဆီးရန်နည်းလမ်းများ ကြံဆရှာဖွေလာကြသည်။ ဒုတိယကမ္ဘာစစ်အပြီး နိုင်ငံများ အနေနှင့် နိုင်ငံတကာငြိမ်းချမ်းရေး နှင့် ပဋိပက္ခတားဆီးရေး တို့အတွက် ကြံဆစဉ်းစားလာခဲ့သည်။ လူသားတို့၏ ဘဝနှင့် ပဋိပက္ခတားဆီးရေး တို့အတွက် ကြံဆစဉ်းစားလာခဲ့သည်။ လူသားတို့၏ ဘဝနှင့် လွတ်လပ်ခွင့်ကိုခံစားခွင့်ရှိသည့် လူ့အခွင့်အရေး များ အား မည် သူကမှ မတရားသဖြင့် စော်ကားနှောင့် ယှက်ခြင်းမပြု နိုင်အောင် ကာကွယ်မှု များ ပြုရန် တွေ းတောလာခဲ့ကြသည်။ တိုင်းပြည်တစ်ပြည်၏ အစိုးရတစ်ခုက တိုင်းပြည်အတွင် းရှိ ပြည်သူတို့အပေါ် လူ့အခွင့်အရေး ချိုး ဖောက်မှု များ မကျူ း လွန်နိုင်စေရန်အတွက် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သော လူ့အခွင့်အရေး စံချိန်စံနှုန်းများ သတ်မှတ်ရန် ကြံဆလာခဲ့ကြသည်။ သက်ဆိုင်ရာ အစိုးရများ အနေနှင့် လည်း မိမိတို့ပြည်သူများ အပေါ် ထိုလူ့အခွင့်အရေး စံချိန် စံညွှန်းများ နှင့် အညီ ဆက်ဆံအုပ်ချု ပ်နိုင်ရန်အတွက် ကြိုး ပမ်းလာခဲ့ကြသည်။နောက်ဆက်တွဲ အနေဖြင့် ကမ္ဘာ့နိုင်ငံများ ပါဝင်သော နိုင်ငံတကာအဖွဲ့ အစည်းတခုကို ဖွဲ့စည်း၍ လူသားတို့၏ လူ့အခွင့်အရေး ကို ကာကွယ်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ၁၉၄၅ ခုနှစ် တွင် ကမ္ဘာ့ကုလသမဂ္ဂ (United Nations) ပေါ်ပေါက်လာခဲ့သည်။

၁၉၄၅ ခုနှစ် တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို ဖွဲ့စည်းခဲ့ကြပြီး အစိုးရများ ပြုမူ ကျင့်သုံးကြရမည့် နိုင်ငံတကာစံ သတ်မှတ်ရန် အယူအဆတစ်ရပ် ဖြစ်ထွန်းလာခဲ့သည်။ နိုင်ငံတကာလုံခြုံရေး နှင့် ငြိမ်းချမ်းရေး ကို ထိပါးစေမည့် အန္တရာယ်များ နှင့်ပတ်သက်၍ ခွဲခြမ်းစိတ်ဖြာမှု များ ပြုလုပ်ခဲ့ကြပြီးရန်စကျူး ကျော်သည့်နိုင်ငံများ ကို ကုလသမဂ္ဂက အရေး ယူဆောင်ရွက်မှု များ ပြုလုပ်နိုင်ရန် မျှော်မှန်းခဲ့သည်။ ထိုသို့ပြုလုပ်ရာတွင် နိုင်ငံအသီးသီး၏ ပြုမူဆောင်ရွက်ချက်များ သည် လူ့အခွင့်အရေး အပေါ်တည်မှီရမည် ဟူသော အယူအဆပါဝင်လာခဲ့သည်။ နောက်ပိုင်းတွင် လူ့အခွင့်အရေး ဆိုင်ရာ အတွေ းအခေါ်သည်

နိုင်ငံအတော် များများ က ဆက်လက်ထိန်းသိမ်းထားလိုသည့်တင်းမာသော နိုင်ငံတော် အချုပ်အခြာဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြိုဖျက်ပစ်နိုင်ခဲ့သည်။လူ့အခွင့်အရေး စံများ ပြဋ္ဌာန်းလိုက်နိုင်ခြင်းသည် အစိုးရများ ၏ ပြည်သူများ အ ပေါ်ဖိနှိပ်မှု များ ကိုလည်းကောင်း၊ လူမျိုး ရေး ခွဲခြား ချိုး နှိမ်မှု များ ကိုလည်းကောင်း ရိုက်ချိုး နိုင်ခဲ့သည်။ တစ်နည်းအားဖြင့် ဆိုသော် နိုင်ငံတော် အစိုးရများ အနေနှင့် သူတို့၏ လုပ်ကိုင်ဆောင်ရွက်မှု များ အပေါ် နိုင်ငံတကာ၏ အရေး ယူဝင်ရောက်လုပ်ဆောင်မှု သို့ မဟုတ် ကြီးကြပ်မှု ကို လက်ခံလာခဲ့ကြရတော့သည်။

လူ့အခွင့်အရေး အယူအဆသည် ခေတ်မီနိုင်ငံများ စတင်ပေါ်ထွန်းရာ ဥရောပမှ စတင်ခဲ့သည်ဟုဆိုသော်လည်း ယနေ့ကာလတွင် တစ်ကမ္ဘာလုံးရှိနိုင်ငံများ ၊ ပြည်သူများ နှင့်လည်း ပတ်သက်ဆက်နွယ်မှု ရှိလာပြီး ဖြစ်သည်။ ပြည်သူတို့သည် သူတို့ကိုယ်သူတို့ နိုင်ငံတော် အာဏာမှ ကာကွယ်ရန်အတွက် အထူးသဖြင့် ယင်းအာဏာသည် အခွင့်ထူးခံလူနည်းစုလက်ထဲသို့ ရောက်သွားသော အခါ ကာကွယ်ရန်အတွက် လူ့အခွင့်အရေး ဒဿ  နပညာရှင် ဂျက်ဒေါ်နယ်လီ၏ 'သီအိုရီနှင့် လက်တွေ့ အတွင်း က အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး များ ' စာအုပ်တွင် 'လူ့အခွင့်အရေး ဆိုသည်မှာ ခေတ်သစ်နိုင်ငံများ ၏ နိုင်ငံသားတစ်ဦးချင်းအပေါ် ပိုမိုလွှမ်းမိုးသက်ရောက်သော နိုင်ငံတော်၏ အာဏာအပေါ် တန်ပြန်ထိုးနှက်လိုက်သည့် လူထု၏ ဖန်တီးမှု ဖြစ်သည်'ဟု ဆိုထားသည်။ ပုံမှန်အားဖြင့် နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံသားတို့ကို တရားဥပဒေဖြင့် ထိန်းချုပ်ထားသည်။သို့သော် လူ့အခွင့်အရေး သည် တရားဥပဒေအထက်တွင် တည်ရှိသည်။ ၁၈ ရာစုနှင့် ၁၉ ရာစုများ အတွင်း က လူ့အခွင့်အရေး ဆိုသည်မှာ သဘာဝ တရားဥပဒေ (Natural Law) မှ ဆင်းသက်လာသည်ဟုပြောဆိုခဲ့ကြပြီး လူ့အခွင့်အရေး ကို တရားဥပဒေပြဋ္ဌာန်းကန့်သတ်ချက် (Legislation)ဖြင့် ဆန့်ကျင်၍ မရဟု ဆိုခဲ့ကြသည်။ စင်စစ်အားဖြင့် သဘာဝ တရား ဥပဒေဆိုသည်မှာ တိတိကျကျ လက်တွေ့ ဆုပ်ကိုင်ပြသရန် မလွယ်သော ကြောင့် လူ့အခွင့်အရေး နှင့် ပတ်သက်၍ တိတိကျကျ ရည်ညွှန်းပြောဆိုသည့်အခါတိုင်း ကုလသမဂ္ဂပဋိညာဉ်စာတမ်း (UN Charter)နှင့်

နိုင်ငံတကာသဘောတူ စာချုပ်စာတမ်းများ ကိုသာ အခြေခံကိုးကားပြောဆိုရမည် ဖြစ်သည်။

၁၉၄၅ ခုနှစ် အမေရိကန် ဆန်ဖရန်စစ္စကိုမြို့ တွင် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း(Charter of the United Nations) ကို မူကြမ်းရေး ဆွဲရာတွင် အစိုးရမဟုတ်သော အဖွဲ့ အစည်းများ ၊ အမျိုး သမီးအဖွဲ့ များ ၊ အလုပ်သမားသမဂ္ဂများ နှင့် ဘာသာရေး အဖွဲ့များ သည် ကုလသမဂ္ဂအဖွဲ့ ဝင်နိုင်ငံများ နှင့် ပူးပေါင်း၍ ကုလသမဂ္ဂချာတာတွင် လူ့အခွင့်အရေး နှင့် ပတ်သက်၍ အသေးစိတ်ကျသော စာပိုဒ်များ ပါဝင်ရေး အတွက် အထူးလှုံ့ဆော်ခဲ့ကြသည်။ ထိုသို့ လှုံ့ဆော်မှု အကျိုး ကြောင့် ကုလသမဂ္ဂ အဖွဲ့ ဝင်နိုင်ငံများ သည် လူ့အခွင့်အရေး အား နိုင်ငံတကာက ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ရန် လိုအပ်သည်ဆိုသော အယူအဆနှင့် တရားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်း အခြေခံအုတ်မြစ်များ ကို ချမှတ်နိုင်ခဲ့သည်။ ပဋိညာဉ်စာတမ်း၏ အပိုဒ်(၁)တွင် လူ့အခွင့်အရေး ကိုလေးစားရန်မှာ ကမ္ဘာ့ကုလသမဂ္ဂ၏ အဓိက ရည်ရွယ်ချက်တခု ဖြစ်ကြောင်း ဆိုထားသလိုအပိုဒ်(၃)တွင် လူမျိုး ၊ လိင်၊ ဘာသာစကားနှင့် ကိုးကွယ်သည့်ဘာသာ ခွဲခြားခြင်းမရှိဘဲ လူ့အခွင့်အရေး နှင့် အခြေခံလွတ်လပ်ခွင့်တို့ကို တိုးတက်ပြန့်ပွားစေရေး အတွက် လေးစားလိုက်နာရန်လိုအပ်ကြောင်း ပန်ကြားထားသည်။ အခြားအပိုဒ်များ တွင် လည်း ကုလသမဂ္ဂအဖွဲ့ ဝင်နိုင်ငံများ အနေဖြင့် လူသားအားလုံးနှင့် သက်ဆိုင်သော လူ့အခွင့်အရေး ထွန်းကားစေရန်အတွက် လိုအပ်သော ပူးပေါင်းလုပ်ဆောင်မှု များ လုပ်ဆောင်ကြစေရန် တိုက်တွန်းနှိုးဆော်ထားသည်။



၁၉၄၆ ခုနှစ် တွင် ကုလသမဂ္ဂက ဖွဲ့စည်းခဲ့သော လူ့အခွင့်အရေး ကော်မရှင်မှနေ၍ ကုလသမဂ္ဂပဋိညာဉ်စာတမ်း တွင် ပါဝင်သော လူ့အခွင့်အရေး နှင့် လွတ်လပ်ခွင့်ဟူသော အဓိပ္ပာယ်များ ကိုဖွင့်ဆိုရှင်းပြနိုင်မည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကို ပြင်ဆင်ရေး ဆွဲခဲ့သည်။၁၉၄၈ ခုနှစ် ဇွန်လတွင် ထိုကြေညာစာတမ်းကို အပြီးသပ်နိုင်ခဲ့ပြီး ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ(၁၀) ရက်နေ့တွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့ တွင် ကျင်းပသော ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကနေ၍ ထိုကြေညာစာတမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။

ယနေ့တိုင် ကုလသမဂ္ဂ လူ့အခွင့်အရေး ယန္တယားတခုလုံး၏ အခြေခံရေသောက်မြစ်သဖွယ် ဖြစ်နေသော အပြည် ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းသည် လူသားအားလုံးအတွက်မရှိမ ဖြစ်လိုအပ်သော နိုင်ငံသားဆိုင်ရာ အခွင့်အရေး၊ နိုင်ငံရေး အခွင့်အရေး၊ စီးပွားရေး ၊လူမှု ရေး နှင့် ယဉ်ကျေးမှု ဆိုင်ရာ အခွင့်အရေး များ အားလုံးတို့ကို လွှမ်းခြုံဖော်ပြထားသည်။ ကြေညာစာတမ်းပါအခွင့်အရေး များ ကို အသေးစိတ် နောက်တစ်ဖန် နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်စာတမ်းများ အ ဖြစ် ပြဋ္ဌာန်းထားသလို နိုင်ငံများ ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ နှင့် အခြားဥပဒေများ တွင်

လည်းထည့်သွင်း ပြဌာန်းထားလာခဲ့ကြသဖြင့် နိုင်ငံတော် အဆင့်တွင် လည်း ထိုကြေညာစာတမ်း၏ အနှစ် သာရများ အသက်ဝင်နေသည်ကို တွေ့ ရသည်။

ကြေညာစာတမ်းတွင် ပါဝင်သော ဖွင့်ဆိုချက်များ က လူ့အခွင့်အရေး ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်း ရေး ရာများ သာ မဟုတ်ဘဲ နိုင်ငံတကာနှင့် သက်ဆိုင်သော တာဝန်ရှိမှု များ ဖြစ်သည်ဟူသော အယူအဆကို ထင်ဟပ်စေသည်။ ထို့အပြင် လူ့အခွင့်အရေး ဆိုသည်မှာ လူသားအားလုံးနှင့် သက်ဆိုင်သော အရာများ ၊ ခွဲခြား၍ မရသော အရာများ ဖြစ်သည်ဟူသော လူ့အခွင့်အရေး ဆိုင်ရာအခြေခံအချက်များ ကို အဓိပ္ပာယ်ဖော်ပြနေသည်။ ထိုအခြေခံအချက်အရ လူ့အခွင့်အရေး ကိုလူတိုင်းသည် အချိန်တိုင်းတွင် ခံစားခွင့်ရသော လည်း အခြားသူများ ၏ အခွင့်အရေး များ ကိုစတေးပြီး မိမိအခွင့်အရေး ကို ခံစားခွင့်မပြု သင့်ဟူ၍ လူသားတို့က လက်ခံလာခဲ့ကြသည်။၁၉၉၃ ခုနှစ် တွင် ကုလသမဂ္ဂက ဦးစီးကျင်းပခဲ့သော နိုင်ငံတကာလူ့အခွင့်အရေး ညီလာခံတွင် ပြဌာန်းခဲ့သည့် ဗီယင်နာ ကြေညာစာတမ်းတွင် လူ့အခွင့်အရေး ကြေညာစာတမ်းပါ လူ့အခွင့်အရေး အခြေခံသဘောထားများ ကို ကုလသမဂ္ဂအတွင်း း လူ့အခွင့်အရေး ဆိုင်ရာ မူဝါဒများ အ ဖြစ်ပိုမိုကောင်းမွန်စွာ ချမှတ်ရန်နှင့် လူ့အခွင့်အရေး တိုးတက်မြှင့်မားရေး အတွက် လုပ်ဆောင်နိုင်ရန်လူ့အခွင့်အရေး ဆိုင်ရာမဟာမင်းကြီးရုံးကိုပင် ထူထောင်လာနိုင်ခဲ့သည်။

•••

# နိုင်ငံတကာဥပဒေများ

နိုင်ငံတကာဥပဒေများ ဆိုသည်မှာ နိုင်ငံများ ၏ လုပ်ဆောင်မှု ကို စည်းကမ်းသတ်မှတ်ထားခြင်း ဖြစ်သည်။ နိုင်ငံများ က မိမိတို့ စိတ်တိုင်းကျ ဥပဒေများ ကို ပြဌာန်းပြီး ထင်သလို မအုပ်ချုပ်စေရန်နှင့် မိမိတို့၏ ပြည်တွင်း ရေး ရာများ ကို နိုင်ငံတကာက ဝင်ရောက်စွက်ဖက်ရန်မလိုဘဲ မိမိတို့ကိုယ်တိုင်ဖြေရှင်းနိုင်သည်ဟူသော အယူအဆများ ပျောက်ကွယ်စေရန်အတွက် နိုင်ငံတကာ ဥပဒေများ ကိုပြဌာန်းရန် လိုအပ်သည်ဟူသော အယူအဆပေါ်လာခဲ့သည်။

နိုင်ငံ၏ အစိုးရများ အကြား သဘောတူညီချက်ကို အခြေခံ၍ နိုင်ငံတကာဥပဒေများ ကို ရေး ဆွဲခြင်း ဖြစ်သည်။ ထို့အတူ နိုင်ငံတစ်ခု၏ ပြည်တွင်း ရေး ရာကို တခြားနိုင်ငံတစ်ခုက အကြောင်းမဲ့ ဝင်ရောက်စွက်ဖက်ခြင်းကို ဟန့်တားနိုင်ရန် အတွက်လည်း ပြဌာန်းရခြင်း ဖြစ်သည်။ နိုင်ငံ၏ အစိုးရများ အနေနှင့် သဘောတူညီချက်ကို လေးစားလိုက်နာပါမည် ဟု ခံဝန်ချက်မပြုမီ ထိုသဘောတူညီမည့် အချက်များ ကို ကြိုတင်၍ ရှင်းရှင်းလင်းလင်းသိနိုင်ရန် ဆောက်ရွက်ရသည်။ ထိုမှတဆင့် ထိုနိုင်ငံအားနိုင်ငံတကာဥပဒေများ တွင် ပါဝင်စေခြင်းဖြင့် ဥပဒေသတ်မှတ်ချက်များ ကို လေးစားလိုက်နာလာစေရန်လုပ်ဆောင်သည်။ ထို့နောက် ထိုနိုင်ငံ၏ လုပ်ဆောင်မှု ကို နိုင်ငံတကာဥပဒေတွင် ပါဝင်သော အချက်များ ဖြင့် စံထား၍ ထိန်းချုပ်လေ့ရှိသည်။

ထိုသို့ထိန်းချုပ်ရာတွင် နိုင်ငံတကာစာချုပ်များ တွင် လက်မှတ်ရေး ထိုးစေပြီး စာချုပ်ပါအချက်အလက်များ ကို လေးစားလိုက်နာစောင့်ထိန်းစေခြင်းဖြင့် ဖြစ်စေ၊ နိုင်ငံတကာအဖွဲ့အစည်းများ တွင် ပါဝင်သည့် အဖွဲ့ဝင်များ အတွက် စံများ ပြဌာန်းခြင်းဖြင့် ဖြစ်စေ၊ နိုင်ငံများ အတွင်း အင်အားသုံးဖြေရှင်းမှု ကို ဟန့်တားကန့်သတ်ခြင်းဖြင့် ဖြစ်စေ၊ နိုင်ငံများ ရှိ နိုင်ငံတော် ဥပဒေများ အတွင်းတွင် နိုင်ငံတကာစာချုပ်များ တွင် ပါရှိသည့် အချက်များ ကိုလွှမ်းမိုးသက်ရောက်စေခြင်းဖြင့် ဖြစ်စေ ထိန်းချုပ်နိုင်သည်။မျက်မှော က်ခေတ်သစ် ကမ္ဘာတွင် နိုင်ငံတကာဥပဒေများ သည် နိုင်ငံတစ်ခုချင်းအပေါ်တွင်

သာမကတော့ဘဲ အဖွဲ့အစည်းများ နှင့် နိုင်ငံသားတစ်ဦးချင်းစီအပေါ်ထိ အာဏာသက်ရောက်မှု ရှိလာပြီ ဖြစ်သည်။ မျက်မှော က်ကာလတွင် ကမ္ဘာကြီးမှာ တဖြည်းဖြည်း ကျဉ်းမြောင်းလာခဲ့ပြီး နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား ဆက်သွယ်မှု ပိုမိုတိုးပွားလာခဲ့သည်။ သာမန်ပြည်သူတို့ကလည်း သက်ဆိုင်ရာနိုင်ငံ၏ အစိုးရအပေါ် ပိုမိုဩဇာသက်ရောက်လာခဲ့ကြသည်။

ထိုအခါနိုင်ငံတကာဥပဒေများ သည် ပိုမိုအရေး ပါလာခဲ့သည်။ ယခင်က နိုင်ငံတကာဥပဒေများ ဟုဆိုလျှင် ပထမဆုံး အနေနှင့် နိုင်ငံများ ကို ရည်ညွှန်းပြောဆိုခဲ့သည်။ နိုင်ငံဟူသော စကားလုံး၏ အဓိပ္ပါယ်ကို မွန်တဗ်ဒရီသဘောတူစာချုပ်တွင် 'နိုင်ငံဆိုသည်မှာ ရွှေ့ပြောင်းနေထိုင်ခြင်းမရှိသော နိုင်ငံသားများ နေထိုင်ရမည် ။ အတည်တကျ သတ်မှတ်ထားသော နယ်နမိတ်ပိုင်းခြားထားမှု ရှိရမည် ။ တည်ငြိမ်၍ သက်ရောက်မှု ရှိသော အစိုးရတစ်ရပ်က အုပ်ချုပ်ရမည် ။ တည်ငြိမ်သက်ရောက်မှု ရှိသော အစိုးရတစ်ရပ် အုပ်ချုပ်ရမည် ' ဟု ရှင်းလင်းအဓိပ္ပာယ်ဖွင့်ဆိုထားသည်။ နောက်ပိုင်းတွင် နိုင်ငံတကာဟုဆိုလိုက်လျှင် နိုင်ငံများ သာမ ကတော့ဘဲ နိုင်ငံတကာ အစိုးရများ ဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ဥပမာကုလသမဂ္ဂပညာရေး ၊ လူမှု ရေး နှင့် ယဉ်ကျေးမှု အဖွဲ့ (ယူနက်စကို - UNESCO)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (Amnesty International) ကဲ့သို့သော အစိုးရမဟုတ်သော အဖွဲ့များ ပါ ပါဝင်လာပြီး ဖြစ်သည်။ ယခုအခါတွင် ထိုမျှသာမ ကတော့ဘဲ နိုင်ငံတကာဟုဆိုလိုက်လျှင်လူထု (People) ပါပါဝင်လာ ပြီ ဖြစ်သည်။

ကုလသမဂ္ဂ ပဋိညာဉ်တွင် လူထု၏ ဆုံးဖြတ်ချက်ကို ထည့်သွင်းပြဋ္ဌာန်းထားသည့် အချက်ကနိုင်ငံတကာဥပဒေတွင် လူထုကို ထည့်သွင်းအသိအမှတ်ပြုလာသည်ကို ဖော်ပြနေသည်။နောက်ထပ်ပါဝင်လာသော အမျိုးအစားမှာ လူတစ်ဦးချင်းစီ (Individual) ပင် ဖြစ်သည်။ မကြာသေးမီက ပြဋ္ဌာန်းထားခဲ့သော နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများ ထဲတွင် လူတစ်ဦးတစ်ယောက် ချင်းစီ၏ အခွင့်အရေးများ ကိုပါ အလေးထားထည့်သွင်းလာသည်ကို တွေ့မြင်ရသည်။နိုင်ငံတကာဥပဒေများ သည်

အားနည်းသူများ ကို အကာအကွယ်ပေးပြီး တရားမျှတမှု များ
ကိုဖော်ဆောင်စေနိုင်လာသည့်အထိ အားကောင်းလာအောင် တိုက်ပွဲဝင်ရပေမည်။
ထို့ကြောင့် နိုင်ငံတကာဥပဒေများ သည် မည် ကဲ့သို့ ရှိသည်၊ မည် ကဲ့သို့
လုပ်ဆောင်နိုင်သည်တို့ကို လေ့လာရန်အထူးလိုအပ်သည်။

နိုင်ငံတကာဥပဒေများ သည် နိုင်ငံများ ၏ လုပ်ဆောင်မှု ကို
စည်းကမ်းသတ်မှတ်ရန် ရည်ရွယ်ပြီးမူနစ် ရပ်အပေါ် အခြေခံထားသည်ကို တွေ့ရသည်။
ထိုမူနှစ် ရပ်မှာ နိုင်ငံတိုင်းသည် တန်းတူညီမျှမှု ရှိသည်ဟူသော အချက်နှင့်
အခြားနိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို မထိပါးရဟူသော အချက်တို့ ဖြစ်သည်။
နိုင်ငံတိုင်းတန်းတူညီမျှမှု ရှိသည်ဟုဆိုရာတွင် နိုင်ငံတိုင်းသည် သာတူညီမျှမှု
အပြည့်အဝရှိသည်။ နိုင်ငံကြီးသည်မရွေး၊ ငယ်သည်မရွေး အခွင့်အရေး ညီမျှမှု ရှိသည်။
ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်း ညီမျှသော အခွင့်အရေး များ ရှိသည်ဟု ရည်ရွယ်သည်။
ဒုတိယအချက် ဖြစ်သော နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို မထိပါးရဟူသော
အချက်ကို ကိုင်စွဲ၍ အချို့ အစိုးရများ သည် မိမိတို့နိုင်ငံတွင် းရှိ လူ့အခွင့်အရေး
အခြေအနေများ ကို အခြားနိုင်ငံတစ်နိုင်ငံကဝေဖန်ပြောဆိုခဲ့ရသည့်အခါ ထိုသို့ ပြောဆိုမှု
သည် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင် းရေး ကို ဝင်ရောက်စွက်ဖက်ခြင်း ဖြစ်သည်ဟု
စောဒကတက်လေ့ရှိသည်။ မိမိတို့နိုင်ငံအတွင် းရှိ လူ့အခွင့်အရေး ချိုး ဖောက်မှု များ ကို
အခြားတစ်နိုင်ငံက ဝင်ရောက်စစ်ဆေးဖော်ထုတ်ခွင့်၊
ပြစ်တင်ဝေဖန်ပိုင်ခွင့်မရှိဟုဆိုလေ့ရှိသည်။ သို့ သော် ယခုအချိန်တွင် လူ့အခွင့်အရေး ချိုး
ဖောက်မှု ကို အရေး ယူဆောင်ရွက်ခြင်းသည် နိုင်ငံတစ်ခု၏ အချုပ်အခြာအာဏာကို
ထိခိုက်ခြင်း ဖြစ်သည်ဟူ၍ အကြောင်းပြ၍ မရတော့ချေ။ နိုင်ငံတစ်ခု၏ လူ့အခွင့်အရေး ချိုး
ဖောက်မှု သည် ထိုနိုင်ငံ၏ ပြည်တွင် းရေး ရာသာ ဖြစ်သည် ဟူသော အချက်ကို
လက်ရှိခေတ်သစ်နိုင်ငံများ နှင့် နိုင်ငံတကာဥပဒေများ က လက်မခံတော့ပါ။
ကုလသမဂ္ဂပဋိညာဉ်တွင် လည်း အဖွဲ့ဝင်နိုင်ငံများ ၏ အချုပ်အခြာကို
လေးစားတန်ဖိုးထားသကဲ့သို့ နိုင်ငံတစ်နိုင်ငံအတွင် းရှိ လူ့အခွင့်အရေး ဖောက်ဖျက်မှု သည်

နိုင်ငံတကာ ငြိမ်းချမ်းရေး ကို ထိပါးနှောက်ယှက်စေနိုင်သည်ဟုခံယူထားသည်။

နိုင်ငံတကာဥပဒေများ တွင် နိုင်ငံတစ်နိုင်ငံ၊ ဥပဒေပြုလွှတ်တော် တစ်ရပ်ကဲ့သို့ ဥပဒေ ထုတ်ပြန်နိုင်သော ၊ ထိုပြဋ္ဌာန်း ထုတ်ပြန်လိုက်သော ဥပဒေအမိန့်အာဏာတည်မြဲရေး အတွက် လုပ်ဆောင်ရသော ရဲတပ်ဖွဲ့များ ၊ တရားရုံးများ မရှိပေ။ သက်ဆိုင်ရာနိုင်ငံတော် ဥပဒေများ တွင် တရားခံကိုတရားရုံးသို့ ဆင့်ခေါ်၍ စစ်ဆေးအပြစ်ပေးနိုင်သော်လည်း နိုင်ငံတကာ ဥပဒေများ တွင် နိုင်ငံတကာပါလီမန်များ ၊ နိုင်ငံတကာတရားရုံးများ ၊ နိုင်ငံတကာရဲတပ်ဖွဲ့များ ၊ အကျဉ်းထောင်များ မရှိပါ။နိုင်ငံတကာဥပဒေများ တွင် ပါဝင်သော အရာများ မှာ စာချုပ်စာတမ်းများ ၊ ပဋိညာဉ်များ ၊ သဘောတူညီချက်များ ဖြစ်သည်။

စာချုပ်စာတမ်းဟုဆိုရာတွင် နှစ် နိုင်ငံအကြား သဘောတူလက်မှတ်ရေး ထိုးထားသော နှစ် နိုင်ငံစာချုပ်များ သို့မဟုတ် နားလည်မှု စာချွန်တော် များ (Memoradum of Understanding)(ဥပမာ - မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံကြားလက်မှတ် ရေး ထိုးထားသော လူကုန်ကူးမှု တိုက်ဖျက်ရေး နားလည်မှု စာချွန်လွှာ)၊ ဒေသအတွင်း ်ရှိနိုင်ငံများ သဘောတူလက်မှတ်ရေး ထိုးထားသော ဒေသဆိုင်ရာစာချုပ်များ (Regional Treaties) (ဥပမာ - အာစီယံချာတာ)နှင့် နိုင်ငံတကာကသဘောတူ လက်မှတ်ရေး ထိုးထားသော နိုင်ငံတကာသဘောတူစာချုပ်များ (International Treaties) (ဥပမာ - ကုလသမဂ္ဂပင်လယ်ပြင် ဥပဒေဆိုင်ရာ သဘောတူစာချုပ်) တို့ပါဝင်သည်။နိုင်ငံတကာဥပဒေ သဘောတူစာချုပ်များ ကို သက်ဆိုင်ရာအစိုးရက အတည်ပြုလက်မှတ်ရေး ထိုးလိုက်သည်နှင့် တပြိုင်နက် ထိုနိုင်ငံသည် ထိုသဘောတူစာချုပ်ပါအချက်အလက်များ ကို လေးစားလိုက်နာပါမည် ဟု ခံဝန်ချက် ကတိပြုလိုက်ခြင်း ဖြစ်သည်။ အချို့ နိုင်ငံများ ၏ နိုင်ငံတော် ဥပဒေများ တွင် ၄င်းတို့လက်မှတ်ရေး ထိုးထားသော နိုင်ငံတကာဥပဒေသဘောတူစာချုပ်များ ပါ အချက်များ နှင့် လိုက်လျောညီထွေမှု မရှိသော အချက်များ ပါဝင်နေလေ့ရှိသည်။ ထိုအခါ နိုင်ငံတော် ဥပဒေထဲမှမကိုက်ညီသော ဥပဒေများ ကို ပြောင်းလဲရန် လိုအပ်လာသည်။ ထိုအခါမျိုး တွင် ဥပဒေပြုလွှတ်တော် က ဥပဒေသစ်ကို ပြောင်းလဲအတည်ပြုပေးရသည်။

နိုင်ငံတကာဥပဒေများ တွင် အမျိုး သားဥပဒေများ ကဲ့သို့ တရားရုံးတွင် မဖြစ်မနေ တရားရင်ဆိုင်အစစ်ဆေးခံရ ခြင်းမရှိပေ။ တရားရင်ဆိုင်ခြင်းသည် နိုင်ငံတကာတရားရုံး (International Courtof Justice) ၏ ပါဝင်ပတ်သက်နိုင်မှု အဆင့်အတန်း၊ လက်မှတ်ထိုးသဘောတူထားသော စာချုပ်နှင့် လက်မှတ်ရေး ထိုးထားသော နိုင်ငံ၏ သဘောတို့အပေါ် မူတည်သည်။ အချို့ နိုင်ငံများ သည် နိုင်ငံတကာတရားရုံးတွင် တရားရင်ဆိုင်ရခြင်းကို လက်ခံသဘောတူသော် လည်း အချို့ နိုင်ငံများ ကမူ ထိုသို့ တရားရင်ဆိုင်ခြင်းကိုလက်မခံကြ။

မ ဖြစ်မနေ တရားရင်ဆိုင်ရန်အတွက် တောင်းဆိုနိုင်လောက်အောင် လုံလောက်သော ခိုင်မာသည့်ဥပဒေသက် ရောက်မှု လည်းမရှိပေ။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အားလုံး တက်ရောက်၍ ဆုံးဖြတ်ချက်များ ချမှတ်လေ့ရှိသော ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်များ ကို နိုင်ငံတကာတရားဥပဒေစီရင်ချက်များ ဟု မှတ်ယူနိုင်သော် လည်း လုံလောက်သော စည်းမျဉ်းများ မချနိုင်သေးချေ။ အကယ်၍ ထိုသို့ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းခံရသော နိုင်ငံက ထိုဆုံးဖြတ်ချက်များ ကိုလိုက်နာရန် ငြင်းဆန်သည့်အခါမျိုး ၌ ထိုဆုံးဖြတ်ချက်များ အတိုင်း လိုက်နာလာအောင် ဖိအားပေးရာတွင် လည်း အားနည်းသည်ကို တွေ့မြင်ရသည်။

ဖိအားပေးသည်ဟု ဆိုရာတွင် လူ့အခွင့်အရေး ချိုး ဖောက်မှု ဖြင့် နာမည်ဆိုးနေသော နိုင်ငံအားအရှက်ရစေအောင် ပထမဦးဆုံးလုပ်ဆောင်နိုင်သည်။ အမေရိကန်နှင့် တရုတ်နိုင်ငံတို့ကဲ့သို့ သော အင်အားကြီးနိုင်ငံများ အပေါ် လူ့အခွင့်အရေး နှင့် ပတ်သက်၍ အရေး ယူဆောင်ရွက်နိုင်မှု မှာ အလွန်နည်းပါးလှသော် လည်း နိုင်ငံတကာအလည်တွင် ၎င်းတို့၏ အပြုအမူအပေါ် ဝေဖန်ဖွင့်ဟ ပြောဆိုခြင်းဖြင့် အရှက်ရစေနိုင်သည်။ ထိုနိုင်ငံသည် ၎င်းတို့၏ လူ့အခွင့်အရေး ချိုး ဖောက်နေမှု များ ၊ဖိနှိပ်သည့် ပေါ်လစီများ ကို လွယ်လင့်တကူ ပြောင်းလဲချင်မှပြောင်းလဲမည် ဖြစ်သော် လည်း ထိုနိုင်ငံ၏ အစိုးရများ နှင့် ပြည်သူများ အနေဖြင့် ၎င်းတို့သည် အပြည်ပြည်ဆိုင်ရာ ဥပဒေများ နှင့် အညီ ကျင့်သုံးနေထိုင်ကြောင်းကို နိုင်ငံတကာအလယ်တွင် သက်သေပြသလိုသော စိတ်များ ပေါ်လာစေမည် ဖြစ်သည်။

နောက်အဆင့်အနေနှင့် စီးပွားရေး ပိတ်ဆို့မှု နှင့် အခြားနည်းများ ဖြင့် ပိတ်ဆို့ခြင်းများ ကိုလုပ်ဆောင်နိုင်သည်။ နောက်ဆုံးနည်းမှာ ကုလသမဂ္ဂကိုယ်တိုင် ဝင်ရောက်ဖြေရှင်းပေးသည့်နည်း ဖြစ်သည်။ ကုလသမဂ္ဂလုံခြုံရေး ကောင်စီအနေနှင့် နိုင်ငံတစ်နိုင်ငံအပေါ် ကုလသမဂ္ဂအနေဖြင့် ကိုယ်တိုင်ဝင်ရောက်ဖြေရှင်းရန် လိုအပ်ပြီဟု ဆုံးဖြတ်လိုက်ပါက အရေး ယူဆောင်ရွက်မှု များ လုပ်ဆောင်ရန်ပန်ကြားနိုင်သည်။ ထိုသို့ လုပ်ဆောင်မှု မျိုး တွင် ကုလသမဂ္ဂစောင့်ကြည့်လေ့လာရေး အဖွဲ့များ စေလွှတ်ခြင်းမှစ၍ ကုလ သမဂ္ဂလုံခြုံရေး ထိန်းသိမ်းရေး တပ်များ စေလွှတ်ခြင်းအထိ ဖြစ်နိုင်သည်။

•••

# အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေများ

ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် နိုင်ငံများ ၏ အစိုးရများ သည် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး ထွန်းကားရေး နှင့် ပဋိပက္ခချုပ်ငြိမ်းရေး တို့အတွက် ကြိုးပမ်းလုပ်ဆောင်လာခဲ့ကြသည်။ နိုင်ငံသား တစ်ယောက် ၏ အသက်ရှင်ရပ်တည်ခွင့်နှင့် လွတ်လပ်ခွင့်ကို မည် သူတစ်ဦး တစ်ယောက် မှ ဥပဒေမဲ့ထိပါးနှောက်ယှက် အန္တရာယ်မပြုနိုင်အောင် စောင့်ရှောက်နိုင်မည့် နည်းလမ်းကို တွေ းတောကြံဆလာခဲ့သည်။ နိုင်ငံတစ်နိုင်ငံ၏ အစိုးရတစ်ရပ်က ၎င်း၏ နိုင်ငံသား တစ်ယောက် အပေါ် လူ့အခွင့်အရေး ချိုးဖောက်ခြင်းများ မပြုနိုင်အောင် အကာအကွယ်ပေးနိုင်သော ၊ တစ်ကမ္ဘာလုံးကို လွှမ်းခြုံသော လူ့အခွင့်အရေး စံချိန်စံညွှန်းများ ပေါ်ထွန်းလာရေး အတွက် တောင်းဆိုမှု များ ကမ္ဘာအနှံ့အပြားပေါ်ထွက်လာခဲ့သည်။ နိုင်ငံအသီးသီး၏ ပြုမူဆောင်ရွက်ချက်များ သည် လူ့အခွင့်အရေး အပေါ်တည်မှီရမည် ဟူသော အယူအဆတရပ်လည်း ပေါ်ထွန်းလာခဲ့သည်။ တဖြေးဖြေးနှင့် နောက်ပိုင်းတွင် နိုင်ငံအတော် များများ က ဆက်လက်ထိန်းသိမ်းထားလိုသည့် တင်းမာသော နိုင်ငံတော် အချုပ်အခြာဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို လူ့အခွင့်အရေး ဆိုင်ရာ အတွေ းအခေါ်က ရိုက်ချိုးနိုင်ခဲ့သည်။ဒုတိယကမ္ဘာစစ်အပြီးတွင် နောက်ထပ်ကမ္ဘာစစ်မ ဖြစ်အောင် တားဆီးနိုင်စေရေး အတွက်နှင့် လူ့အခွင့်အရေး လေးစားရေး တို့ကို ကမ္ဘာတဝှမ်းလုံးတွင် လုပ်ဆောင်နိုင်ရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂကို ၁၉၄၅ ခုနှစ် ၊ အောက်တိုဘာလ (၂၄) ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ကုလသမဂ္ဂပဋိညာဉ်စာတမ်း၏ အပိုဒ် (၆၈)အရ လူ့အခွင့်အရေး ကော်မရှင် (Commission on HumanRights) အပါအဝင် ကုလသမဂ္ဂအထူးကော်မရှင်များ ကို ၁၉၄၆ ခုနှစ် တွင် စတင်ဖွဲ့စည်းခဲ့သည်။ ကုလသမဂ္ဂအဖွဲ့ အစည်းတွင် လူ့အခွင့်အရေး နှင့် ပတ်သက်၍ လုပ်ဆောင်ရန် လူ့အခွင့်အရေး ကော်မရှင်တရပ်ကို ဖွဲ့ စည်းထားခဲ့သော် လည်း နိုင်ငံတကာက အသိအမှတ်ပြုလက်ခံနိုင်မည့် လူ့အခွင့်အရေး စံချိန်စံညွှန်းတစ်ရပ်မှ မရှိသေးသည့်အတွက် လိုအပ်နေသော လူ့အခွင့်အရေး စံချိန်စံညွှန်းတစ်ခုကို ပထမဦးဆုံးပြင်ဆင်သတ်မှတ်နိုင်ရန် လိုအပ်လာသည်။ ထို တာဝန်ပေးချက်အရပေါ်ပေါက်လာသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး

ကြေညာစာတမ်းသည် လူ့အခွင့်အရေး နှင့် ပတ်သက်၍ နိုင်ငံတကာတွင် ပထမဦးဆုံးပေါ်ပေါက်လာသော စာရွက်စာတမ်း ဖြစ်သည်။ ထိုကြေညာစာတမ်းမှတစ်ဆင့် နောက်ထပ်လူ့အခွင့်အရေး ဆိုင်ရာ နိုင်ငံတကာစာချုပ်များ ပေါ်ထွန်းလာခဲ့သည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights)

ကုလသမဂ္ဂရှိ လူ့အခွင့်အရေး ကော်မရှင်မှ ဦးဆောင်၍ ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် ပါဝင်သော လူ့အခွင့်အရေး နှင့် လွတ်လပ်ခွင့်ဆိုသည့် အဓိပ္ပာယ်များ ကို ဖွင့်ဆိုရှင်းပြနိုင်မည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်းကို ပြင်ဆင်ရေး ဆွဲခဲ့သည်။ အမေရိကန်သမ္မတကတော် ဖြစ်သူအယ်လီနာရို့စဗဲ့(Eleanor Roosevelt)၏ ဦးဆောင်မှု ဖြင့် ရေး ဆွဲခဲ့သော ထိုစာတမ်းအပေါ်ကမ္ဘာ့နိုင်ငံများ ကအထူးစိတ်ဝင်စားခဲ့ကြသည်။ အစိုးရကိုယ်စားလှယ်များ ၊ အစိုးရမဟုတ်သော အဖွဲ့များ နှင့် အကြိမ်ကြိမ် ဆွေးနွေးတိုင်ပင်မှု များ လုပ်ဆောင်အပြီး ၁၉၄၈ခုနှစ် ဇွန်လတွင် ထိုကြေညာစာတမ်းကို အပြီးသတ်နိုင်ခဲ့သည်။

ထိုမူကြမ်းကို အကြိမ်ကြိမ် အဖန်ဖန်လေ့လာမှု များ ပြုလုပ်အပြီး ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ (၁၀)ရက်နေ့တွင် ပြင်သစ်နိုင်ငံပဲရစ်မြို့ တွင် ကျင်းပသော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ နေ၍ ထိုကြေညာစာတမ်းကို အတည်ပြု ပြဌာန်းနိုင်ခဲ့သည်။ နိုင်ငံပေါင်း ၄၈ နိုင်ငံက ထောက်ခံခဲ့သည်။ ဘဲလတ်ရု၊ ချက်ကိုစလိုဗေးကီးယား၊ ပိုလန်၊ ဆော်ဒီအာရေး ဗီးယား၊ တောင်အာဖရိက၊ ယူကရိမ်း၊ ဆိုဗီယက်ပြည်ထောင်စုနှင့် ယူဂိုစလားဗီးယားနိုင်ငံစသည့် နိုင်ငံ (၈)နိုင်ငံတို့က မဲမပေးဘဲ ကြားနေခဲ့ကြပြီး ကန့်ကွက်နိုင်ငံလုံးဝမရှိဘဲ အတည်ပြုပြဌာန်းနိုင်ခဲ့သည်။

လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် ပတ်သက်၍ ဆွေးနွေးကြရာတွင် နိုင်ငံများ အကြား အယူအဆမတူ ညီမှု များ ၊ အငြင်းအခုန်ဆွေးနွေးပွဲများ ဖြစ်ခဲ့သည်ကို တွေ့နိုင်သည်။ အနောက်နိုင်ငံ (၁၄)နိုင်ငံကလူ့အခွင့်အရေး သည် လူသားတိုင်းအတွက် မွေးရာပါအခွင့်အရေး ဖြစ်ကြောင်း လက်ခံခဲ့ပြီး တန်းတူညီမျှမှု နှင့် မခွဲခြားရေး

အခြေခံမှုကိုတင်ပြခဲ့ကြသည်။

အမေရိကတိုက်အလယ်ပိုင်းနှင့် လက်တင်အမေရိကနိုင်ငံပေါင်း (၂၀)က အနောက်နိုင်ငံများ ၏ အယူအဆကို လက်ခံခဲ့သော်လဲ ထို့ထက်ပိုမိုပြင်းထန်လေးနက်သော စကားလုံးကို သုံးချင်သည်။ဆိုရှယ်လစ်နိုင်ငံများ ဖြစ်သည့် ဆိုဗီယက်ပြည်ထောင်စုနှင့် အရှေ့ဥရောပနိုင်ငံအချို့ က မတ်စ်ဝါဒကိုလက်ကိုင်ထားပြီး လူ့အခွင့်အရေး ဆိုသည်မှာ အရင်းရှင်စနစ်နှင့် ကိုလိုနီစနစ်အောက်တွင် သာလိုအပ်ပြီး ကွန်မြူနစ်အသိုင်းအဝိုင်းတွင် မလိုအပ်ဟု တင်ပြကြသည်။ ကြေညာစာတမ်းထဲတွင် နိုင်ငံသား၊ နိုင်ငံရေး အခွင့်အရေး များသာ ပါဝင်နေကြောင်းထောက်ပြခဲ့သည်။ နောက်ဆုံးတွင် စီးပွားရေး ၊ လူမှု ရေး ၊ ယဉ်ကျေးမှု နှင့် ဆက်စပ်သည့် အပိုဒ်များ ကို ဖြည့်စွက်၊ အချို့ သော အပိုဒ်များ ကိုအပြောင်းအလဲပြု လုပ်ပြီးနောက်မှလက်ခံခဲ့သည်။

မွတ်ဆလင်နိုင်ငံများ ဖြစ်သော ဆော်ဒီအာရေး ဘီးယားနှင့် ပါကစ္စတန်နိုင်ငံတို့ကမူ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာကို သတိထားရန် ထောက်ပြခဲ့သည်။

အာဖရိကန်နိုင်ငံ (၄) နိုင်ငံက မူကြမ်းအပိုဒ် (၁) တွင် ဘုရားသခင်က ဖန်ဆင်းပေးထားချက်အရဟူသော အချက်ကို ထည့်ချင်သည်ဟု ဆန္ဒရှိပြီး အချို့ က သဘာဝ တရားအရ ဟုထည့်လိုကြောင်းတင်ပြဆွေးနွေးခဲ့သည်။

အပိုဒ် (၇)တွင် ပါဝင်သော ဥပဒေရှေ့တွင် လူတိုင်းတန်းတူညီမျှမှု ရှိရမည် ကို တောင်အာဖရိကနိုင်ငံက စစခြင်းတွင် သဘောမတူခဲ့၊ ကျန်သော နိုင်ငံများ အားလုံးက ကန့်ကွက်ခဲ့၍ လက်ခံသွားခဲ့သည်။ဆော်ဒီအာရေး ဘီးယား ကိုယ်စားလှယ်က အပိုဒ် (၁၈)တွင် ပါဝင်သော ဘာသာ ရေး ပြောင်းလဲခွင့်ကို ကန့်ကွက်ခဲ့သည်။ သို့ သော် အခြားသူများ က ဝိုင်းဝန်းဆန့်ကျင်ခဲ့ကြသည်။အချို့ ကက်သလစ်ကိုယ်စားလှယ်များ က အပိုဒ် (၁၆) ပါသည့် လက်ထပ်ရာတွင် ကျား၊မ တန်းတူညီမျှခွင့်နှင့် ပတ်သက်၍ မေးခွန်းများ ထုတ်ခဲ့သော်လည်း နောက်ပိုင်းတွင် ပြန်လက်ခံခဲ့သည်။အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းတွင် လူ့အခွင့်အရေး နှင့် ပတ်သက်သော အထွေထွေနှင့် အခြေခံအချက်များ ပါဝင်သည်။ ထိုလူ့အခွင့်အရေး ကြေညာစာတမ်းသည် အဖွဲ့ ဝင်နိုင်ငံများ အနေနှင့်

လေးစားလိုက်နာပါမည် ဟု သဘောတူလက်မှတ်ရေး ထိုးရန် လိုအပ်သော သဘောတူစာချုပ်မျိုး မဟုတ်သော်လည်း ကြေညာစာတမ်းပါ အချက်များ ကို တန်ဖိုးထားစောင့်ရှောက်ရန် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတိုင်းတွင် တာဝန်ရှိသည်။
ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ပြဌာန်းလိုက်သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းသည် လက်မှတ်ရေး ထိုးစရာလိုအပ်သော သဘောတူစာချုပ် မဟုတ်သော်လည်း မည် သည့်နိုင်ငံမဆို ကုလသမဂ္ဂပဋိညာဉ်ကို လက်မှတ်ရေး ထိုးလိုက်ပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်သွားသည်နှင့် တပြိုင်နက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်းပါအချက်များ ကို လေးစားလိုက်နာရန် တာဝန်ရှိသွားပြီ ဖြစ်သည်။
အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကို ကုလသမဂ္ဂပဋိညာဉ်မှလွဲ၍ မည် သည့်စာချုပ်၊ မည် သည့်ဥပဒေကမှ မလွှမ်းမိုးနိုင်။ ဤကြေညာစာတမ်းကို နိုင်ငံအစိုးရများ ၏ လူ့အခွင့်အရေး နှင့် ပတ်သက်၍ လေးစားလိုက်နာမှု ကို တိုင်းတာသော စံချိန်စံညွှန်းအ ဖြစ် အသုံးပြုလာခဲ့သည်။ ကုလသမဂ္ဂ အထွေထွေညီလာခံတွင် သာမက လုံခြုံရေး ကောင်စီတွင် ပါ ကိုးကားလာခဲ့ကြသည်။ နိုင်ငံတကာဥပဒေဆိုင်ရာ စာချုပ်များ တွင် လည်း ကိုးကားဖော်ပြလေ့ရှိသည်။ ထို့အပြင်နိုင်ငံများ ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ ထဲတွင် ကိုးကားရေး ဆွဲကြတတ်သည်။ တစ်ခါတရံ ထိုအခွင့်အရေး များ သည် နိုင်ငံတော် ဥပဒေများ ၏ အစိတ်အပိုင်း ဖြစ်လာသည်။ နိုင်ငံအသီးသီး၏ နိုင်ငံတော် တရားရုံးများ တွင် လည်း ဥပဒေအရ ကိုးကားလာခဲ့ကြသည်။

ထိုလူ့အခွင့်အရေး ကြေညာစာတမ်းတွင် လူသားတို့၏ နိုင်ငံသားအခွင့်အရေး၊ နိုင်ငံရေး အခွင့်အရေး၊ စီးပွားရေး အခွင့်အရေး၊ လူမှု ရေး အခွင့်အရေး နှင့် ယဉ်ကျေးမှု အခွင့်အရေး များ ကိုထည့်သွင်းဖော်ပြထားသည်။ အပိုဒ်ပေါင်း (၃၀)ပါဝင်ပြီး အပိုဒ် (၁) နှင့် (၂) တို့သည်လူ့အခွင့်အရေး ၏ အဓိပ္ပာယ်အယူအဆတို့ကို ဖွင့်ဆိုရှင်းပြထားသည်။ အပိုဒ် (၃) မှ (၂၇)တို့မှာ လူ့အခွင့်အရေး အမျိုး အစားများ ဖြစ်သည်။ အပိုဒ် (၂၈) မှ (၃၀) အထိသည် ထိုအခွင့်အရေး များ လေးစားရန်၊ အခြားသူများ ၏ အခွင့်အရေး များ ကို လေးစားရန်၊ မည်

သူမှ မချိုး ဖောက်ရန်တာဝန်များ ကို ရှင်းလင်းဖော်ပြထားသည်။

**လူ့အခွင့်အရေးကြေညာစာတမ်း၏ အတိုချုပ်ရှင်းလင်းချက်များမှာ**

အပိုဒ်(၁) လူတိုင်းသည် မွေးဖွားလာကတည်းက တူညီသော ဂုဏ်သိက္ခာနှင့် တူညီသော အခွင့်အရေးရှိသည်။

အပိုဒ်(၂) မည်သူ့ကိုမှ ခွဲခြားဖိနှိပ်ခြင်းမရှိစေရ။

အပိုဒ်(၃) လူတိုင်းအသက်ရှင်ခွင့်၊ လွတ်လပ်ခွင့်နှင့် လုံခြုံခွင့်။

အပိုဒ်(၄) မည်သူ့ကိုမှ ကျွန်အဖြစ်စေခိုင်း၊ ရောင်းဝယ်ခြင်းမပြုခွင့်။

အပိုဒ်(၅) မည်သူ့ကိုမှ မတရားနှိပ်စက်ခြင်း၊ လူမဆန်စွာ ရက်စက်စွာ ဆက်ဆံခြင်း၊ အပြစ်ပေးခြင်းမပြုခွင့်။

အပိုဒ်(၆) တရားဥပဒေရှေ့မှောက်တွင် လူတိုင်းအား လူသားအဖြစ် အသိအမှတ်ပြုခံပိုင်ခွင့်

အပိုဒ်(၇) တရားဥပဒေရှေ့တွင် တန်းတူညီခွင့်။

အပိုဒ်(၈) မိမိအခွင့်အရေး ချိုးဖောက်ခံရပါက ဥပဒေအကူအညီရယူခွင့်။

အပိုဒ်(၉) မတရားဖမ်းဆီးခြင်း၊ တိုင်းပြည်မှ နှင်ထုတ်ခြင်းအား ကာကွယ်မှုရရှိခွင့်။

အပိုဒ်(၁၀) လူအများကြားနာပြီး တရားမျှတသော တရားစီရင်မှု ရရှိခွင့်။

အပိုဒ်(၁၁) နိုင်လုံသော အထောက်အထားမရှိမချင်း ထိုသူသည် အပြစ်မရှိဟူ၍ သတ်မှတ်ခံပိုင်ခွင့်။

အပိုဒ်(၁၂) ပုဂ္ဂလိက ကိုယ်ရေးကိုယ်တာများအား ဝင်ရောက်စွက်ဖက်ခြင်းမရှိခွင့်။

အပိုဒ်(၁၃) လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်။

အပိုဒ်(၁၄) မတရား အပြစ်ပေးခံရမည်ဆိုပါက အခြားနိုင်ငံများတွင် ခိုလှုံခွင့် တောင်းခံပိုင်ခွင့်

အပိုဒ်(၁၅) နိုင်ငံသားဖြစ်ခွင့်။

အပိုဒ်(၁၆) အရွယ်ရောက်သူတိုင်း မိမိဆန္ဒဖြင့် လက်ထပ်အိမ်ယာထူထောင်ခွင့်

အပိုဒ်(၁၇) ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်။

အပိုဒ်(၁၈) လွတ်လပ်စွာ တွေးခေါ်ယုံကြည်ကိုးကွယ်ခွင့်။

အပိုဒ်(၁၉) လွတ်လပ်စွာ ထုတ်ဖော်တင်ပြပြောဆိုခွင့်၊ သတင်းများရယူခွင့်။

အပိုဒ်(၂၀) ငြိမ်းချမ်းစွာ ဖွဲ့စည်းထားသော အဖွဲ့များအား လွတ်လပ်စွာ ဝင်ရောက်ခွင့်၊ စုဝေးခွင့်။

အပိုဒ်(၂၁) အစိုးရတွင်ပါဝင်ခွင့်၊
အပိုဒ်(၂၂) လူမှုဖူလုံရေးခံစားခွင့်၊
အပိုဒ်(၂၃) အလုပ်လုပ်ခွင့်၊ အလုပ်သမားသမဂ္ဂများ ဝင်ရောက်ခွင့်၊
အပိုဒ်(၂၄) အပန်းဖြေအနားယူခွင့်၊
အပိုဒ်(၂၅) လုံလောက်သော လူမှုအဆင့်အတန်းခံစားခွင့်နှင့် ဆေးကုသခံပိုင်ခွင့်၊
အပိုဒ်(၂၆) ပညာသင်ကြားပိုင်ခွင့်၊
အပိုဒ်(၂၇) ယဉ်ကျေးမှုဘဝတွင် ပါဝင်ခွင့်နှင့် မိမိတီထွင်မှုအကျိုးကို မိမိခံစားပိုင်ခွင့်၊
အပိုဒ်(၂၈) ထိုအခွင့်အရေးများကို လေးစားရန်တာဝန်။
အပိုဒ်(၂၉) အခြားသူများ၏ အခွင့်အရေးများကို လေးစားရန်တာဝန်။
အပိုဒ်(၃၀) မည်သူမှ ဤအခွင့်အရေးများကို မချိုးဖောက်ရန်တာဝန်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းသည် ကျင့်ဝတ်သိက္ခာဆိုင်ရာ လုပ်ထုံးဥပဒေတစ်ခုသာ ဖြစ်ပြီး ဥပဒေသက်ရောက်အကောင်အထည်ဖော်ရေး တွင် မောင်းနှင်ဖြည့်ဆည်းပေးမည့် ဥပဒေယန္တရားတစ်စုံတရာမှ မပါရှိခဲ့။ သို့သော် တစ်ကမ္ဘာလုံးက ထိုလူ့အခွင့်အရေး ကြေညာစာတမ်းကို လက်ခံသဘောတူနေပြီး ဖြစ်သည်။ ထို့ကြောင့် ယင်းကြေညာစာတမ်းကို လူ့အခွင့်အရေး ဖွံ့ဖြိုး တိုးတက်မှု နှင့် ကာကွယ်စောင့်ရှောက်မှု တို့အတွက် နိုင်ငံတကာက အသိအမှတ်ပြုထားသော စံများ ဟု သတ်မှတ်ကြသည်။ ယင်းကြေညာစာတမ်းကို မောင်းနှင်အားဖြည့်ပေးမည့် ယန္တရားတစ်စုံတရာမရှိသော်လည်း ယခုအခါတွင် နိုင်ငံတကာ ဓလေ့ထုံးစံဥပဒေများ ၏ အစိတ်အပိုင်းတစ်ခုအ ဖြစ် ရောက်ရှိလာပြီဟု ဆိုနိုင်သည်။

ထိုကြေညာစာတမ်းကို အခြေခံ၍ နောက်ထပ် လူ့အခွင့်အရေး သဘောတူစာချုပ် အများ အပြားပေါ်ထွန်းလာခဲ့သည်။ အချို့ မှာ အသက်ဝင်နေခဲ့ပြီး ဖြစ်ပြီး အချို့ ကို နိုင်ငံအနည်းငယ်ကသာ အတည်ပြုလက်မှတ်ရေး ထိုးထားပြီး သတ်မှတ်ထားသည့် လက်မှတ်ထိုးနိုင်ငံအရေအတွက် မပြည့်သေးသည့်အတွက် အသက်ဝင်လာခြင်း မရှိသေးသည်ကိုလည်း တွေ့ရသည်။ အချို့ မှာ သဘောတူစာချုပ်အဆင့်သို့ မရောက်သေးဘဲ ကြေညာစာတမ်းအဆင့်လောက်သာရှိသေးသည်ကို တွေ့ရသည်။ ၁၉၄၈ ခုနှစ် တွင် ကြေညာစာတမ်းကို အတည်ပြုအပြီး ပိုမိုစည်းနှောင်မှု ရှိသော လူ့အခွင့်အရေး

စာချုပ်များ ကို ရေး ဆွဲလာခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းတွင် ပါဝင်သော လူ့အခွင့်အရေး စံချိန်စံညွှန်းများ ကို ပိုမိုတိတိကျကျ အသေးစိတ် ပြဋ္ဌာန်းနိုင်ရန်နှင့် နိုင်ငံများ အပေါ် ကြီးကြပ်မှု လုပ်ငန်းစဉ်များ ကို ပိုမိုလုပ်ဆောင်နိုင်ရန်အတွက် လူ့အခွင့်အရေး စာချုပ်ကြီးနှစ် ခုကို ၁၉၆၆ ခုနှစ် ဒီဇင်ဘာလ (၁၆) ရက်နေ့တွင် ပြဋ္ဌာန်းနိုင်ခဲ့သည်။ ထိုစာချုပ်ကြီးနှစ် ခုမှာ အပြည်ပြည် စီးပွားရေး ၊ လူမှု ရေး နှင့် ယဉ်ကျေးမှု အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်၊(International Covenant on Economic, Social and Cultural Rights) နှင့် အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်(International Covenanton Civil and Political Rights) တို့ ဖြစ်သည်။

ကုလသမဂ္ဂအထွေထွေညီလာခံကြီးက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် ထိုလူ့အခွင့်အရေး စာချုပ်ကြီးနှစ် ခုကို စုပေါင်း၍ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေ(International Bill of Human Rights)ဟု ခေါ်သည်။




အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းမှ အစပျိုး ၍ လူ့အခွင့်အရေး ဆိုင်ရာ စာချုပ်ကြီးနှစ် ရပ် ပေါ်ထွန်းလာရခြင်းကပင်လျှင် လူ့အခွင့်အရေး နှင့် ပတ်သက်၍ မတူကွဲပြားသော ဒသဃ  နဆိုင်ရာ ရေစီးကြောင်းနှစ် ခုရှိနေခဲ့သည်ကို ပြနေသည်။ နိုင်ငံသားနှင့် နိုင်ငံရေး ဆိုင်ရာ အခွင့်အရေး များ သည် လူတစ်ဦး တစ်ယောက်

ချင်းသဘောကို ဆောင်သည်။ တစ်ဦးချင်းဘ၀အပေါ်တွင် နိုင်ငံတော် ၏ ထိန်းချုပ်မှု နည်းနိုင်သမျှနည်းစေရေး ဟူသည့် အနောက်နိုင်ငံလစ်ဘရယ်ဝါဒ စရိုက်လက္ခဏာများ နှင့် ထပ်တူကျသည်ဟုဆိုကာ ဖွံ့ဖြိုး ဆဲနိုင်ငံအချို့ နှင့် ယခင်ဆိုရှယ်လစ်အုပ်စုနိုင်ငံများ က အထူးသဘောမကျလှ။ ပြည်သူလူထုအတွက် ပညာရေး အိုးအိမ်၊ လူမှု ဖူလုံရေး နှင့် ကျန်းမာရေး အကူအညီတို့ကို ထောက်ပံ့ပေးရခြင်းသည် စီးပွားရေး ၊ လူမှု ရေး နှင့် ယဉ်ကျေးမှု အခွင့်အရေး ဆိုင်ရာစာချုပ်နှင့် ကိုက်ညီသည်ဟုဆိုကာ ထိုနိုင်ငံများ က စီးပွားရေး ၊ လူမှု ရေး နှင့် ယဉ်ကျေးမှု အခွင့်အရေး ဆိုင်ရာ စာချုပ်ကို ပိုမိုထောက်ခံကြိုဆိုခဲ့သည်။

စာချုပ်ကြီးနှစ် ခုကို အတည်ပြုပြဌာန်းခဲ့သည့် ၁၉၆၆ ခုနှစ် မှစတင်၍ ထိုစာချုပ်များ ကို လက်မှတ်ရေး ထိုးရန် နိုင်ငံများ ကို ဖိတ်ခေါ်ခဲ့သည်။ သို့ သော် (၁၀)နှစ် ကျော်ကြာမြင့်ခဲ့ပြီးမှ ကုလသမဂ္ဂအဖွဲ့ ၀င်နိုင်ငံ(၃၅)နိုင်ငံက လက်မှတ်ရေး ထိုးခဲ့ပြီး စာချုပ်ပါ ဥပဒေများ လည်း သက်ရောက်မှု အားကောင်းလာခဲ့သည်။ ထိုသို့ နှေးကွေးသည့် ဖြစ်စဉ်က လူ့အခွင့်အရေး ဆိုင်ရာ အယူအဆနှင့် ပတ်သက်၍ နိုင်ငံများ အနေနှင့် လက်ခံရန်ခက်ခဲနေခြင်းကို ညွှန်ပြလျှက်ရှိသည်။မိမိတို့၏ ပြည်တွင်း ရေး ရာ ကိစ္စများ သာ ဖြစ်သည်ဟု သတ်မှတ်ခဲ့သည့် လူ့အခွင့်အရေး ကိစ္စများ ကိုနိုင်ငံတကာမှ ကြီးကြပ်နိုင်ရန် တံခါးဖွင့်ပေးလိုက်ရခြင်းသည် အချို့ နိုင်ငံများ အတွက် အဓိကအခက်အခဲပင် ဖြစ်သည်။ လူ့အခွင့်အရေး ဆိုင်ရာ အယူအဆကို အကြီးအကျယ် ထောက်ခံနေပါသည်ဆိုသော နိုင်ငံများ ကပင် လက်တွေ့ အားဖြင့် လူ့အခွင့်အရေး ဆိုင်ရာ စာချုပ်တချို့ သို့မဟုတ်အများ အပြားကို လက်မှတ်ရေး ထိုးရန် ငြင်းဆိုလျှက်ပင် ရှိနေသေးသည်။

နိုင်ငံတကာလူ့အခွင့်အရေး စာချုပ်များ ကို လက်မှတ်ရေး ထိုးခြင်း အဆင့်ဆင့်

စာချုပ်အဖွဲ့ ၀င်နိုင်ငံများ သည် စာချုပ်ပါအချက်အလက်များ ကို အမှန်တကယ် အတည်ပြုလက်မှတ်ရေး ထိုးရန်အတွက် ပဏာမအဆင့် လက်မှတ်ရေး ထိုးခြင်း (Signature) ကို လုပ်ဆောင်ရသည်။ထိုစာချုပ်ကို အတည်ပြုလက်မှတ်ရေး ထိုးရန် ဆန္ဒရှိကြောင်း၊ နောင်တစ်ချိန်တွင် နိုင်ငံရှိ နိုင်ငံတော် ဥပဒေထုံးတမ်းစဉ်လာများ အရ အတည်ပြုလက်မှတ်ရေး ထိုးမည် ဖြစ်ကြောင်း အသိပေးသည့်သဘောဆောင်သည်။

နောက်တစ်ဆင့် ဖြစ်သော အတည်ပြုလက်မှတ်ရေး ထိုးခြင်း (Ratification) သည် စာချုပ်ပါအချက်အလက်များ အားလုံးကို လေးစားလိုက်နာပါမည် ဖြစ်ကြောင်း သဘောတူလက်ခံသည့်သဘောဆောင်သည်။ ပဏာမလက်မှတ်ထိုးပြီးပါက စာချုပ်ပါအချက်များ ကို မိမိနိုင်ငံတွင် အမှန်တကယ်လိုက်နာလေးစားရန်အတွက် ပြင်ဆင်သင့်သည်များ ကို ပြင်ဆင်ပြီးမှ တာဝန်ယူကတိပြုခြင်းသဘောမျိုး ဆောင်သည်။ ထိုသို့ အတည်ပြုလက်မှတ်ရေး ထိုးပြီးမှသာ ထိုနိုင်ငံကိုစာချုပ်အဖွဲ့ဝင်နိုင်ငံအ ဖြစ် လက်ခံခေါ်ဝေါ်နိုင်သည်။ ထိုသို့ အတည်ပြုလက်မှတ်ရေး ထိုးထားပြီးသော နိုင်ငံများ အနေဖြင့် စာချုပ်ပါလုပ်ထုံးလုပ်နည်းများ အတိုင်း အစီရင်ခံစာများ ကို ကော်မတီထံတင်ပြခြင်း၊ ကော်မတီက လေ့လာပြီး အကြံပေးချက်များ ပေးခြင်းကို လုပ်ဆောင်နိုင်သည်။

အချို့ သဘောတူစာချုပ်များ သည် ပြဋ္ဌာန်းပြီးပြီးချင်း အသက်ဝင်လာခြင်း (Entry intoforce)မရှိပေ။ စာချုပ်တိုင်းတွင် လက်မှတ်ရေး ထိုးသော နိုင်ငံအရေအတွက် မည် ၍ မည် မျှပြည့်မှသာထိုစာချုပ်သည် အသက်ဝင်လာရမည် ဟု သတ်မှတ်ဖော်ပြထားလေ့ရှိသည်။ စာချုပ်အလိုက်သတ်မှတ်ထားသော နိုင်ငံအရေအတွက်မှာ (၁၅) နိုင်ငံ၊ (၂၀) နိုင်ငံ စသည်ဖြင့် ကွဲပြားနိုင်သည်။ဥပမာ - အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်နှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေး ၊ လူမှု ရေး နှင့် ယဉ်ကျေးမှု အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်တို့ကို၁၉၆၆ ခုနှစ် တွင် ပြဋ္ဌာန်းခဲ့သော် လည်း သက်မှတ်ထားသည့် လက်မှတ် ထိုးသည့်နိုင်ငံအရေအတွက်(၂၀)သည် ၁၉၇၆ ခုနှစ် ရောက်မှပြည့်သဖြင့် ထိုနှစ် ရောက်မှ စာချုပ်အသက်ဝင်လာခဲ့သည်။ထိုသို့ အသက်ဝင်လာပြီးမှသာ ကော်မတီများ ဖွဲ့စည်းခြင်းနှင့် လည်ပတ်ခြင်းများ ကိုလုပ်ဆောင်လာနိုင်မည် ဖြစ်၏ ။

အထက်တွင် ဖော်ပြထားသကဲ့သို့ အသက်ဝင်လာပြီး ဖြစ်သော စာချုပ်ကို နိုင်ငံတစ်နိုင်ငံကလက်မှတ်ရေး ထိုးပြီး စာချုပ်အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခြင်းအား (Accession) ဖြစ်သည်ဟု ဆိုသည်။ဥပမာ - ယခုအသက်ဝင်နေသော နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး

ဆိုင်ရာ သဘောတူစာချုပ်ကိုနိုင်ငံတစ်နိုင်ငံက ယနေ့လက်မှတ်ရေး ထိုးလိုက်ပါက ထိုနိုင်ငံသည် စာချုပ်ကို Accession ပြုလုပ်သည်ဟုဆိုသည်။

တချို့ သော လူ့အခွင့်အရေး စာချုပ်များ တွင် နောက်ဆက်တွဲစာချုပ် (Protocol) များ ရှိတတ်ကြသည်။ စာချုပ်၏ နောက်ဆက်တွဲ စာချုပ်ဆိုသည်မှာ အများ အားဖြင့် ပင်မစာချုပ်ပါအချက်များ ကိုချိုး ဖောက်ပါက သက်ဆိုင်ရာ စာချုပ်ကော်မတီသို့ တစ်ဦးချင်းတိုင်ကြား ခွင့်ပြုသော လုပ်ထုံးလုပ်နည်းဆိုင်ရာ နောက်ဆက်တွဲ စာချုပ်(ဥပမာ- စီဒေါစာချုပ်၏ နောက်ဆက်တွဲ စာချုပ်) မျိုး ဖြစ်သည်။အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး ဆိုင်ရာ ဥပဒေ၏ နောက်ဆက်တွဲ စာချုပ်တွင် ပင်မစာချုပ်ပါ အချက်အလက်များ အားချိုး ဖောက်သော နိုင်ငံအကြောင်းကို လူတစ်ဦးချင်းအနေနှင့် စာချုပ်ကော်မတီထံ တိုင်ကြားနိုင်သည်ဟု ရေး သားထားသည်။

အချို့ နောက်ဆက်တွဲ စာချုပ်များ မှာ ပင်မစာချုပ်တွင် ပါဝင်သော အချို့ အချက်များ ကို ပိုမိုတိကျစွာ ပြဌာန်း၍ ပိုမိုလေးစားလိုက်နာစေရန် ပေါ်ပေါက်လာသော စာချုပ်မျိုး ( ဥပမာ- ကလေးအခွင့်အရေး စာချုပ်တွင် ပါဝင်သော ကလေးစစ်သားအပိုဒ်နှင့် ပတ်သက်၍ အသက်ကို ပိုမိုတိုးမြှင့်သည့် လက်နက်ကိုင်စစ်ပွဲများ အကြားရှိ ကလေးများ နှင့် ပတ်သက်သည့် နောက်ဆက်တွဲ စာချုပ်) မျိုး လည်းရှိသည်။ ပင်မစာချုပ်ကို လက်မှတ်ရေး ထိုးသော် လည်း နောက်ဆက်တွဲ စာချုပ်ကို မ ဖြစ်မနေလက်မှတ်ရေး ထိုးစရာမလိုအပ်သဖြင့် နောက်ဆက်တွဲ စာချုပ်ကို လက်မှတ်မရေး ထိုးသော နိုင်ငံများ လည်းရှိသည်။

သဘောတူစာချုပ်များ ကို လက်မှတ်ရေး ထိုးထားသော အချို့ နိုင်ငံများ သည် စာချုပ်ပါ အချက်အလက်များ အားလုံးကို မခြွင်းမချန် လုံးဝလိုက်နာပါမည် ဟု သဘောတူလက်မှတ် ရေး ထိုးခြင်းမဟုတ်ဘဲ စာချုပ်ပါအချို့ အချက်အလက်များ ကို ခြွင်းချက်ထားပြီး လက်မှတ်မထိုးဘဲနေလေ့ရှိသည်။၎င်းကို ခြွင်းချက်ထားခြင်း (Reservation) ဟုခေါ်သည်။ စာချုပ်ပါ အချက်အလက်များ ကိုလေးစားလိုက်နာပါမည် ဟု သဘောတူညီသော် လည်း စာချုပ်ပါ တချို့ အပိုဒ်များ ကို လိုက်နာရန်အခက်အခဲရှိပါသည်ဟုဆိုကာ ခြွင်းချက်ထားခြင်းမျိုး ကို အမျိုး သမီးအား နည်းမျိုး

စုံဖြင့် ဖိနှိပ်ခွဲခြားမှု ပပျောက်ရေး သဘောတူစာချုပ်တွင် အများ ဆုံးတွေ့ရသည်။

နိုင်ငံတစ်နိုင်ငံအား မိမိတို့သဘောအလျောက် လူ့အခွင့်အရေး ဆိုင်ရာ စာချုပ်များ တွင် လက်မှတ်ရေး ထိုးစေပြီး ထိုစာချုပ်ပါအချက်များ ကို လေးစားလိုက်နာစေခြင်းမှာ ထိုစာချုပ်များ ၏ အနှစ် သာရ ဖြစ်သည်။ ကုလသမဂ္ဂရှိ လူ့အခွင့် အရေး စာချုပ်အတော်များများ တွင် လက်မှတ်ရေး ထိုးထားသော စာချုပ်အဖွဲ့ဝင်နိုင်ငံ (Signatory States) များ အနေဖြင့် စာချုပ်ပါအချက်အလက်များ အပေါ်တွင် အမှန်တကယ်လေးစားလိုက်နာမှု ရှိ မရှိကို စောင့်ကြပ်ရန်အတွက် စာချုပ်ကော်မတီများ ရှိသည်။ဥပမာ- ကလေးသူငယ်များ အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်ပါအချက်များ ကို လေးစားလိုက်နာပါမည် ဟု လက်မှတ်ရေး ထိုးသဘောတူထားသော နိုင်ငံများ ၏ လုပ်ဆောင်မှု ကို စောင့်ကြည့်ဆောင်ရွက်ရန် ကလေးသူငယ်များ အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်ကော်မတီက တာဝန်ယူရသည်။ ထို့အတူ အမျိုး သမီးများ အားနည်းမျိုး စုံနှင့် ခွဲခြားဖိနှိပ်မှု ပပျောက်ရေး သဘောတူစာချုပ်ပါ အချက်များ ကို စာချုပ်အဖွဲ့ဝင်နိုင်ငံများ က လိုက်နာမှု ရှိမရှိအပေါ် အမျိုး သမီး များ အားနည်းမျိုး စုံနှင့် ခွဲခြားဖိနှိပ်မှု ပပျောက်ရေး သဘောတူစာချုပ်ကော်မတီက ကြီးကြပ်ဆောင် ရွက်ရသည်။ထိုစာချုပ်ကော်မတီများ သည် စာချုပ်များ အရ ပေါ်ပေါက်လာသည့်အတွက် ကုလသမဂ္ဂတွင် လူ့အခွင့်အရေး နှင့် ပတ်သက်၍ စာချုပ်အခြေခံယန္တရား (Treaty-bodies)ဟု ခေါ်သည်။

လူ့အခွင့်အရေး သဘောတူစာချုပ်များ ကို လေးစားလိုက်နာပါမည် ဟု လက်မှတ်ရေး ထိုး လိုက်သည်နှင့် တပြိုင်နက် စာချုပ်အဖွဲ့ဝင်နိုင်ငံများ သည် ထိုစာချုပ်ပါအချက်အလက်များ အား မိမိတို့အနေဖြင့် မည် ကဲ့သို့ လေးစားတန်ဖိုးထားလုပ်ဆောင်နေသည်ကို စာချုပ်ကော်မတီထံသို့ မပျက်မကွက်အစီရင်ခံရန်တာဝန်ရှိလာသည်။ စာချုပ်အပေါ်မူတည်၍ အစီရင်ခံရမည့် နှစ်ကာလအပိုင်းအခြားကွဲပြားမှု ရှိသည်။ အများ အားဖြင့် စာချုပ်လက်မှတ်ရေး ထိုးပြီး တစ်နှစ် သို့ မဟုတ် နှစ် နှစ် အတွင်း ပထမစာချုပ်ကို တင်သွင်းရပြီး နောက်ဆက်တွဲ ပုံမှန်အစီရင်ခံစာများ ကို သုံးနှစ် သို့ မဟုတ်လေးနှစ် တစ်ကြိမ် ပုံမှန်တင်သွင်းရလေ့ရှိသည်။

လူ့အခွင့်အရေး စာချုပ်များ ကို အတည်ပြုပြီးနောက် နိုင်ငံများ ကနေ လေးစားလိုက်နာမည် ဖြစ်ကြောင်းသဘောတူ လက်မှတ်ရေး ထိုးရန်လိုအပ်သည်။ စာချုပ်များ ကိုလိုက်၍ လက်မှတ်ရေး ထိုးသော နိုင်ငံအရေအတွက်များ ကွဲပြားလေ့ရှိသည်။ နိုင်ငံတကာစာချုပ်များ အနက် လက်မှတ်ရေး ထိုးသည့်နိုင်ငံအများ ဆုံးစာချုပ်ကို ပြရမည် ဆိုပါက ကလေးသူငယ်များ အခွင့်အရေး ဆိုင်ရာ စာချုပ်ပင် ဖြစ်သည်။

# နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်များ

၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ ပေါ်ပေါက်ခဲ့သော လူ့အခွင့်အရေးစာချုပ်များမှာ

| စာချုပ်အမည် | အတည်ပြုပြဋ္ဌာန်းသည့်နှစ် |
|---|---|
| လူမျိုးရေးခွဲခြားဖိနှိပ်မှုမျိုးစုံပပျောက်ရေးစာချုပ်<br>ICERD-International Convention on the Elimination of All Forms of Racial Discrimination | ၁၉၆၅ ခုနှစ် ဒီဇင်ဘာ (၂၁)ရက် |
| နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာစာချုပ်<br>ICCPR-International Covenant on Civil and Political Rights | ၁၉၆၆ ခုနှစ် ဒီဇင်ဘာ(၁၆)ရက် |
| စီးပွားရေး လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာသဘောတူစာချုပ်<br>ICESCR- International Covenant on Economic's Social and Cultural Rights | ၁၉၆၆ ခုနှစ် ဒီဇင်ဘာ(၁၆)ရက် |
| နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာစာချုပ် နောက်ဆက်တွဲ(၁)<br>ICCPR-OP1- Optional Protocol to the International Covenant on Civil and Political Rights | ၁၉၆၆ ခုနှစ် ဒီဇင်ဘာ (၁၆) ရက် |
| အမျိုးသမီးများအားနည်းမျိုးစုံဖြင့်ခွဲခြားထားမှုအားလုံး ပပျောက်ရေးသဘောတူစာချုပ်<br>CEDAW-Convention on the Elimination of All Forms of Discrimination against Women | ၁၉၇၉ ခုနှစ် ဒီဇင်ဘာ(၁၈)ရက် |
| နှိပ်စက်ညှင်းပန်းမှုဆိုင်ရာသဘောတူစာချုပ်<br>CAT-Convention against Torture and Other Cruel Inhuman or Degrading Treatment or Punishment | ၁၉၈၄ ခုနှစ် ဒီဇင်ဘာ(၁၀)ရက် |
| ကလေးများအခွင့်အရေးဆိုင်ရာစာချုပ်<br>CRC-Convention on the Rights of the Child | ၁၉၈၉ ခုနှစ် နိုဝင်ဘာ(၂၀)ရက် |

| စာချုပ်အမည် | အတည်ပြုပြဋ္ဌာန်းသည့်နှစ် |
|---|---|
| နိုင်ငံသားနှင့်နိုင်ငံရေးဆိုင်ရာစာချုပ် နောက်ဆက်တွဲ (၂)<br>ICCPR-OP2-Second Optional Protocol to the International Covenant on Civil and Political Rights's aiming at the abolition of the death penalty | ၁၉၈၉ ခုနှစ် ဒီဇင်ဘာ(၁၅)ရက် |
| ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏မိသားစုဝင်များ အခွင့်အရေးသဘောတူစာချုပ်<br>ICRMW- International Convention on the Protection of the Rights of All Migrant Workers and Members of Their Families | ၁၉၉၀ ခုနှစ် ဒီဇင်ဘာ(၁၈)ရက် |
| လူမျိုးတုန်းပျောက်ကွယ်မှုဆောင်ရွက်ခြင်းအား ပပျောက်ရေးသဘောတူစာချုပ်<br>ICPED- International Convention for the Protection of All Persons from Enforced Disappearance | ၂၀၀၆ ခုနှစ် ဒီဇင်ဘာ(၂၀)ရက် |
| မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာစာချုပ်<br>CRPD- Convention on the Rights of Persons with Disabilities | ၂၀၀၆ ခုနှစ် ဒီဇင်ဘာ(၁၃)ရက် |
| စီဒေါစာချုပ် နောက်ဆက်တွဲ<br>OP-CEDAW-Optional Protocol to the Convention on the Elimination of Discrimination against Women | ၁၉၉၉ ခုနှစ်<br>အောက်တိုဘာလ(၆) ရက် |
| ကလေးစာချုပ် နောက်ဆက်တွဲ<br>OP-CRC-AC-Optional protocol to the Convention on the Rights of the Child on the involvement of children in armed conflict | ၂၀၀၀ ခုနှစ် မေလ(၂၅)ရက် |
| ကလေးစာချုပ် နောက်ဆက်တွဲ<br>OP-CRC-SC-Optional protocol to the Convention on the Rights of the Child on the sale of childrenç child prostitution and child pornography | ၂၀၀၀ ခုနှစ် မေလ(၂၅)ရက် |

| စာချုပ်အမည် | အတည်ပြုပြဌာန်းသည့်နှစ် |
|---|---|
| နှိပ်စက်ညှဉ်းပန်းမှုဆိုင်ရာသဘောတူစာချုပ် နောက်ဆက်တွဲ<br>OP-CAT Optional Protocol to the Convention against Torture and Other Cruel, Inhuman or Degrading Treatment or Punishment | ၂၀၀၂ ခုနှစ် ဒီဇင်ဘာ(၁၈)ရက် |
| မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာစာချုပ် နောက်ဆက်တွဲ<br>OP-CRPD-Optional Protocol to the Convention on the Rights of Persons with Disabilities | ၂၀၀၆ ခုနှစ် ဒီဇင်ဘာ(၁၃)ရက် |
| စီးပွားရေးလူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာသဘောတူစာချုပ် နောက်ဆက်တွဲ<br>ICESCR-OP-Optional Protocol of the Covenant on Economic Social and Cultural Rights | ၂၀၀၈ ခုနှစ် ဒီဇင်ဘာ(၁၀)ရက် |
| အတင်းအဓမ္မပျောက်ဆုံးစေခြင်းဆိုင်ရာ စာချုပ်<br>Convention on Enforced Disappearances | ၂၀၁၀ ခုနှစ် ဒီဇင်ဘာ(၂၃)ရက် |
| ကလေးစာချုပ် နောက်ဆက်တွဲ<br>OP- CRC on a communications | ၂၀၁၁ ခုနှစ် ဒီဇင်ဘာ (၁၉) ရက် |

အထက်ပါစာချုပ်များအနက် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ မြန်မာနိုင်ငံက လက်မှတ်ရေးထိုး ထားသော လူ့အခွင့်အရေးဆိုင်ရာစာချုပ် စုစုပေါင်းလေးခုရှိသည်။

| စာချုပ် | လက်မှတ်ရေးထိုးသည့်နေ့ | ခြွင်းချက် |
|---|---|---|
| ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ စာချုပ် (CRC) | ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ(၁၅)ရက် | |
| အမျိုးသမီးများအပေါ်နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများအားလုံးပပျောက်စေရေးသဘောတူစာချုပ် (CEDAW) | ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ(၂၂)ရက် | အပိုဒ်(၂၉) |
| မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRPD) | ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ(၇)ရက် | |
| ကလေးသူငယ်များဆိုင်ရာစာချုပ်၏ ကလေးများအားရောင်းချခြင်းနှင့် ညစ်ညမ်းစာပေများတွင် အသုံးပြုခြင်းဆိုင်ရာ နောက်ဆက်တွဲစာချုပ် (CRC-Protocol) | ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ(၁၆)ရက် | |

# နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး ဆိုင်ရာသဘောတူစာချုပ်

## International Covenant on the Civil and Political Rights-ICCPR

နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး ဆိုင်ရာ အခွင့်အရေး များ ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာ စာတမ်း၏ ပထမပိုင်းတွင် ဖော်ပြထားသည်ကို တွေ့ရသည်။ ကုလသမဂ္ဂက ၁၉၆၆ခုနှစ် တွင် အတည်ပြုပြဌာန်းပြီး ၁၉၇၆ ခုနှစ်၊ မတ်လ (၂၃) ရက်နေ့တွင် အသက်ဝင်လာသော နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး သဘောတူစာချုပ်တွင် အပိုဒ်ပေါင်း (၅၃) ပိုဒ်ပါဝင်သည်။စာချုပ်၏ အပိုဒ်(၆)မှ (၂၇)တို့တွင် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး ဆိုင်ရာ အခွင့် အရေး များ ကိုအောက်ပါအတိုင်း ရှင်းလင်းဖော်ပြထားသည်။

အပိုဒ်(၁) လူတိုင်းသည် နိုင်ငံရေးအခွင့်အတန်းအပါအဝင် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှုများကို လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ဟု ဖော်ပြထားသည်။

အပိုဒ်(၂) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် မိမိနိုင်ငံ နယ်နိမိတ်အတွင်းတွင်ရှိသော လူမှုနိုင်ငံ တရားစီရင်ထုံးအောက်တွင် အကျုံးဝင်သော လူမှုနိုင်ငံတို့ကို မည်သည့်အကြောင်း အရာနှင့်မှ ခွဲခြားခြင်းမရှိစေဘဲ ယခုစာချုပ်ပါ အခွင့်အရေးများကို ခံစားခွင့်ပြုရမည်။ ထိုသူများ၏ ဤအခွင့်အရေးများကို ကာကွယ်ပေးရမည်။

အပိုဒ်(၃) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် အမျိုးသား၊ အမျိုးသမီး ခွဲခြားခြင်းမရှိစေဘဲ ယခုစာချုပ်ပါ အခွင့်အရေး များကို ကျား၊မ မရွေး တန်းတူခံစားခွင့်ရှိရန် အာမခံပေးရမည်။

အပိုဒ်(၄) အရေးပေါ်အခြေအနေမျိုးတွင် အစိုးရအနေဖြင့် အချို့သော အခွင့်အရေးများအား ကန့်သတ်ဆိုင်းငံ့ ထားနိုင်သော်လည်း လူသားတစ်ဦး၏ အသက်ရှင်ခွင့်၊ ဥပဒေရှေ့တွင် တန်းတူညီခွင့်၊ လွတ်လပ်စွာတွေးခေါ်ယူဆပိုင်ခွင့်၊ နှိပ်စက်ညှဉ်းပန်းမှုမှ ကင်းလွတ်ခွင့်၊ ကျွန်ပြုခြင်းမှ ကင်းလွတ်ခွင့်၊ ကြွေးမြီအတွက် ထောင်ချခြင်းမှ ကင်းလွတ်ခွင့် နောက်ကြောင်းပြန်၍ ဥပဒေအရ အရေးယူမှုမှ ကင်းလွတ်ခွင့်တို့ကို ပိတ်ပင်ခြင်း၊ ဆိုင်းငံ့ထားခြင်း မပြုနိုင်။

အပိုဒ်(၅) စာချုပ်ပါ အခွင့်အရေးများကို ပျက်စီးစေလိုသော ရည်ရွယ်ချက်ဖြင့် ဤစာချုပ်ကို မည်သူမှ အသုံးမချရ။

အပိုဒ်(၆) လူတိုင်းတွင် အသက်ရှင်နေထိုင်ခွင့်ရှိသည်။

အပိုဒ်(၇) မည်သူ့ကိုမှ လူသားမဆန်သော၊ ရက်စက်ကြမ်းကြုတ်သော အပြုအမူများနှင့် နှိပ်စက်မှုများ မခံစားစေရ။

အပိုဒ်(၈) မည်သူ့ကိုမှ ကျွန်ပြုခြင်းနှင့် ကျေးကျွန်အဖြစ် အလုပ်စေခိုင်းခြင်းမပြုစေရ။

အပိုဒ်(၉) လူတိုင်းတွင် လွတ်လပ်ခွင့်နှင့် လုံခြုံမှုကို ခံစားပိုင်ခွင့်ရှိသည်။ မည်သူ့ကိုမှ မတရား

ဖမ်းဆီးချုပ်နှောင်ခြင်း မရှိစေရ၊

အပိုဒ်(၁၀) လွတ်လပ်မှု ဆုံးရှုံးခဲ့သောသူများကို လေးစားစွာဆက်ဆံရန် တာဝန်ရှိသည်။

အပိုဒ်(၁၁) မည်သူ့ကိုမှ ကြွေးပြန်မပေးနိုင်၍ ထောင်ချခြင်းမပြုနိုင်။

အပိုဒ်(၁၂) လူတိုင်း မိမိနိုင်ငံအတွင်း လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်နှင့် တိုင်းပြည်သို့ ဝင်ထွက်ခွင့်ရှိသည်။

အပိုဒ်(၁၃) နိုင်ငံအတွင်း တရားဝင် ဝင်ရောက်လာသော နိုင်ငံခြားသားများအား ဥပဒေအရဖြင့်သာ တိုင်းပြည်မှ နှင်ထုတ်ခွင့်ရှိသည်။

အပိုဒ်(၁၄) ဥပဒေ၊ ရာဇဝတ်မှုနှင့် တရားမစီရင်ထုံးများတွင် လူတိုင်းတရားဥပဒေရှေ့မှောက်တွင် တန်းတူညီ မျှမှုရှိသည်။ ခိုင်လုံသော အထောက်အထားဖြင့် အပြစ်ရှိသည်ဟု စီရင်ချက်မချမချင်း ထိုသူတွင် အပြစ်မရှိ။

အပိုဒ်(၁၅) ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားခြင်း မရှိသေးသောအချိန်က လုပ်ဆောင်ခဲ့မှုကို နောက်ကြောင်းပြန်၍ တရားစွဲဆိုခြင်းမပြုရ။

အပိုဒ်(၁၆) မည်သည့်နေရာတွင်ဖြစ်စေ တရားဥပဒေရှေ့မှောက်တွင် လူသားအဖြစ် အသိအမှတ် ပြုခံပိုင်ခွင့်ရှိသည်။

အပိုဒ်(၁၇) လူတစ်ဦးချင်းစီ၏ ကိုယ်ရေးကိုယ်တာ ပိုင်ဆိုင်မှုများ၊ နေအိမ်များ၊ စာပေးစာယူများအား တရားမဝင် ဝင်ရောက်စွက်ဖက်ခြင်းနှင့် လူတဦး၏ ဂုဏ်သိက္ခာကို မတရား ထိခိုက်စော်ကားခြင်း မရှိစေရ၊

အပိုဒ်(၁၈) လူတိုင်း လွတ်လပ်စွာတွေးခေါ်ယုံကြည်ကိုးကွယ်ခွင့်ရှိသည်။

အပိုဒ်(၁၉) လူတိုင်း လွတ်လပ်စွာစဉ်းစားထုတ်ဖော်ပြောဆိုခွင့်ရှိသည်။

အပိုဒ်(၂၀) လူမျိုးရေး ဘာသာရေးမုန်းတီးမှုများ၊ အကြမ်းဖက်မှုများ၊ ဖိနှိပ်စော်ကားမှုများ ဖြစ်ပွားစေမည့် သွေးထိုးလှုံ့ဆော်ဝါဒဖြန့်မှုများကို ဥပဒေဖြင့် တားဆီးပိတ်ပင်ပေးရမည်။

အပိုဒ်(၂၁) ငြိမ်းချမ်းစွာ စုဝေးပိုင်ခွင့်ရှိသည်။

အပိုဒ် (၂၂) လူတိုင်း လွတ်လပ်စွာ အဖွဲ့အစည်းများ ထူထောင်ဝင်ရောက်ပိုင်ခွင့်ရှိသည်။

အပိုဒ်(၂၃) အရွယ်ရောက်ပြီးသော ကျား/မတိုင်း ဆန္ဒဖြင့် လက်ထပ်ထိမ်းမြားခွင့်၊ လက်ထပ် ပေါင်းသင်း ကွာရှင်းချိန်တွင် ကျားမအခွင့်အရေး တာဝန်တူညီစွာရရှိခွင့်ရှိသည်။

အပိုဒ်(၂၄) အရွယ်မရောက်သေးသောကလေးများ၏ အခွင့်အရေးကို ကာကွယ်ပေးရာတွင် ခွဲခြားမှုမရှိဘဲ တန်းတူကာကွယ်ပေးရမည်။ ကလေးတိုင်း နိုင်ငံသားဖြစ်ပိုင်ခွင့် ရှိသည်။

အပိုဒ် (၂၅) နိုင်ငံသားတိုင်း တိုင်းပြည်အတွင်းရှိ လူထုရေးရာဌာနများတွင် ပါဝင်ခွင့်၊ အစိုးရကို ရွေးချယ်ပေးခွင့်နှင့် ကိုယ်တိုင်ရွေးချယ်ခံပိုင်ခွင့်ရှိသည်။

အပိုဒ် (၂၆) လူတိုင်း တရားဥပဒေရှေ့မှောက်တွင် တန်းတူညီမျှခွင့်ရှိသည်။ ဥပဒေ၏ အကာအကွယ်ကို ခံယူရာတွင် ခွဲခြားမှု လုံးဝမရှိစေရ။

အပိုဒ် (၂၇) နိုင်ငံအတွင်းတွင် နေထိုင်သော လူမျိုးစု၊ ဘာသာရေးနှင့် ဘာသာစကားဆိုင်ရာ လူနည်းစုများ၏ ယဉ်ကျေးမှုများကို ပိတ်ပင်ခြင်းမပြုရ။

အပိုဒ် (၂၈ – ၅၃) တို့တွင် လူ့အခွင့်အရေးကော်မတီ၏ တာဝန်များကို ဖော်ပြထားသည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး သဘောတူစာချုပ်၏ ပင်မစာချုပ်တွင် လက်မှတ်ရေး ထိုးထားသော အဖွဲ့ဝင်နိုင်ငံပေါင်း (၁၆၇) နိုင်ငံရှိသည်။

နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ် နောက်ဆက်တွဲ စာချုပ်များ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်တွင် နောက်ဆက်တွဲ စာချုပ် (၂)ခုရှိသည်။ နောက်ဆက်တွဲ စာချုပ် (၁) ကို ၁၉၆၆ ခုနှစ် ဒီဇင်ဘာလ (၁၆) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ၁၉၇၆ ခုနှစ် မတ်လ (၂၃) ရက်နေ့တွင် အသက်ဝင်လာခဲ့သည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ စာချုပ်အဖွဲ့ ဝင်နိုင်ငံပေါင်း (၁၁၄) နိုင်ငံရှိသည်။

နောက်ဆက်တွဲစာချုပ် (၁) တွင် အဓိကအားဖြင့် စာချုပ်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံမှ နိုင်ငံသားတစ်ဦးချင်းအနေနှင့် မိမိ၏ လူ့အခွင့်အရေး ချိုး ဖောက်ခံရမှု ကို ကော်မတီထံ တိုင်ကြားခွင့်ရှိသည်ဟုဖော်ပြထားသည်။ နောက်ဆက်တွဲ စာချုပ်(၁)ကို လက်မှတ်ရေး ထိုးထားသော နိုင်ငံက မိမိအပေါ်ပင်မစာချုပ်ပါ အခွင့်အရေး များ နှင့် ပတ်သက်၍ ချိုး ဖောက်နေသည်ဟု သတ်မှတ်သော သူများ သည်နောက်ဆက်တွဲ စာချုပ်(၁)၏ အပိုဒ်(၁)အရ စာချုပ်၏ လူ့အခွင့်အရေး ကော်မတီထံ တစ်ဦးချင်းဆက်သွယ် တိုင်ကြားနိုင်သည်။ ထိုသို့

တိုင်ကြားမှု များ သည့် ထိုနိုင်ငံတွင် ရှိသော တရားဥပဒေများ ကနစ်နာချက်များ ကို ပြည့်ဝအောင် မလုပ်ဆောင်ပေးနိုင်သည့် အခြေအနေမျိုး ဖြစ်ရမည် ဟု ထိုနောက်ဆက်တွဲ စာချုပ် (၁)၏ အပိုဒ်(၂)က ဆိုထားပါသည်။အကယ်၍ တိုင်ကြားမှု များ ရှိလာပါက ပထမဦးဆုံးအနေနှင့် ထိုတိုင်ကြားမှု ကို ကော်မတီကလက်ခံသင့်မသင့် ဆုံးဖြတ်သည်။ လက်ခံသင့်သည်ဟု ဆုံးဖြတ်ပါက တိုင်ကြားသူအပေါ် စာချုပ်ပါအချက်အလက်များ မည် သို့ ချိုးဖောက်ခံနေရသည်ကို ကော်မတီက စုံစမ်းစစ်ဆေးပြီးဆုံးဖြတ်သည်။လက်ခံမည် ဟု ဆုံးဖြတ်ပြီးပါက ထိုသို့ တစ်ဦးချင်းတိုင်ကြားသော အမှု အကြောင်းကို သက်ဆိုင်ရာနိုင်ငံက သိရှိစေရန် အကြောင်းကြားရပါသည်။ ထိုအကြောင်းအရာနှင့် ပတ်သက်သော အချက်အလက်များ ကို ထိုနိုင်ငံက ခြောက်လအတွင်း ကော်မတီထံ ပြန်လည်အစီရင်ခံတင်ပြရသည်။

ထိုကိစ္စနှင့် ပတ်သက်၍ ဖြစ်ပွားမှု များ ၊ လေ့လာတွေ့ရှိချက်များ ၊ အရေးယူဆောင်ရွက်မှု များ လုပ်ဆောင်ထားပါက မည် ကဲ့သို့ လုပ်ဆောင်ထားသည် စသည်ဖြင့် ပြည့်ပြည့်စုံစုံ ပြန်လည်အစီရင်ခံရပါသည်။ ထိုသို့ တိုင်ကြားမှု များ ၊ သက်ဆိုင်ရာနိုင်ငံ၏ အစီရင်ခံချက်များ ကို လူအများ သိစေရန်အတွက် မလုပ်ဆောင်ဘဲ တိုင်ကြားသူနှင့် သက်ဆိုင်ရာ နိုင်ငံအတွင်းသာ အသိပေးလုပ်ဆောင်ပါသည်။ ထိုသို့ ကြားနာမှု များ ကို ကော်မတီက လုပ်ဆောင်အပြီး ကော်မတီ၏ အမြင်နှင့် ယူဆချက်များ ကို တိုင်ကြားသူနှင့် သက်ဆိုင်ရာ နိုင်ငံထံသို့ အသိပေးပါသည်။ ထိုသို့ လုပ်ဆောင်ချက် အကျဉ်းချုပ်ကို စီးပွားရေးနှင့် လူမှု ရေး ကောင်စီမှတစ်ဆင့် ကုလသမဂ္ဂ အထွေထွေညီလာခံသို့တင်သွင်းသော အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြပါသည်။

ကော်မတီက လေ့လာစစ်ဆေးနိုင်သော တိုင်ကြားမှု ကိစ္စ ဖြစ်ရန်မှာ အောက်ပါအချက်များ နှင့် ကိုက်ညီမှု ရှိရမည် ။

(၁) အမှု တိုင်ကြားသော သူ သို့ မဟုတ် တိုင်ကြားသူများ သည် အမည် မဖော်လိုသော သူ မဟုတ်ရ။နောက်ဆက်တွဲ စာချုပ်အဖွဲ့ဝင်နိုင်ငံ၏ တရားစီရင်ထုံးများ နှင့် အကျုံးဝင်သူ ဖြစ်ရမည် ။

(၂) ချိုးဖောက်ခံရသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ် ဖြစ်သူက တိုင်ကြားရမည် ဖြစ်သည်။သို့သော် ထိုချိုးဖောက်ခံရသူအနေဖြင့် သူကိုယ်တိုင် တိုင်ကြားမှုကို မတင်သွင်းနိုင်သည့်အခြေအနေမျိုး ရှိနေလျှင် ထိုတိုင်ကြားမှု ကို ကော်မတီက လက်ခံစဉ်းစားမည် ဖြစ်သည်။

(၃) တိုင်ကြားမှု သည် သဘောတူစာချုပ်တွင် ပါဝင်သော အချက်များ နှင့် ကိုက်ညီမှု ရှိရမည် ဖြစ်ပြီးနောက်ဆက်တွဲ စာချုပ်၏ တိုင်ကြားခွင့်ကို အလွဲသုံးစားလုပ်၍ တိုင်ကြားခြင်းမ ဖြစ်စေရ။

(၄) ထိုအမှု ကိစ္စသည် အခြားသော နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများအားရ ကိုင်တွယ်ဖြေရှင်းရေးန်စဉ်းစားသုံးသပ်နေသော ကိစ္စမ ဖြစ်စေရ။

(၅) တိုင်ကြားသူသည် နိုင်ငံတော် အဆင့်တွင် ထိုအကြောင်းနှင့် ပတ်သက်၍ တိုင်ကြားမှု များ ကိုလုပ်ဆောင်ပြီးခဲ့သော် လည်း ကျေနပ်မှု မရသော အမှု မျိုး ဖြစ်ရမည် ။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး သဘောတူစာချုပ်၏ နောက်ဆက်တွဲ စာချုပ် (၁) ၏ စာချုပ်အဖွဲ့ဝင်နိုင်ငံပေါင်း (၁၁၄) နိုင်ငံရှိသည်။နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲ စာချုပ် (၂)ကို ၁၉၈၉ ခုနှစ် ဒီဇင်ဘာလ (၁၅) ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ၁၉၉၁ ခုနှစ် ဇူလိုင်လ (၁၁) ရက်နေ့တွင် အသက်ဝင်ခဲ့သည်။ အဓိကမှာ သေဒဏ်ချမှတ်မှု ဖျက်သိမ်းခြင်းကိုရည်ရွယ်သည်။ နောက်ဆက်တွဲ စာချုပ် (၂) ၏ အပိုဒ် (၁)တွင် စာချုပ်အဖွဲ့ဝင်နိုင်ငံများ ၏ တရားစီရင်ထုံးများ အောက်တွင် မည် သူ့ကိုမှ သေဒဏ်ပေးခြင်းမရှိစေရဟူ၍ ဖော်ပြထားသည်။ ထို့အပြင် စာချုပ်အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် မိမိနိုင်ငံ၏ တရားစီရင်ထုံးများ တွင် သေဒဏ်ပေးမှု ဖျက်သိမ်းစေရေး ကို နည်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းထားသည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ လက်မှတ်ရေး ထိုးထားသည့်စာချုပ်အဖွဲ့ဝင် (၇၅) နိုင်ငံရှိပြီ ဖြစ်သည်။

## လူ့အခွင့်အရေး ကော်မတီ

# Human Rights Committee

နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်များ အပေါ် စာချုပ်အဖွဲ့ဝင်နိုင်ငံများ ၏ လေးစားလိုက်နာမှု အား စောင့်ကြည့်ရန်အတွက် လူ့အခွင့်အရေး ကော်မတီကို ဖွဲ့စည်းသည်။ထိုကော်မတီကို နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်ကော်မတီဟုမခေါ်ဘဲ လူ့အခွင့်အရေး ကော်မတီဟု ခေါ်သည်။ ကော်မတီ၏ အဓိကတာဝန်မှာ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်ပါ အချက်များ အပေါ် စာချုပ်အဖွဲ့ဝင်နိုင်ငံများ ၏ လေးစားလိုက်နာမှု အား စောင့်ကြည့်ခြင်း ဖြစ်သည်။

စာချုပ်အဖွဲ့ဝင်နိုင်ငံများ က ရွေးချယ်တင်မြှောက်ထားသော လွတ်လပ်သည့် ကျွမ်းကျင်သူ (၁၈)ဦးဖြင့် ကော်မတီကိုဖွဲ့စည်းထားသည်။ ကော်မတီ၏ အဓိကတာဝန်မှာ (၁)စာချုပ်အဖွဲ့ဝင် နိုင်ငံများ ကတင်သွင်းသော အစီရင်ခံစာများ ကို ဖတ်ရှုလေ့လာခြင်း၊ (၂) ထိုအစီရင်ခံစာများ အပေါ် သုံးသပ်ချက်များ နှင့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့် (၃) သဘောတူစာချုပ်၏ ပထမနောက်ဆက်တွဲ တွင် ပြဌာန်းထားသည့်အတိုင်း လူတစ်ဦး တစ်ယောက် ချင်း၏ တိုင်ကြားမှု များ ကို စစ်ဆေးခြင်းတို့ ဖြစ်သည်။

စာချုပ်အဖွဲ့ဝင်နိုင်ငံများ သည် စာချုပ်ကို အတည်ပြုလက်မှတ်ရေး ထိုးပြီး တစ်နှစ် အတွင်း ကော်မတီသို့ အစီရင်ခံစာတင်သွင်းရသည်။ ပုံမှန်အစီရင်ခံစာကို (၅)နှစ် လျှင်တစ်ကြိမ်တင်သွင်းရသည်။ တင်သွင်းသည့် အစီရင်ခံစာများ ကို လူအများ တက်ရောက်သော ကော်မတီအစည်းအဝေးများ တွင် ဖတ်ကြားရသည်။

အစီရင်ခံစာကို နိုင်ငံ၏ ကိုယ်စားလှယ်တစ်ဦးက တင်သွင်းရပြီး လူ့အခွင့်အရေး ကော်မတီကစစ်ဆေးရသည်။ စစ်ဆေးရာတွင် တရားစစ်ဆေးသကဲ့သို့ ကြားနာခြင်း စစ်ဆေးခြင်းမျိုး မဟုတ်ပေ။အစီရင်ခံစာ စစ်ဆေးခြင်း၏ ရည်ရွယ်ချက်မှာ တရားစီရင်သကဲ့သို့ အပြစ်ပေးရန်မဟုတ်ဘဲစာချုပ်ပါ အချက်အလက်များ ကို လိုက်နာရန်တာဝန်ရှိကြောင်း စာချုပ်အဖွဲ့ဝင်နိုင်ငံကို အပြုသဘောဖြင့် ပြောဆိုခြင်းသာ

ဖြစ်သည်။ အစီရင်ခံစာကို စစ်ဆေးနေစဉ်အတွင်း နိုင်ငံကိုယ်စားလှယ်၏ အစီရင်ခံမှု နှင့် နှုတ်ဖြင့် ပြောကြားမှု တို့အပေါ်အခြေခံ၍ အခြားကော်မတီ ဝင်များ ကနိုင်ငံကိုယ်စားလှယ်ကို မေးခွန်းများ ထုတ်ခြင်း၊ ခိုင်မာအောင် ပြန်လည်မေးခွန်း ထုတ် ခြင်းများ ကိုလုပ်နိုင်သည်။ ကော်မတီသည် အစိုးရမှတင်သွင်းသော အစီရင်ခံစာတစ်ခုတည်းမှ အချက်အလက်များ ကိုသာ မှီငြမ်းကိုးကားခြင်းမဟုတ်ဘဲ အခြားအရင်းမြစ်များ က ရရှိသော သတင်းများ ကိုပါမှီငြမ်းကိုးကားနိုင်သည်။ ထို့ကြောင့် အစိုးရမဟုတ်သော အဖွဲ့များ က ပေးပို့သော သတင်းများ ကိုကိုးကားနိုင်သည်။ သို့သော် ကော်မတီထံသို့ အစိုးရမဟုတ်သော အဖွဲ့များ က တရားဝင်အစီရင်ခံစာများ တင်ပို့အစီရင်ခံနိုင်ခြင်းမရှိ။ ထို့ကြောင့် ကော်မတီဝင်တစ်ဦးချင်းစီသို့ အစိုးရမဟုတ်သော အဖွဲ့များ က အချက်အလက်သတင်းများ ပေးပို့လေ့ရှိကြသည်။ ထိုရရှိသော သတင်းအချက်အလက်များ ကို အခြေခံ၍ ကော်မတီသည် နိုင်ငံအပေါ်ဆုံးဖြတ်ချက်များ ချမှတ်ရသည်။သက်ဆိုင်ရာနိုင်ငံကို ထိုဆုံးဖြတ်ချက်များ အား အသိပေးရသည်။ သို့သော် ကော် မတီတွင် ဥပဒေသက်ရောက်စေသော အာဏာ၊ သို့မဟုတ် အရေး ယူနိုင်သည့် အာဏာ (EnforcementPower) မရှိပေ။

## စီးပွားရေး လူမှု ရေး နှင့် ယဉ်ကျေးမှု အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်

## International Covenant on the Economic, Social and Cultural Rights-ICESCR

စီပွားရေး၊ လူမှု ရေး နှင့် ယဉ်ကျေးမှု အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်ပါအချက်များ ကိုကုလသမဂ္ဂ လူ့အခွင့်အရေး ကြေညာစာတမ်းကြီး၏ ဒုတိယအပိုင်းတွင် ဖော်ပြထားသည်ကိုတွေ့ရသည်။ အထူးသဖြင့် စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး နှင့် လူမှု ဖူလုံရေး ခံစားခွင့်များ ပါဝင်သည်။ ဤစာချုပ်ကို ၁၉၆၆ ခုနှစ် ဒီဇင်ဘာလ (၁၆) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး၁၉၇၆ ခုနှစ် ဇန်ဝါရီလ (၃) ရက်နေ့ အသက်ဝင်လာခဲ့သည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိစာချုပ်အဖွဲ့ဝင်နိုင်ငံပေါင်း (၁၆၀) နိုင်ငံရှိသည်။

ယခုစာချုပ်တွင် အပိုဒ်ပေါင်း (၃၁) ပိုဒ်ပါဝင်သည်။ စီးပွားရေး ၊ လူမှု ရေး နှင့် ယဉ်ကျေးမှု အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်နှင့် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်တို့တွင် ပါဝင်သော အပိုဒ်(၁)၊ (၃) နှင့် (၅)တို့သည် ထပ်တူနီးပါးဆင်တူနေသည်။ စာချုပ်နှစ် ခုစလုံး၏ အပိုဒ်(၁)တွင် မိမိကိုယ်ပိုင်ဆုံးဖြတ်ခွင့် (Self Deter minination) သည် လူတိုင်း၏ အခွင့်အရေး ဖြစ်သည်ဟု ဖော်ပြထားသည်။ လူသားတိုင်းတွင် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိပြီး သူတို့၏ နိုင်ငံရေး အဆင့်အတန်းကို လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိသလို စီးပွားရေး ၊ လူမှု ရေး နှင့် ယဉ်ကျေးမှု ဖွံ့ဖြိုး တိုးတက်ရေး အတွက် သူတို့ကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ဟု ဆိုထားသည်။ စာချုပ်နှစ် ခုလုံး၏ အပိုဒ် (၃)တွင် အမျိုး သားနှင့် အမျိုး သမီးတို့သည် ခွဲခြားမှု မရှိဘဲ လူ့အခွင့်အရေး များ အားလုံးကို ခံစားပိုင်ခွင့်ရှိသည်။ ထိုသို့ ခံစားနိုင်စေရန်အတွက် အစိုးရကလုပ်ဆောင်ပေးရမည် ဟုဖော်ပြထားသည်။ စာချုပ်နှစ် ခုလုံး၏ အပိုဒ်(၅)တွင် ထိုစာချုပ်များ တွင် ပါဝင်သော အခွင့်အရေး များ အပေါ် ဖိနှိပ်ချိုး ဖောက်မှု ၊ လွဲမှား းစွာ အဓိပ္ပာယ်ဖွင့်ဆိုပြီးလုပ်ဆောင်မှု ၊ ကန့်သတ်မှု တို့မှ ကာကွယ်ပေးရန် ရေး သားထားသည်။

စာချုပ်တွင် ပါဝင်သော အဓိကအချက်များ မှာ -

အပိုဒ်(၁) လူတိုင်းတွင် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ ယခုစာချုပ်တွင် လူတိုင်းသည် နိုင်ငံရေးအဆင့်အတန်းအပါအဝင် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်မှုများကို လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

အပိုဒ်(၂) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် မိမိတွင်ရှိသော ရင်းမြစ်များအား အစွမ်းကုန်အသုံးပြု၍ ယခုစာချုပ်တွင်ပါသော အခွင့်အရေးများကို အမြင့်မားဆုံးသို့ တဖြည်းဖြည်း ရောက်ရှိခံစားနိုင်အောင် အဆင့်ဆင့် လုပ်ဆောင်ပေးရမည်။

အပိုဒ်(၃) စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် အမျိုးသား၊ အမျိုးသမီးခွဲခြားခြင်းမရှိစေဘဲ ယခုစာချုပ်ပါ အခွင့်အရေးများကို ကျား၊မ မရွေး တန်းတူခံစားခွင့်ရရန် အာမခံပေးရမည်။

အပိုဒ်(၄) အစိုးရအနေဖြင့် ဒီမိုကရေစီလူ့ဘောင်ရှိ အများအကျိုးအတွက် ရေရှည် အချို့အခွင့်အရေးများအား သင့်လျော်သလို ကန့်သတ်ထားနိုင်သည်။

အပိုဒ်(၅) စာချုပ်ပါအခွင့်အရေးများကို ဖျက်စီးစေလိုသော ရည်ရွယ်ချက်ဖြင့် ဤစာချုပ်ကို မည်သည့် လူတစ်ဦးကဖြစ်စေ၊ အုပ်စုတစ်စုကဖြစ်စေ၊ အစိုးရကဖြစ်စေ မပြုလုပ်ရ။

အပိုဒ်(၆) လူတိုင်းသင့်တင့်သော လစာဖြင့် အလုပ်လုပ်ခွင့်ရှိသည်။

အပိုဒ်(၇) လူတိုင်းသင့်တင့်လုံခြုံသော လုပ်ငန်းခွင်ရရှိခွင့်ရှိသည်။ အလုပ်ရှင်က ကြောင်းကျိုးမဲ့ အလုပ်မှထုတ်ပယ်ခြင်းနှင့် အဓမ္မလုပ်အားစေခိုင်းခြင်းတို့ကို ကာကွယ်ပေးရန် အစိုးရတွင် တာဝန်ရှိသည်။ အမျိုးသမီးအလုပ်သမားများအတွက် အမျိုးသားများထက် မနိမ့်ကျသော လုပ်ငန်းခွင်အခြေအနေများကို အာမခံရန်လည်း အစိုးရတွင် တာဝန်ရှိသည်။

အပိုဒ်(၈) လူတိုင်း အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်၊ ဆန္ဒပြခွင့်၊ နိုင်ငံတကာအလုပ်သမားအဖွဲ့များနှင့် ပူးပေါင်းပါဝင်ခွင့်ရှိသည်။

အပိုဒ်(၉) လူမှုဖူလုံရေးအခွင့်အရေးများကို ခံစားခွင့်ရှိရမည်။ ထိုလူမှုဖူလုံခွင့်အခွင့်အရေးများတွင် ဆေးဝါးကုသပိုင်ခွင့်၊ လစာနှင့် ဆေးခွင့်၊ သားဖွားခွင့်၊ အာမခံ၊ အသက်အာမခံ၊ သက်ကြီးရွယ်အိုအာမခံ၊ မတော်တဆထိခိုက်ရာ ရှုအာမခံ၊ အလုပ်မှ ထုတ်ပယ်ပါက လျော်ကြေးအာမခံ၊ မိသားစုအာမခံတို့ အကြုံးဝင်သည်။

အပိုဒ်(၁၀) မိသားစုကာကွယ်စောင့်ရှောက်ပေးမှုကို အစိုးရက တာဝန်ယူလုပ်ဆောင်ပေးရမည်။ အလုပ်လုပ်သူ မိခင်များနှင့် ကလေးအား စောင့်ရှောက်ရေးတို့ကို အစွမ်းကုန်ကာကွယ်ပေးရမည်။ အလုပ်လုပ်ခွင့်ပြုသည့် ကလေးအသက်အရွယ်ကို ကန့်သတ်သတ်မှတ်ပေးရမည်။

အပိုဒ်(၁၁) လုံလောက်မျှတသော လူနေမှုအဆင့်အတန်းရရှိရေးအတွက် အစိုးရက လုပ်ဆောင်ပေးရမည်။ လုံလောက်မျှတသော လူနေမှုအဆင့်အတန်းရရှိရေးအတွက် လိုအပ်ချက်များဖြစ်သည့် တိုးတက်ကောင်းမွန်သော လူနေမှုအဆင့်အတန်း၏ လုံလောက်သော အစားအစာ၊ အဝတ်အစား၊ နေထိုင်စရာ အိမ်ယာစီမံကိန်းတို့ အားလုံးအကြုံးဝင်သည်။

အပိုဒ်(၁၂) လူထု၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးကို အမြင့်မားဆုံးနှင့် အဖြစ်နိုင်ဆုံးဖြည့်ဆည်းပေးရန် အစိုးရတွင် တာဝန်ရှိသည်။ ထိုအခွင့်အရေးများတွင် လုံခြုံ

ကျန်းမာရေးရှုထောင့်နှင့် ကိုက်ညီသော ပတ်ဝန်းကျင်ရရှိရေး အချက်လည်း အကြုံးဝင်သည်။

အပိုဒ်(၁၃) ကျား၊မ အသက်အရွယ်၊ ကိုယ်အင်္ဂါချို့ယွင်းအားနည်းသူ၊ ရွှေ့ပြောင်းအလုပ်သမားများ၏ ရင်သွေးများ၊ လူမျိုးစု၊ ဘာသာရေးလူနည်းစုတို့မှ ကလေးငယ်များအားလုံး အပါအဝင် လူတိုင်း ပညာသင်ကြားခွင့် ရှိရမည်။ အနိမ့်ဆုံး မူလတန်းပညာကို အခမဲ့ဖြစ်ရမည်။

အပိုဒ် (၁၄) ထိုသို့ မူလတန်းပညာ အခမဲ့ဖြစ်စေရန်အတွက် အစိုးရအနေဖြင့် စီမံကိန်းများကို ချမှတ်အကောင် အထည်ဖော် ဆောင်ရွက်ရမည်။

အပိုဒ်(၁၅) ယဉ်ကျေးမှုဘဝထဲတွင် လူတိုင်းပါဝင်ပိုင်ခွင့်သာမက ခေတ်မီသိပ္ပံပညာ၏ တိုးတက်မှု အကျိုးကျေးဇူးများတွင် ပါဝင်ခံစားပိုင်ခွင့်တို့ရှိသည်။ လူတစ်ဦးတစ်ယောက်၏ သိပ္ပံပညာ၊ စာပေ၊ အနုပညာ လုပ်ချွန်မှုအပေါ် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ အကာအကွယ်ပေးမှုတို့ကိုလည်း လုပ် ဆောင်ပေးရမည်။

စီးပွားရေး ၊ လူမှု ရေး နှင့် ယဉ်ကျေးမှု အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲ စာချုပ်

ဤနောက်ဆက်တွဲ စာချုပ်သည် ပင်မစာချုပ်ကို လက်မှတ်ထိုးသည့် စာချုပ်အဖွဲ့ဝင်နိုင်ငံမှ နိုင်ငံသားတစ်ဦး ထိုအခွင့်အရေး များ ကို ချိုး ဖောက်ခံရပါက ကော်မတီထံသို့ တိုက်ရိုက်တိုင်ကြားနိုင်ခွင့်ပြုသော စာချုပ် ဖြစ်သည်။ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် အတည်ပြုပြဌာန်းနိုင်ခဲ့ပြီး ယခုတိုင်အသက်ဝင်လာခြင်းမရှိသေးပေ။

စီးပွားရေး ၊ လူမှု ရေး နှင့် ယဉ်ကျေးမှု အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်ကော်မတီ

Committee on Economic Social and Cultural Rights

ယခုစာချုပ်ပါအခွင့်အရေး များ ကို စာချုပ်အဖွဲ့ဝင်နိုင်ငံများ က လေးစားမှု ရှိမရှိ စောင့်ကြပ်သည့်စာချုပ်ကော်မတီကို စီးပွားရေး ၊ လူမှု ရေး ၊ ယဉ်ကျေးမှု အခွင့်အရေး ဆိုင်ရာကော်မတီဟုခေါ်သည်။ ၁၉၈၅ ခုနှစ် တွင် စာချုပ်အဖွဲ့ဝင်နိုင်ငံများ ၏ လုပ်ဆောင်မှု များ အပေါ် ပိုမိုစောင့်ကြည့်နိုင်ရန်အတွက်လွတ်လပ် ကျွမ်းကျင်သူ (၁၈) ဦးပါဝင်သော

စီးပွားရေး ၊ လူမှု ရေး နှင့် ယဉ်ကျေးမှု အခွင့်အရေး ဆိုင်ရာသဘောတူစာချုပ်ကော်မတီကို သီးသန့်ဖွဲ့စည်းခဲ့သည်။

ကော်မတီဝင် (၁၈) ဦးကို (၄) နှစ် လျှင်တစ်ကြိမ် ရွေးကောက်သော် လည်း ကော်မတီဝင်တစ်ဦးစီ၏ သက်တမ်းကုန်ဆုံးချိန်မှာ တစ်ယောက် နှင့် တစ်ယောက် မတူညီကြပါ။ (၁၈)ဦးအနက် (၁၅)ဦးကိုအာဖရိက၊ အာရှ၊ အရှေ့ဥရောပ၊ လက်တင်အမေရိကနှင့် အနောက်ဥရောပတို့မှ အညီအမျှရွေးချယ်ပြီး ကျန်သုံးဦးကို စာချုပ်အဖွဲ့ဝင်နိုင်ငံများ ထဲမှ ဒေသအလိုက်ထပ်မံ ရွေးချယ်ရသည်။ကော်မတီသည် တစ်နှစ် လျှင် (၃)ပတ်တွေ့ဆုံ၍ အစည်းအဝေးကျင်းပသည်။ စာချုပ်အဖွဲ့ဝင်နိုင်ငံများ သည် စာချုပ်အဖွဲ့ဝင်နိုင်ငံ ဖြစ်လာပြီး (၂)နှစ် အတွင်း ကော်မတီသို့ ပထမအစီရင်ခံစာကိုတင်သွင်းရပြီး ပုံမှန် (၅)နှစ် လျှင် တစ်ကြိမ် ပုံမှန်အစီရင်ခံစာကိုတင်သွင်းရသည်။

အစီရင်ခံစာတင်သွင်းမည့် နိုင်ငံအတွက် မေးခွန်းများ ကို ပြင်ဆင်ရန် ကိုယ်စားလှယ် (၅) ဦးပါသော လုပ်ငန်းအဖွဲ့ကို ကြိုတင်ဖွဲ့စည်း၍ လေ့လာရသည်။ အစီရင်ခံစာတင်ရမည့် နိုင်ငံကိုယ်စားလှယ်သည်ကော်မတီအစည်းအဝေးတွင် အစီရင်ခံစာကို တင်သွင်းရသည်။ အစီရင်ခံစာတွင် စာချုပ်ပါအချက်များ ကို အကောင်အထည်ဖော်ရာတွင် မည် သည့်အကြောင်းကြောင့် အားနည်းနေရသည်ကိုအစီရင်ခံလေ့ရှိသည်။ အများ အားဖြင့် နိုင်ငံ၏ ခနရင်းမြစ်ကို အကြောင်းပြတတ်သည်။အစီရင်ခံစာတွင် ပထမပိုင်းအနေနှင့် နိုင်ငံ၏ အထွေထွေအခြေအနေ၊ စာချုပ်ပါအချက်များ ၏ အထွေထွေအခြေအနေများ ကို တင်ပြ၍ ဒုတိယအပိုင်းတွင် စာချုပ်ပါအပိုဒ်များ နှင့် ပတ်သက်၍ အကောင်အထည်ဖော်မှု အစီရင်ခံစာကို အပိုဒ်အလိုက် အစီရင်ခံရသည်။ ထိုနိုင်ငံကိုယ်စားလှယ်ကို လုပ်ငန်းအဖွဲ့ကပြင်ဆင်ထားသော ကိစ္စများ ၊ ကော်မတီအဖွဲ့ဝင်များ က မေးမြန်းလိုသော မေးခွန်းများ ကို မေးမြန်းပြီး အစီရင်ခံစာအား လေ့လာကြသည်။ နောက်တစ်ရက်အစည်းအဝေးပြန်စသည့်အခါ နိုင်ငံကိုယ်စားလှယ်က ယမန်နေ့က မေးခွန်းများ ကို ဖြေကြားရသည်။ ထို့နောက်တံခါးပိတ်အစည်းအဝေးပြုလုပ်၍

တာဝန်ပေးအပ်ခြင်းခံရသော ကော်မတီဝင်တစ်ဦးက ထိုနိုင်ငံအတွက် ဆုံးဖြတ်ချက်မူကြမ်းကို ရေး ဆွဲသည်။ ထို့နောက်ထိုမူကြမ်းကို ကျန်ကော်မတီအဖွဲ့ဝင်များ အားလုံးက ဖတ်ရှု၍ သဘောတူညီချက်ရယူသည်။ နောက်ဆုံးလူအများ တက်ရောက်သော အခမ်းအနားတွင် ဆုံးဖြတ်ချက်ကို ကြေညာသည်။ ထို့နောက် ကော်မတီအစီရင်ခံစာတွင် မှတ်တမ်းတင်သည်။ ထိုဆုံးဖြတ်ချက်များ သည် ကုလသမဂ္ဂ အထွေထွေညီလာခံအထိ သက်ရောက်မှု ရှိသည်။

အစိုးရမဟုတ်သော အဖွဲ့များ သည် သက်ဆိုင်ရာနိုင်ငံ၏ အစီရင်ခံစာကို လေ့လာရာတွင် ပါဝင်ခွင့်မရှိသော်လည်း ထိုနိုင်ငံ၏ လုပ်ဆောင်မှု အခြေအနေများ ကို ပုံနှိပ်အစီရင်ခံကာ ကော်မတီသို့ တင်သွင်းနိုင်သည်။ ကော်မတီ၏ တံခါးဖွင့်ဆွေးနွေးပွဲများ တွင် အစိုးရမဟုတ်သည့်အဖွဲ့ များ အနေနှင့် ကျွမ်းကျင်သူများ အ ဖြစ် ပါဝင်နိုင်သည်။ လုပ်ငန်းအဖွဲ့ထံသို့ နှုတ်ဖြင့် အစီရင်ခံနိုင်သည်။ သို့ ရာတွင် ဤကော်မတီနှင့် ပူးပေါင်းလုပ်ဆောင်သော အစိုးရမဟုတ်သည့် အဖွဲ့များ မှာ နည်းပါးလှသည်။

အမျိုး သမီးများ အား နည်းမျိုး စုံဖြင့် ခွဲခြားထားမှု အားလုံးပပျောက်ရေး သဘောတူစာချုပ်
Convention on the elimination of all Forms of Discrimination againstWomen-CEDAW

စီဒေါကော်မတီဟု အတိုကောက်ခေါ်လေ့ရှိသော အမျိုး သမီးများ အား နည်းမျိုး စုံဖြင့် ခွဲခြားထားမှု အားလုံးပ ပျောက်ရေး သဘောတူစာချုပ်ကို အမျိုး သမီးများ ၏ အခွင့်အရေး များ ကို ကာကွယ်စောင့်ရှောက်သော စာချုပ်အ ဖြစ် ကမ္ဘာက အလေးထားလျက်ရှိသည်။ ဤစာချုပ်တွင် အမျိုး သမီးများ အပေါ် နည်းမျိုး စုံဖြင့် ခွဲခြားထားမှု နှင့် တန်းတူညီမျှရှိရမည့် အချက်များ ကို အဓိပ္ပာယ်ဖွင့်ဆိုထားယုံမျှမက ထိုသို့ ခွဲခြားထားမှု များ ပပျောက်အောင် မည် သို့ အကောင်အထည်ဖော်ကြရမည် ဆိုသည်ကို ဖွင့်ဆိုထားသည်။

ဤစာချုပ်ကို ၁၉၇၉ ခုနှစ် ၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် ပြဌာန်းခဲ့ပြီး ၁၉၈၁ ခုနှစ် စက်တင်ဘာလ(၃) ရက်နေ့တွင် အသက်ဝင်ခဲ့သည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ မြန်မာနိုင်ငံအပါအဝင်စာချုပ်အဖွဲ့ဝင်နိုင်ငံပေါင်း (၁၈၇) နိုင်ငံရှိသည်။ မြန်မာနိုင်ငံသည်

ဤစာချုပ်ကို ၁၉၉၇ ခုနှစ် ဇူလိုင်လ (၂၂) ရက်နေ့တွင် လက်မှတ်ရေး ထိုးခဲ့သည်။

စာချုပ်၏ အဖွင့်တွင် ယခုလက်ရှိအချိန်အထိ အမျိုး သမီးများ အပေါ် ဖိနှိပ်ချုးနှိမ်မှု အများ အပြားတည်ရှိနေဆဲ ဖြစ်သည်ဟု ဖော်ပြထားသည်။ ထိုသို့ ဖိနှိပ်ချိုး နှိမ်မှု များ သည် လူသားတို့၏ ဂုဏ်သိက္ခာနှင့် တန်းတူညီမျှမှု အပေါ် တန်ဖိုးထားမှု အား ချိုး ဖောက်ခြင်း ဖြစ်သည်ဟု ဤစာချုပ်ကဆိုပါသည်။ စာချုပ်တွင် အဓိကအားဖြင့် အမျိုး သမီးများ ၏ နိုင်ငံသားအခွင့်အရေး ၊ အမျိုး သမီးများ အတွက် တရားဥပဒေအရ သတ်မှတ်ပေးထားသည့် အဆင့်အတန်းစံများ အပြင် အမျိုး သမီးများ မျိုး ဆက်ပြန့်ပွားရေး အခွင့်အရေး နှင့် အချို့ သော ယဉ်ကျေးမှု လက်ခံချက်များ က လိင်ကွဲပြားမှု အရခွဲခြားမှု ကို ဖြစ်စေသည့်အချက်များ စသည်တို့ကိုပါ ထည့်သွင်းရေး သားထားသည့်အတွက်ထူးခြားလှသည်။

ယခုစာချုပ်ပါအခွင့်အရေး များ ကို စာချုပ်အဖွဲ့ဝင်နိုင်ငံများ က လေးစားမှု ရှိမရှိ စောင့်ကြပ်ရန်အတွက်အမျိုး သမီး များ အပေါ် နည်းမျိုး စုံဖြင့် ခွဲခြားထားမှု အားလုံး ဖျက်သိမ်းရေး စာချုပ်ကော်မတီကိုဖွဲ့စည်းထားသည်။ ထိုကော်မတီကို အတိုကောက် စီဒေါကော်မတီဟု ခေါ်သည်။

စာချုပ်တွင် စုစုပေါင်းအပိုဒ် (၃၀) ပါဝင်သည်။ အပိုဒ် (၁) တွင် အမျိုး သမီးများ အပေါ်ခွဲခြားဖိနှိပ်မှု ၏ အဓိပ္ပာယ်၊ အပိုဒ် (၂) မှ (၅) တွင် အစိုးရလုပ်ဆောင်ရမည့် တာဝန်များ ၊ အပိုဒ်(၆) မှ (၁၈)တွင် အမျိုး သမီးအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် အမျိုး သမီးအခွင့်အရေး များ အပိုဒ်(၁၉) မှ(၃၀)တွင် ကော်မတီ၏ လုပ်ပိုင်ခွင့်များ ကို ဖော်ပြထားသည်။

အပိုဒ်(၁) အမျိုးသမီးအား ခွဲခြားဆက်ဆံမှုဟုဆိုရာ၌ နိုင်ငံရေး လူမှုရေး ယဉ်ကျေးမှု နိုင်ငံသား အခွင့်အရေးနှင့် အခြားသော ကဏ္ဍမျိုးစုံတို့တွင် အမျိုးသမီးများအား လိင်အရ ကွဲပြားမှုအပေါ် အခြေခံ၍ ခွဲခြားခြင်း သီးသန့်ဖြစ်စေခြင်း၊ ကန့်သတ်ခြင်း စသည်တို့ကို ဆိုလိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

အပိုဒ်(၂) စာချုပ်အဖွဲ့ဝင်နိုင်ငံများအနေနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုများအပေါ် ပြစ်တင်ဝေဖန်ရှုံ့ချရန် ဆိုထားပြီး ထိုသို့ခွဲခြားဆက်ဆံမှုတို့ရပ်ဆိုင်းသွားအောင် လိုအပ်သလို အရေးယူဆောင်ရွက်ရန် ရေးသားထားသည်။

အပိုဒ်(၃) ထိုသို့ အရေးယူဆောင်ရွက်ရာတွင် ဥပဒေများ ပြဋ္ဌာန်းခြင်း၊ အမျိုးသမီးများ တိုးတက်မြင့်မား ရေးအတွက် လုပ်ဆောင်ပေးခြင်း၊ အမျိုးသားများနှင့်တန်းတူ အခြေခံလွတ်လပ်ခွင့်နှင့် လူ့အခွင့် အရေးများ ခံစားပိုင်ခွင့် ရရှိရေးအတွက် လုပ်ဆောင်ခြင်း စသည်တို့ ပါဝင်ကြောင်း ဖွင့်ဆိုထားသည်။

အပိုဒ်(၅) လိင်ကွဲပြားမှုအပေါ်မူတည်၍ ပတ်ဝန်းကျင်က ပုံသေသတ်မှတ်ထားသော တဖက်သတ် အယူအဆများ၊ အမျိုးသားနှင့် အမျိုးသမီးတို့အကြား အလုပ်အကိုင်ခွဲခြားမှုများ၊ အမျိုးသမီး တို့သည် အမျိုးသားတို့ထက်နိမ့်ကျသည်ဟူသော အယူအဆများ ပပျောက်အောင် စာချုပ်အဖွဲ့ ဝင်နိုင်ငံများက ကိုင်တွယ်လုပ်ဆောင်ရန်ဆိုထားသည်။

အပိုဒ်(၆) အမျိုးသမီးများအား ကူးသန်းရောင်းဝယ်ခြင်းနှင့် ပြည့်တန်ဆာအဖြစ် အသုံးချအ မြတ်ထုတ်မှုတို့ ပပျောက်ရေးအတွက် လိုအပ်သလို လုပ်ကိုင်ဆောင်ရွက်ရန် ဆိုထားသည်။

အပိုဒ်(၇) အမျိုးသမီးများ မဲပေးပိုင်ခွင့်၊ နိုင်ငံရေးလှုပ်ရှားမှုတို့တွင် ပါဝင်ပိုင်ခွင့်တို့ကို ဖွင့်ဆိုထားသည်။ ၁၉၅၂ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော အမျိုးသမီးများ နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူ စာချုပ်ပါ အချက်များကို ဤစာပိုဒ်တွင် ပြန်လည်ထည့်သွင်းထားခြင်းဖြစ်သည်။

အပိုဒ်(၈) အမျိုးသမီးများအနေနှင့် အမျိုးသားများနှင့်တန်းတူ အစိုးရအဖွဲ့ရာထူးများ၊ နိုင်ငံ တကာအဆင့် အတန်းများတွင် ပါဝင်လာစေရန်အတွက် စာချုပ်အဖွဲ့ဝင်နိုင်ငံများက အရေးယူ ဆောင်ရွက်ရန်ညွှန်ဆိုထားသည်။

အပိုဒ်(၉) အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ နိုင်ငံသားဖြစ်ပိုင်ခွင့်၊ ပြောင်းလဲပိုင်ခွင့်၊ ပျောက် ထားပိုင်ခွင့်ရှိသည်ဟု ဆိုထားသည်။ ၁၉၅၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော လက်ထပ်ပြီးသော အမျိုးသမီးများ၏ နိုင်ငံသားဖြစ်မှုဆိုင်ရာ သဘောတူစာချုပ်ပါ အချက်များကို ဤအပိုဒ်တွင် ထပ်မံညွှန်းဆိုထားခြင်းဖြစ်သည်။

အပိုဒ်(၁၀) အမျိုးသမီးများအား ပညာရေးတွင် ခွဲခြားမှုမရှိစေရန် ရည်ရွယ်ထားသည်။ အမျိုး သမီးများအား အမျိုးသားများနှင့်တန်းတူညီမျှသော သင်ကြားချက်များ၊ ညီမျှသော ကျောင်းဝင်ခွင့် သတ်မှတ်ချက်များ ထားရှိစေရန်အပြင် အမျိုးသမီးများ ကျောင်းမှထွက်သွားသောနှုန်းလျော့ပါးစေ ရေးအတွက် လုပ်ဆောင်ရန် ဆိုထားသည်။ ထို့မျှမက မိသားစု ကျန်းမာရေး ဖူလုံရေးတို့အပြင် မိသားစုရှင်သွေးယူရေး စီမံကိန်းတို့အတွက် လိုအပ်သောသတင်းများ၊ အသိပညာများကို ပညာ ပေးဖြန့်ဖြူးလုပ်ဆောင်ရန် ဆိုထားသည်။

အပိုဒ်(၁၁) အမျိုးသမီးများအား အလုပ်အကိုင်တွင် ခွဲခြားခြင်းမရှိစေရန်၊ တူညီသော လုပ်ငန်းအတွက် တူညီသော လစာနှင့် ခံစားခွင့်များ ရရှိစေရန်၊ ရာထူးတိုးတက်ရေးအတွက် တူညီသော အခွင့်အ လမ်းများ ရရှိစေရန်တို့အပြင် အမျိုးသမီးများအတွက် လုံခြုံသော လုပ်ငန်းခွင်များ ဖန်တီးပေးရန် ဆိုထားသည်။

အပိုဒ်(၁၂) အမျိုးသမီးများ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေး မိခင်များနှင့် ကလေးများကို ကျန်းမာရေးပညာပေးလုပ်ငန်းများနှင့် လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများ လုံလောက်စွာ ရရှိအောင် လုပ်ဆောင်ပေးရန် ဆိုထားသည်။ အမျိုးသမီးများအနေဖြင့် အခြားသူများနည်းတူ အမြင့်ဆုံးကျန်းမာရေးစောင့်ရှောက်မှုကို ခံစားနိုင်အောင် လုပ်ဆောင်ပေးရမည့်အပြင် အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့ရသည့် မျိုးပွားခြင်းဆိုင်ရာ ကျန်းမာရေးနှင့် မျိုးပွားမှုတာဝန်ကို ထမ်းဆောင်နေသည့် ကိုယ်ဝန်ဆောင်အချိန်များ၊ ရင်သွေးငယ်များကို ပြုစုစောင့်ရှောက်နေသည့် အချိန်များတွင် အထူး ကျန်းမာရေး စောင့်ရှောက်မှုများကို ပံ့ပိုးပေးရန်ဆိုထားသည်။

အပိုဒ်(၁၃) အမျိုးသမီးများအနေဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သော ငွေချေးပေးခြင်းများ၊ အတတ်ပညာများကို ပံ့ပိုးပေးရန် ဆိုထားသည်။

အပိုဒ် (၁၄) ကျေးလက်နေအမျိုးသမီးများဖွံ့ဖြိုးရေးအတွက် လိုအပ်သောအစီအစဉ်များကို စီစဉ်ဆောင်ရွက်ပေးရန် ဆိုထားသည်။

အပိုဒ်(၁၅) အမျိုးသမီးများအနေနှင့် အမျိုးသားများနည်းတူ တရားဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှုရှိစေရန်ဖွင့်ဆိုထားသည်။

အပိုဒ်(၁၆) အမျိုးသမီးများအတွက် ထိမ်းမြားလက်ထပ်ခြင်းဆိုင်ရာဥပဒေများနှင့် ရင်သွေးပျော့ကွက်တို့ကို ဖွင့်ဆိုထားသည်။ အိမ်ထောင်ဖက်ကို လွတ်လပ်စွာ ရွေးချယ်ခွင့်၊ အိမ်ထောင်ရေးအတွင်း ညီမျှသောအခွင့်အရေးနှင့် တာဝန်ရှိခွင့်၊ ရင်သွေးအရေးအတွက်နှင့် ရင်သွေးတစ်ဦးနှင့်တစ်ဦးအကြား ကာလကွာခြားမှုတို့ကို ခင်ပွန်းနှင့်အတူတန်းတူလွတ်လပ်စွာ ရွေးချယ်တာဝန်ယူဆုံးဖြတ်ပိုင်ခွင့်၊ မိသားစုအမည်နှင့် အလုပ်အကိုင်တို့ကို တန်းတူရွေးချယ်ပိုင်ခွင့်များကို ယခုအပိုဒ်တွင်ဖော်ပြထားသည်။ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်ပေါင်းများစွာအနက် ထိုကဲ့သို့ မိသားစုစီမံကိန်းနှင့် ပတ်သက်သောအချက်များကို ဤစာချုပ်တစ်ခုတည်းတွင်သာ ဖော်ပြထားသည်ကို တွေ့ရသည်။

အပိုဒ်(၁၇) မှ အပိုဒ် (၃၀) အထိမှာ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားထားမှု အားလုံးပျောက်သိမ်းရေး စာချုပ်ကော်မတီ၏ လုပ်ပိုင်ခွင့်များ၊ လုပ်ဆောင်မှုများကို ပြဋ္ဌာန်းထားသည်။

## အမျိုး သမီးအခွင့်အရေး စာချုပ်၏ နောက်ဆက်တွဲ စာချုပ်

အမျိုး သမီးအခွင့်အရေး စာချုပ်၏ နောက်ဆက်တွဲ စာချုပ်ကို ၁၉၉၉ ခုနှစ် အောက်တိုဘာလ(၆) ရက်နေ့တွင် ပြဋ္ဌာန်းနိုင်ခဲ့သည်။ ထိုနောက်ဆက်တွဲ စာချုပ်တွင် အပိုဒ်ပေါင်း (၂၁) ပိုဒ် ပါဝင်သည်။ ထိုနောက်ဆက်တွဲ စာချုပ်အရ စာချုပ်အဖွဲ့ဝင်နိုင်ငံ၏ တရားစီရင်ထုံးအောက်တွင် ရှိသော လူတဦး တစ်ယောက် ချင်း သို့မဟုတ် လူတစ်စုချင်းသည် အကယ်၍ ဤစာချုပ်ပါအခွင့်အရေး များ ကိုချိုး ဖောက်ခံရပါက စာချုပ်ကော်မတီသို့

တိုက်ရိုက်တိုင်ကြားနိုင်ခွင့်ရှိလာသည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ အတည်ပြု လက်မှတ်ရေး ထိုးထားသော နိုင်ငံပေါင်း (၁၀၄) နိုင်ငံရှိခဲ့ပြီ ဖြစ်သည်။

အမျိုး သမီးများ အား နည်းမျိုး စုံဖြင့် ခွဲခြားထားမှု အားလုံး ဖျက်သိမ်းရေး ကော်မတီ

Committee on the Elimination of all Forms of Discrimination againstWomen

အမျိုး သမီးများ အား နည်းမျိုး စုံဖြင့် ခွဲခြားထားမှု အားလုံး ဖျက်သိမ်းရေး စာချုပ်ပါအချက်များ ကိုစာချုပ်အဖွဲ့ဝင်နိုင်ငံများ က လေးစားလိုက်နာဆောင်ရွက်မှု ရှိ မရှိအပေါ် စောင့်ကြည့်ရန် အမျိုး သမီးများ အား နည်းမျိုး စုံဖြင့် ခွဲခြားထားမှု အားလုံး ဖျက်သိမ်းရေး စာချုပ်ကော်မတီကို ဖွဲ့စည်းထားသည်။ကော်မတီတွင် အဖွဲ့ဝင် (၂၃) ဦးပါဝင်ပြီး စာချုပ်အဖွဲ့ဝင်နိုင်ငံများ က တင်သွင်းသော အမည် စာရင်းများ က တစ်ဆင့် လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခြင်း ဖြစ်သည်။ ကော်မတီဝင်များ ကို ရွေးချယ်ရာတွင် အမျိုး သမီးအခွင့်အရေး များ ကို ကျွမ်းကျင်ပြီး စာချုပ်၏ ရည်ရွယ်ချက်များ ကို အောင်မြင်အောင်ကြိုး စားဆောင်ရွက်နိုင်မည့် သူများ ဖြစ်ရမည် ဟူသော စံဖြင့် ရွေးချယ်ခြင်း ဖြစ်သည်။ ကော်မတီဝင်များ သည် စာချုပ်အဖွဲ့နိုင်ငံများ က အဆိုပြုသူများ ဖြစ်သော် လည်း သက်ဆိုင်ရာနိုင်ငံများ ကိုကိုယ်စားပြုသူများ မဟုတ်ဘဲ သီးခြားလွတ်လပ်ကျွမ်းကျင်သူများ သာ ဖြစ်သည်။ သက်တမ်းမှာ (၄) နှစ် ဖြစ်သည်။

စီဒေါကော်မီတီသည် အစိုးရများ တင်သွင်းသော အစီရင်ခံစာများ ကို စစ်ဆေးသုံးသပ်ပြီး သက်ဆိုင်ရာအစိုးရ၏ သဘောတူစာချုပ်အပေါ် အကောင်အထည်ဖော်မှု ကို စောင့်ကြည့်သည်။ သက်ဆိုင်ရာနိုင်ငံကို စစ်ဆေးသုံးသပ်ပြီးလျှင် နိဂုံးချုပ် လေ့လာတွေ့ ရှိသုံးသပ်ချက်များ (ConcludingObservation) ဟုခေါ်သော အကြံပြုတင်ပြချက်များ ကို ရေး သားပြုစုပါသည်။ထို့သို နိုင်ငံ၏ အစီရင်ခံစာများ ကို လေ့လာပြီး အကြံပြုချက်များ ထုတ်ပြန်ခြင်းအပြင် ကော်မတီ၏ တခြားလုပ်ဆောင်ချက်တစ်ခုလည်း ရှိသေးသည်။ ထိုလုပ်ငန်းမှာ သဘောတူစာချုပ်ပါ ပုဒ်မတစ်ခုချင်းနှင့် ပတ်သက်၍ ပိုမိုတိကျသော

အဓိပ္ပာယ်များ ကို ဖွင့်ဆိုရှင်းလင်းပြီး အထွေထွေအကြံပြုတင်ပြချက်များ (General Comments) များ ထုတ်ပြန်ခြင်း ဖြစ်သည်။ ထိုအထွေထွေအကြံပြုတင်ပြချက်များ ကို စာချုပ်အပိုဒ်နှင့် ပတ်သက်ပြီး ဆွေးနွေးရာတွင် ကိုးကားချက်များ အ ဖြစ် အသုံးပြုလေ့ရှိသည်။ စာချုပ်အပိုဒ်တစ်ခုနှင့် ပတ်သက်ပြီး မရှင်းလင်းဘဲ ငြင်းခုန်မှု များ ရှိပါက ထိုအထွေထွေအကြံပြုချက်များ ကို ကိုးကားဖြေရှင်းတတ်ကြသည်။ ယနေ့အထိ အထွေထွေအကြံပြုတင်ပြချက်ပေါင်း (၂၈) ချက်ရှိပြီး၊ ၎င်းတို့အနက် အထွေထွေ အကြံပြုတင်ပြချက်အမှတ်(၁၉)သည် အမျိုး သမီးများ အပေါ် အကြမ်းဖက်မှု နှင့် သက်ဆိုင်ပါသည်။

ကော်မတီအစည်းအဝေးကို အမေရိကန်နိုင်ငံ နယူးယောက် မြို့ တွင် တစ်နှစ်လျှင် (၂) ကြိမ်ကျင်းပသည်။ နှစ် စဉ် ဇန်နဝါရီလကုန်ပိုင်းမှာ (၃) ပတ်ကြာ ကျင်းပလေ့ရှိသည်။ စည်းဝေးဆွေးနွေးပွဲတစ်ကြိမ်လျှင် အစီရင်ခံစာ (၈)စောင်ကို စိစ်ဆေးသုံးသပ်လေ့ရှိသည်။ စာချုပ်ကို အတည်ပြုလက်မှတ်ရေး ထိုးလိုက်သော နိုင်ငံသည် လက်မှတ်ရေး ထိုးပြီး တစ်နှစ်အကြာတွင် အစီရင်ခံ စာတင်သွင်းရသည်။ ပုံမှန်အစီရင်ခံစာကို (၄)နှစ် တစ်ကြိမ်တင်သွင်းရသည်။ကော်မတီသည် အဖွဲ့ဝင်နိုင်ငံများ ၏ အစီရင် ခံစာများ နှင့် အခြားအစိုးရမဟုတ်သော အဖွဲ့များ ၏ ယှဉ်ပြိုင်အစီရင်ခံစာများ ကိုလည်း လက်ခံသည်။ ထိုသို့ တင်သွင်းလာသည့် အစီရင်ခံစာများ ကိုအစည်းအဝေး နှစ် ကြိမ်ကျင်းပ၍ လေ့လာကြသည်။

အလှည့်ကျသည့် နိုင်ငံ၏ အစိုးရက တင်သွင်းလာသည့် နိုင်ငံတော်အဆင့်အစီရင်ခံစာကို ထိုနိုင်ငံအတွက် လေ့လာရန်အတွက် ကော်မတီဝင်တစ်ဦးကို အရာရှိအဖြစ် စတင်တာဝန်ပေးပါသည်။ထိုအရာရှိက တာဝန်ကျသော နိုင်ငံနှင့် ပတ်သက်သော အစီရင်ခံစာတွေ ကို စတင်လေ့လာပြီးအကြိုအစည်းအဝေး (Pre Session) အတွက် လေ့လာစရာအကြောင်းရင်းအနှစ် ချုပ်ကို ပြင်ဆင်ရပါသည်။ ထိုပြင်ဆင်ချက်များ ကို တခြားတာဝန်ကျကော်မတီဝင် (၅) ဦးကို တင်ပြပြီးအကြိုအစည်းအဝေးခေါ်ရပါသည်။ ထိုအကြိုအစည်းအဝေးသို့ အစိုးရမဟုတ်သော အဖွဲ့များ နှင့် ကုလသမဂ္ဂ အေဂျင်စီများ က တက်ရောက်တင်ပြနိုင်ပါသည်။ အစိုးရများ က တင်သွင်းသော အစီရင်ခံစာများ သည် အများ

အားဖြင့် အ ဖြစ်မှန်များ ကို ထိန်ချန်ထားတတ်လေ့ရှိသဖြင့် ထိုနိုင်ငံအကြောင်းကို တိတိကျကျ သိရှိကျွမ်းကျင်သော အဖွဲ့များ ၏ အစီရင်ခံစာများ နှင့် သတင်းအချက်အလက်များ သည် ကော်မတီအတွက်အသုံးဝင်သည်။

အကြိုအစည်းအဝေးတွင် တင်ပြသည့်အချက်များ ကိုအခြေခံပြီး သိရှိလိုသော အချက်များ ၊ မေးခွန်းများ ကို အစီရင်ခံစာတင်သည့်နိုင်ငံဆီ ကြိုတင်ပေးပို့လေ့ရှိသည်။ သက်ဆိုင်ရာနိုင်ငံအစိုးရကလည်းကော်မတီက ကြိုတင်ပေးပို့သည့် မေးခွန်းများ ကိုပြင်ဆင်ပြီး အစီရင်ခံရသော အစည်းအဝေး(Session)ကို တက်ရောက်ရပါသည်။ ထိုအစည်းအဝေးတွင် အစိုးရကတင်ပြလာသည့်အစီရင်ခံတင်ပြချက်များ ကို ကြားနာယုံသာမဟုတ်ဘဲ ကော်မတီဝင်တွေ ကလည်း ထပ်မံတိုက်ရိုက်မေးမြန်းနိုင်သည်။ အစီရင်ခံစာတင်သွင်းသော အစိုးရ၏ ကိုယ်စားလှယ်များ က အစီရင်ခံစာကိုနှုတ်ဖြင့် တင်ပြပြီးလျှင် ကော်မတီဝင်များ က မေးသော မေးခွန်းများ ကို ဖြေကြားပါသည်။ ထို့နောက်ကော်မတီဝင်များ က အစီရင်ခံစာတွင် ဖော်ပြထားသော အကြောင်းကိစ္စရပ်များ နှင့် ပတ်သက်သည့်၄င်းတို့၏ ကိုယ်ပိုင်အမြင်ကို တင်ပြပြီး အစိုးရကိုယ်စားလှယ်များ နှင့် အပြု သဘောဆွေးနွေးပါသည်။ ကော်မတီဝင်များ က ထိုနိုင်ငံကိုယ်စားလှယ်ကတင်သွင်းသော အစီရင်ခံစာနှင့် အခြားသော အစိုးရမဟုတ်သော အဖွဲ့များ ကပေးပို့သော သတင်းများ ကို အခြေခံ၍ ထိုနိုင်ငံအပေါ်အကြံပေးချက်များ (Concluding Observation) ထုတ်ပြန်ရသည်။ နောက်တစ်ကြိမ်အစီရင်ခံရာတွင် သိလိုသော အချက်များ အား သက်ဆိုင်ရာနိုင်ငံသို့ အသိပေးရသည်။ ကော်မတီအစည်းအဝေးပြီးဆုံးပါက ထိုအကြံပေးချက်များ ကို ကုလသမဂ္ဂအထွေ ထွေညီလာခံသို့ တင်ပြသည်။

စီဒေါကော်မတီ၏ လုပ်ငန်းစဉ်ထဲတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGO) များ ၏ ပါဝင်မှု ကို အသိအမှတ်ပြုသည်ကိုတွေ့ရ၏ ။ ကော်မတီသည် အစိုးရအစီရင်ခံစာသာမကဘဲ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ၏ ယှဉ်ပြိုင်အစီရင်ခံစာတွေ ကိုလည်း လေ့လာပါသည်။ ထို့ကြောင့် ထိုအဖွဲ့များ သည် မိမိနိုင်ငံရှိ အမျိုးသမီးများ အခြေအနေများ ၊ သက်ဆိုင်ရာအစိုးရလုပ်ဆောင်မှု ပေးမှု များ ၊ ပျက်ကွက်မှု များ ကို

အင်တာနက်မှတစ်ဆင့်၊ သို့မဟုတ် စာတိုက်မှတစ်ဆင့် အကြိုအစည်း အဝေးမကျင်းပမီ ပေးပို့တင်သွင်းနိုင်သည်။ ထိုယှဉ်ပြိုင်အစီရင်ခံစာများ နှင့် သတင်းများ ကိုသက်ဆိုင်ရာနိုင်ငံက ကော်မတီထံအစီရင်ခံစာမတင်သွင်းမှီ ကြိုတင်၍ ပေးပို့နိုင်ပါက ပိုမိုအကျိုး ရှိသည်။ အဘယ်ကြောင့် ဆိုသော် ထိုအစီရင်ခံစာများ ၊ သတင်းအချက်အလက်များ အပေါ် ကိုးကား၍ ကော်မတီသည် သက်ဆိုင်ရာအစိုးရကိုမေးခွန်းများ ကြိုတင်ပေးပို့၍ ဖြေကြားစေနိုင်သော ကြောင့် ဖြစ်သည်။ ယှဉ်ပြိုင်အစီရင်ခံစာများ သည် တိကျမှု ၊ တိုတောင်းမှု ရှိရန်လိုအပ်သည်။

ထို့ပြင် အကြိုအစည်းအဝေး (Pre-session) ၌ လည်း ကော်မတီဝင်များ နှင့် တံခါးပိတ်တွေ့ဆုံကာမိမိနိုင်ငံရှိ အမျိုး သမီး အခြေအနေများ ကို တင်ပြနိုင်ခွင့်ရှိသည်။ အစိုးရမဟုတ်သည့်အဖွဲ့များ ကကိုယ်စားလှယ်များ သည် ကော်မတီ အစည်းအဝေး (Session) ၌ တက်ရောက်ခွင့်ရှိသော် လည်းဝင်ရောက်ပြောဆိုခွင့်မရတော့ပေ။ သို့သော် ထိုအစည်းအဝေး မတိုင်မီအချိန်အတွင်း ၊ မိမိနိုင်ငံအလိုက်၊ မိမိအလေးထားပြောဆိုလိုသည့်အကြောင်းအရာအလိုက် ဆွေးနွေးပွဲများ ကျင်းပပြီး မိမိအကြောင်းကို ကော်မတီဝင်များ စိတ်ဝင်စားအောင်လုပ်ဆောင်နိုင်ပါသည်။

## အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားထားမှုအားလုံး ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် ပေါ်ပေါက်လာပုံအဆင့်ဆင့်

၁၉၇၂ – ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးက အမျိုးသမီးအဆင့်အတန်းဆိုင်ရာကော်မရှင်အား အမျိုးသမီးများ၏အခွင့်အရေးနှင့် ပတ်သက်သော စာချုပ်သစ်နှင့်ပတ်သက်၍ အစိုးရများ၏ ဆန္ဒများ၊ စာချုပ်တွင် ပါဝင်စေလိုသည့်အချက်များ မည်ကဲ့သို့ရှိသည်ကို လေ့လာစုံစမ်းရန် တာဝန်ပေးခဲ့သည်။

၁၉၇၃ – စာချုပ်အသစ်နှင့် ပတ်သက်သော အစိုးရများ၏ သဘောသဘာဝများသည် အပြုသဘောဆောင်သည့်အတွက် စီးပွားရေးနှင့် လူမှုရေးကောင်စီ (ECOSOC) သည် အမျိုးသမီးအဆင့်အတန်းဆိုင်ရာကော်မရှင်၏ တင်ပြချက်ကို လက်ခံခဲ့ပြီး အမျိုးသမီးစာချုပ်သစ်ကို မူကြမ်းရေးဆွဲရန် အဖွဲ့ဝင် (၁၅) ဦးပါသည့် အလုပ်အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးခဲ့သည်။

၁၉၇၄ – ထိုစာချုပ်၏ မူကြမ်းကိုတင်ပြရန် အမျိုးသမီးအဆင့်အတန်းဆိုင်ရာကော်မရှင်က ဆုံးဖြတ်ခဲ့သည်။

၁၉၇၅ – နိုင်ငံတကာအမျိုးသမီးနှစ်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့အမျိုးသမီးညီလာခံကြီးက ထိုသဘောတူစာချုပ်မူကြမ်းကို ထိရောက်စွာ အကောင်အထည်ဖော်ရန် တောင်းဆိုခဲ့သည်။

၁၉၇၆ – ထိုသဘောတူစာချုပ်၏ မူကြမ်းကို အမျိုးသမီးအဆင့်အတန်းဆိုင်ရာ ကော်မရှင်က စီးပွားရေးနှင့် လူမှုရေးကောင်စီနှင့် အထွေထွေညီလာခံ၏ တတိယကော်မတီတို့တွင် တင်ပြဆွေးနွေးခဲ့သည်။

၁၉၇၇ – ကုလသမဂ္ဂ အထွေထွေညီလာခံက ထိုမူကြမ်းကို ဆက်လက်ပြင်ဆင်ရန် အလုပ်အဖွဲ့ကို ဆက်လက် တာဝန်ပေးခဲ့သည်။

၁၉၇၈ – ကုလသမဂ္ဂအထွေထွေညီလာခံက ထိုမူကြမ်းကို အပြီးသပ်ရန် အလုပ်အဖွဲ့ကို တိုက်တွန်းခဲ့သည်။

၁၉၇၉ – ကုလသမဂ္ဂအထွေထွေညီလာခံက စာချုပ်ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး လက်မှတ်ထိုးရန် နိုင်ငံများကို ဖိတ်ကြားခဲ့သည်။

၁၉၈၁ – သတ်မှတ်ထားသော နိုင်ငံ (၂၀)က အတည်ပြုလက်မှတ်ရေးထိုးခဲ့သဖြင့် စာချုပ်အသက်ဝင်လာခဲ့သည်။

၁၉၈၂ – အမျိုးသမီးစာချုပ်၏ ယန္တရား စတင်လည်ပတ်ခဲ့သည်။

၁၉၉၉ – စာချုပ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အမျိုးသမီးစာချုပ်ပါ အချက်များကို ချိုးဖောက်ပါက တစ်ဦးချင်း တိုင်ကြားမှုကို ခွင့်ပြုသည့် နောက်ဆက်တွဲစာချုပ် ပေါ်ပေါက်လာသည်။

ကလေးသူငယ်များ အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်

Convention on the Rights of the Child CRC

ကလေးသူငယ်အခွင့်အရေး ဆိုင်ရာစာချုပ်နှင့် ပတ်သက်သော အယူအဆသည် ၁၉၇၉ ခုနှစ် ကမ္ဘာ့ကလေးများ နှစ် ကို ကျင်းပရန် စီစဥ်ဆောင်ရွက်ရာမှ စတင်ပေါ်ပေါက်လာခြင်း ဖြစ်သည်။မူလအစတွင် အရှိန်ကောင်းကောင်းဖြင့် ပေါ်ပေါက်လာခြင်းမဟုတ်ခဲ့ချေ။ ကလေးများ နှစ် အထိမ်းအမှတ်သဘောလောက်သာ ပြင်ဆင်ရန် ရည်ရွယ်ခဲ့ပြီး ထိုသို့ ပြင်ဆင်ရေး သားရန်အတွက်အဓိကတာဝန်ကို ပိုလန်နိုင်ငံက ၁၉၇၈ ခုနှစ် တွင် ဦးဆောင်တာဝန်ယူခဲ့သည်။

စာချုပ်မူကြမ်းဒုတိယပိုင်းကို ပြင်ဆင်ရေး ဆွဲနေချိန်အထိ စာချုပ်အပေါ် နိုင်ငံများ စွာ ကလည်းအလေးပေးစိတ်ဝင်စားမှု မရှိခဲ့။ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်(ICCPR) ၏ အပိုဒ် (၂၄) တွင် ကလေးသူငယ်များ ဆိုင်ရာ

အခွင့်အရေး ကို သီးခြားဖော်ပြထားပြီး ဖြစ်သော ကြောင့်
နောက်ထပ်ကလေးသူငယ်ဆိုင်ရာစာချုပ်တခု ထပ်မလိုအပ်တော့ဆိုသည့်အယူအဆမျိုး သည် နိုင်ငံတော် တော် များများ တွင် ရှိခဲ့သည်။ ထို့အပြင် အရှေ့ဥရောပနိုင်ငံများ ကရေး ဆွဲသော စာချုပ်မူကြမ်းသည် စီးပွားရေး ၊ လူမှု ရေး နှင့် ယဉ်ကျေးမှု အခွင့်အရေး များ အပေါ်အသားပေးသည်ဟူ၍ ဆိုကာ အနောက်နိုင်ငံများ ကစိတ်ဝင်စားခြင်း မရှိခဲ့ကြချေ။

မူကြမ်းရေး ဆွဲမှု သည် ၁၉၇၉ ခုနှစ် မှ ၁၉၈၉ ခုနှစ် အထိ ကြာမြင့်ခဲ့သည်။ သို့သော် ၁၉၈၈ ခုနှစ် ကုလ သမဂ္ဂလူ့အခွင့်အရေး ကော်မရှင်မှ ခန့်အပ်လိုက်သော အလုပ်အဖွဲ့က စာချုပ်ကို အပြီးသတ်လေ့လာရေး ဆွဲသည့် အချိန်မှစ၍ အစိုးရများ နှင့် အစိုးရမဟုတ်သော အဖွဲ့များ စွာ တို့သည်ထိုစာချုပ်မူကြမ်းရေး ဆွဲရာတွင် စိတ်ဝင်စားလာပြီး အင်တိုက်အားတိုက် ပါဝင်လာခဲ့ကြသည်။မူလရေး ဆွဲထားသော မူကြမ်းကို အခြေခံ၍ အစိုးရများ နှင့် အစိုးရမဟုတ်သော အဖွဲ့များ က ထပ်မံဖြည့်စွက်မွမ်းမံမှု များ လုပ်ဆောင်ခဲ့သည်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ (WHO)၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) စသည့် အဖွဲ့များ ၏ တင်ပြချက်များ ကိုလည်း လက်ခံသုံးသပ်ခဲ့ကြသည်။နောက်ဆုံး ၁၉၈၉ ခုနှစ် နိုဝင်ဘာလ (၂၀)ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံကနေ၍ ကလေးအခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်ကို ပြဋ္ဌာန်းခဲ့ပြီး ၁၉၉၀ ခုနှစ် တွင် သတ်မှတ်ထားသည့် နိုင်ငံအရေအတွက် (၂၀) ပြည့်သွားသဖြင့် စာချုပ်အသက်ဝင်လာခဲ့သည်။ မြန်မာနိုင်ငံသည်ဤစာချုပ်ကို ၁၉၉၁ ခုနှစ် ဇူလိုင်လ (၁၅) ရက်နေ့တွင် အတည်ပြုလက်မှတ်ရေး ထိုးခဲ့သည်။ယခုစာချုပ်၏ နောက်ဆက်တွဲစာချုပ် ဖြစ်သော ကလေးများ အား ရောင်းချခြင်း၊ ကလေးပြည့်တန်ဆာနှင့် ကလေးညစ်ညမ်းစာပေများ အကြောင်းတို့နှင့် ပတ်သက်သော နောက်ဆက်တွဲ စာချုပ်ကိုမြန်မာနိုင်ငံက ၂၀၁၂ ခုနှစ် ဇန်နဝါရီလ (၁၆) ရက်တွင် အတည်ပြုလက်မှတ်ထိုးခဲ့သည်။

ကုလသမဂ္ဂ၏ လူ့အခွင့်အရေး ဆိုင်ရာ စာချုပ်များ ထဲတွင် ကလေးသူငယ်များ ဆိုင်ရာစာချုပ်သည်အခြားစာချုပ်များ ထက် ထူးခြားမှု ရှိသည်၊ ထူးခြားသည့်ပထမအချက်မှာ လူ့အခွင့်အရေး စာချုပ်များ ထက် ပိုမိုပြည့်စုံကျယ်ပြန့်သော အခွင့်အရေး များ ပါဝင်နေခြင်း

ဖြစ်သည်။ ထို့အပြင်စာချုပ်အဖွဲ့ဝင်နိုင်ငံများ ၏ လုပ်ဆောင်မှု ကို အစီရင်ခံစေ၍ စောင့်ကြပ်သော လုပ်ငန်းစဉ်တွင် အခြားစာချုပ်များ ထက် ပိုမိုကောင်းမွန်သော လုပ်ငန်းစဉ်ရှိသည်။ ထို့ပြင် ထိုစာချုပ်ကို ပြင်ဆင်ရေး ဆွဲချိန်တွင် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့များ ၏ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်မှု သည်အခြားစာချုပ်များ ကို ရေး ဆွဲစဉ်ကနှင့် မတူ အထူးကောင်းမွန်သည်ကို တွေ့ရသည်။

ထို့ပြင် ကုလသမဂ္ဂ၏ လူ့အခွင့်အရေး စာချုပ်များ တွင် ဤကလေးသူငယ်အခွင့်အရေး ဆိုင်ရာစာချုပ်ကိုနိုင်ငံတကာက လက်မှတ်ထိုးထားသည့် စာချုပ်အဖွဲ့ဝင်အများ ဆုံး စာချုပ် ဖြစ်သည်။ ၂၀၁၂ခုနှစ် ဒီဇင်ဘာလအထိ အတည်ပြု လက်မှတ်မထိုးသေးသော နိုင်ငံများ မှာ အမေရိကန်နိုင်ငံ၊ဆိုမားလီးယားနိုင်ငံနှင့် တောင်ဆူဒန်နိုင်ငံတို့သာ ကျန်ခဲ့တော့သည်။

စာချုပ်တွင် အပိုဒ်ပေါင်း (၅၄)ပိုဒ်ရှိသည်။ စာချုပ်တွင် အဓိကအားဖြင့် ကလေးသူငယ်များ သည်လည်း အရွယ်ရောက်ပြီးသော သူများ ကဲ့သို့ ညီမျှသော တန်ဖိုးရှိသည်။ ကလေးသူငယ်တိုင်းအခွင့်အရေး ရှိသည်။ ကလေးသူငယ်များ ၏ အတွေးအမြင်များ ကို တန်ဖိုးထားရမည် ။

ကလေးသူငယ်များ ၏ အကျိုး အတွက် လုပ်ဆောင်မှု များ ၊ ကာကွယ်မှု များ လုပ်ရမည် ဟူသော သဘောများ ထည့်သွင်းပြဌာန်းထားသည်။ ကလေးများ ၏ ကိုယ်ရေးကိုယ်တာအကြောင်းအရာများ နှင့် ပတ်သက်သည့်အပိုဒ် (၈)၊ ပြုစုစောင့်ရှောက်ခွင့်၊ မွေးစားခွင့်တို့နှင့် ပတ်သက်သော အပိုဒ် (၂၀) (၂၁)၊ လက်နက်ကိုင် တိုက်ပွဲများ အတွင်း ၌တွင် နှိပ်စက်ခံရသော ကလေးများ အားစိတ်ပိုင်းနှင့် ရုပ်ပိုင်း ပြန်လည်နာလန်ထလာစေရန် လုပ်ဆောင်ပေးရေး နှင့် သက်ဆိုင်သည့်အပိုဒ် (၃၉) တို့သည် မည် သည့်လူ့အခွင့်အရေး စာချုပ်များ တွင် မှ လွှမ်းခြုံပါဝင်ခဲ့ခြင်းမရှိသေးသော အကြောင်းအရာ အချက်အသစ်များ ဖြစ်သည်။

ယခုစာချုပ်တွင် ကလေးများ အား မည် သည့်ခွဲခြားချက်မှမရှိဘဲ အသက် (၁၈) နှစ် အောက်ကလေးများ အားလုံး အခွင့်အရေး ခံစားနိုင်စေရန်၊ ကလေးအခွင့်အရေး များ ကို

ခွင့်ပြုရာတွင် ကလေးများ ၏ အကောင်းဆုံးအကျိုး ကို အဓိကအခြေခံအ ဖြစ် ထည့်သွင်းစဉ်းစားရန်၊ အစိုးရများ ကကလေးအခွင့်အရေး များ အတွက် အထူးလုပ်ဆောင်ပေးချက်များ လုပ်ဆောင်ပေးရန်၊ ကလေးများ ၏ ဖွံ့ဖြိုး တိုးတက်မှု အလိုက် မိဘများ က ပဲ့ပြင်လမ်းညွှန်မှု များ လုပ်ဆောင်ရန်၊ ကလေးများ ၏ အတွေ းအမြင်၊ အယူအဆများ ကိုလေးစားရန် စသည့် အခြေခံသဘောထားများ ကို ဖော်ပြထားသည်။

ထို့အပြင် ယခုကလေးစာချုပ်တွင် ကလေးများ ကို နည်းလမ်းသစ်များ ဖြင့် လက်ခံထားပါသည်။ကလေးများ ကို လူသားအ ဖြစ် အပြည့်အဝ လက်ခံထားပြီး အရွယ်ရောက်သော သူ တစ်ယောက် ဘဝသို့ အဆင့်ဆင့် ကြီးပြင်းဖွံ့ဖြိုး တိုးတက်နေလျက်ရှိသော လူသားတယောက် ချင်းအ ဖြစ်သတ်မှတ်ပါသည်။ ကလေးများ ကို မိဘများ နှင့် သာ ယှဉ်တွဲ ၍ မြင်ခြင်း၊ မိဘများ ၏ ပိုင်ဆိုင်မှု အ ဖြစ် မြင်ခြင်းများ မရှိပါ။ ကလေးများ သည် တဖြည်းဖြည်းချင်း ဖွံ့ဖြိုး ကြီးပြင်းလာသော သူများ ဖြစ်သော ကြောင့် သူတို့သည် စော်ကားမည့် သူများ ကို ကိုယ်တိုင်ကာကွယ်နိုင်မှု နည်းပါးနေဆဲ ဖြစ်သော် လည်း ကလေးများ ထံတွင် အရေး ပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်သော စွမ်းရည်များ နှင့် လုပ်ဆောင်နိုင်မှု အစွမ်းသတ္တိများ ရှိကြသည်ဟု ဤစာချုပ်တွင် လက်ခံထားသည်။ကလေးများ ကို သူတို့၏ ရပ်ရွာဒေသများ နှင့် နိုင်ငံအဆင့် အသိုင်းအဝိုင်းများ တွင် တက်ကြွစွာ ပါဝင်နိုင်သော အဖွဲ့ဝင်များ အ ဖြစ် လက်ခံရန် တိုက်တွန်းထားသည်။

ထိုစာချုပ်ထဲတွင် မိဘများ အနေဖြင့် မိဘများ နှင့် မိသားစုများ သည် ကလေးများ အတွက်အခြေခံအကျဆုံးသော စောင့်ရှောက်ပေးသူများ နှင့် ကာကွယ်ပေးသူများ ဖြစ်သည့်အတွက်ကလေးများ ၏ အကောင်းဆုံးအကျိုး အတွက် ထိုသူတို့ကို အ ဖြစ်နိုင်ဆုံး အကူအညီများ ထောက်ပံ့ပေးရမည် ။ ထိုသူများ သည် ကလေးများ ၏ အခွင့်အရေး နှင့် ပတ်သက်၍ နားလည်သဘောပေါက်ရာတွင် အဓိကပူးပေါင်းလုပ်ဆောင်ရမည့် သူများ ဖြစ်သည်ဟု ဖော်ပြရေး သားထားသည်။

ထို့ပြင် လူ့အသိုင်းအဝိုင်းတိုင်းတွင် ထိုအသိုင်းအဝိုင်းအတွင် းရှိ ကလေးများ နှင့် ပတ်သက်၍ တာဝန်ဝတ္တရားများ ရှိသည်။ ယခုသဘောတူစာချုပ်တွင်

ဖော်ပြသတ်မှတ်ထားသော ကလေးများ အပေါ် ဆက်ဆံမှု နှင့် ပတ်သက်သည့် စံချိန်သတ်မှတ်မှု များ သည် ကလေးများ ၏ ဘဝဖွံ့ဖြိုး တိုးတက်ဖူလုံမှု နှင့် ချမ်းမြေ့ပျော်ရွှင်စေရေး အပေါ် အာရုံထားလုပ်ဆောင်လိုသော လူမှု အသိုင်းအဝိုင်းကြားရှိ ကလေးများ ၏ လိုလားချက်များ ပင် ဖြစ်သည်။ ထိုစံချိန်စံညွှန်းများ သည်လူသားတို့၏ ဂုဏ်သိက္ခာရှိမှု ၊ သည်းခံစိတ်ရှည်မှု ၊ သွေးစည်းညီညွတ်မှု ၊ ငြိမ်းချမ်းမှု နှင့် လွတ်လပ်မှု စသည့် အခြေခံတန်ဖိုးများ နှင့် သက်ဆိုင်နေလျက်ရှိသည်။

အစိုးရများ အနေဖြင့် လည်း ကလေးတိုင်း ထိုအခွင့်အရေး များ ကို အပြည့်အဝခံစားနိုင်အောင်အာမခံပေးခြင်းသည် အစိုးရ၏ တာဝန်ကျေပွန်မှု ဖြစ်သည်။ အစိုးရအနေဖြင့် ဥပဒေများ သတ်မှတ်ပေးခြင်း၊ အစီအစဉ်များ နှင့် လုပ်ဆောင်ရမည့် အသွင်ပုံစံများ ကို ဖွံ့ဖြိုး တိုးတက်စေခြင်း၊အကောင်အထည်ဖော်ပေးခြင်း၊ ထိုသို့ လုပ်ဆောင်မှု များ ကို အကောင်အထည်ဖော်နိုင်ရန်အတွက်ဘဏ္ဍာငွေများ ခွဲဝေသတ်မှတ်ခြင်းများ ကို လုပ်ဆောင်ပေးရမည် ဟု ဆိုထားသည်။

ထိုကလေးစာချုပ်တွင် ပါဝင်သော ကလေးအခွင့်အရေး များ ကို (၁) အသက်ရှင်ရပ်တည်ဆိုင်ရာအခွင့်အရေး (Survival Rights)၊ (၂)ဖွံ့ဖြိုး တိုးတက်မှု ဆိုင်ရာ အခွင့်အရေး များ (DevelopmentRights) (၃) ကာကွယ်မှု ဆိုင်ရာ အခွင့်အရေး များ (Protection Rights) နှင့် (၄)ပါဝင်ဆောင်ရွက်မှု ဆိုင်ရာ အခွင့်အရေး များ (Participation Rights) ဟူ၍ အကြမ်းအားဖြင့် အမျိုး အစား လေးမျိုး ခွဲခြားနိုင်သည်။

အသက်ရှင်ရပ်တည်ခွင့်ဆိုင်ရာအခွင့်အရေး ဆိုသည်မှာ ကလေးများ ၏ အသက်ရှင်ခွင့်နှင့် အသက်ရှင်နိုင်ရန် လိုအပ်သော အခြေခံအချက်များ ကို ဆိုလိုခြင်း ဖြစ်သည်။ လုံလောက်သော နေထိုင်မှု အဆင့်အတန်း၊ အိမ်ယာ၊ အာဟာရနှင့် ဆေးဝါးကုသမှု ဆိုင်ရာများ ရယူခွင့် စသည်တို့ ဖြစ်သည်။

ဖွံ့ဖြိုး တိုးတက်မှု ဆိုင်ရာ အခွင့်အရေး ဆိုသည်မှာ သူတို့၏ စွမ်းရည်ရှိသမျှဖွံ့ဖြိုး တိုးတက်နိုင်ရန်လိုအပ်သော အရာများ ကို ဆိုလိုသည်။ ဥပမာအားဖြင့် ပညာသင်ကြားခွင့်၊ အားကစားနှင့် အပန်းဖြေအနားယူခွင့်၊ ယဉ်ကျေးမှု လှုပ်ရှားမှု များ ၊ သတင်းများ ရယူပိုင်ခွင့်၊

လွတ်လပ်စွာ တွေးခေါ်ခွင့်နှင့် ကိုးကွယ်ယုံကြည်ခွင့်တို့ ဖြစ်သည်။

ကာကွယ်မှု ဆိုင်ရာအခွင့်အရေး များ မှာ သာမန်အခြေအနေများ နှင့် အရေးပေါ်အခြေအနေများ တွင် ကလေးများ အပေါ် ခွဲခြားခြင်း၊ မတရားပြုမူခြင်း လစ်လျူရှုခြင်းနှင့် အမြတ်ထုတ်စော်ကားခြင်းတို့မှကာကွယ်ပေးရန် လိုအပ်သော အချက်များ ဖြစ်သည်။ ထိုအရာများ မှာ ဒုက္ခသည်ကလေးများ အားကာကွယ်ပေးခြင်း၊ နှိပ်စက်မှု များ မှ ကာကွယ်ပေးခြင်း၊ ရာဇဝတ်မှု ဥပဒေများ အောက်ရှိကလေးများ ကို ကာကွယ်ပေးခြင်း၊ လက်နက်ကိုင်စစ်ပွဲများ အတွင်း ၊မှ ကလေးများ ကို ကာကွယ်စောင့်ရှောက်ခြင်း၊ ကလေးအလုပ်သမားစေခိုင်းမှု မှ တားဆီးခြင်း၊ ကလေးအပေါ် လိင်ပိုင်းဆိုင်ရာစော်ကားမှု များ မ ဖြစ်အောင် တားဆီးစောင့်ရှောက်ပေးခြင်း စသည်တို့ ဖြစ်သည်။

ပါဝင်ဆောင်ရွက်မှု ဆိုင်ရာ အခွင့်အရေး များ ဆိုသည်မှာ ၎င်းတို့၏ မိသားစု၊ ယဉ်ကျေးမှု နှင့် လူမှု ဘဝများ ထဲတွင် ပါဝင်ခွင့်ရှိခြင်း၊ ၎င်းတို့နှင့် ပတ်သက်သော အကြောင်းအရာများ ကို တိုင်ပင်ဆွေးနွေးရာတွင် အသိပေးခြင်း၊ ၎င်းတို့၏ ယူဆချက်များ ကို ထည့်သွင်းစဉ်းစားခြင်းတို့ကို ဆိုလိုသည်။ လွတ်လပ်စွာ တင်ပြပြောဆိုခွင့်၊ အဖွဲ့အစည်းများ ဖွဲ့စည်းခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်တို့ကို ဆိုလိုသည်။ ကလေးများ ၏ ဖွံ့ဖြိုး လာမှု နှင့် လိုက်လျောညီစွာ ၎င်းတို့၏ ပတ်ဝန်းကျင် လူ့ဘောင်လုပ်ငန်းများ အတွင်း ၊တိုးတက်ပါဝင်ခွင့်ပေးမှသာ အရွယ်ရောက်လာချိန်တွင် တာဝန်သိသော လူသား တစ်ယောက် ဖြစ်လာစေပေမည် ။

ကလေးအခွင့်အရေး စာချုပ်တွင် အပိုဒ်ပေါင်း (၅၄) ပိုဒ်ပါဝင်ပြီး အပိုဒ် (၁-၂)သည် ကလေးအခွင့်အရေး အဓိပ္ပာယ်ဖွင့်ဆိုချက်၊ (၃-၅)သည် အစိုးရက လုပ်ဆောင်ပေးရမည့် တာဝန်များ (၆-၄၀)သည် ကလေးအခွင့်အရေး အမျိုး အစားနှင့် ကာကွယ်ပေးမှု များ ၊ (၄၁-၅၄) သည် ကော်မတီ၏ လုပ်ပိုင်ခွင့်တာဝန်များ ဖြစ်သည်။

ထိုအပိုဒ်များ မှာ

အပိုဒ်(၁) ကလေးဆိုသည်မှာ အသက်(၁၈) နှစ် အောက်လူတိုင်းကို ဆိုလိုသည်။

အပိုဒ်(၂) မည် သည့်ကလေးကိုမှ ခွဲခြားခြင်းမရှိရ။

အပိုဒ်(၃) နိုင်ငံတော် အစိုးရက ကလေးများ နှင့် သက်ဆိုင်သော ကိစ္စများ ကို လုပ်ဆောင်ရာတွင် ကလေးများ အတွက် အကောင်းဆုံးအကျိုး ကို အကောင်းဆုံးလုပ်ဆောင်ပေးရန်၊

အပိုဒ်(၄) ကလေးများ အခွင့်အရေး ကို ကာကွယ်ရန်အတွက် နိုင်ငံတော် အစိုးရက ဘက်ပေါင်းစုံမှအစွမ်းကုန်ကာကွယ်လုပ်ဆောင်ရန်၊

အပိုဒ်(၅) ကလေးအခွင့်အရေး များ နှင့် လျော်ညီသော မိဘများ ၏ တာဝန်ယူထိန်းသိမ်းလမ်းညွှန်ခွင့်ကိုအစိုးရက လေးစားရန်၊

အပိုဒ်(၆) ကလေးများ ၏ အသက်ရှင်ရပ်တည်ခွင့်၊ ဖွံ့ဖြိုး တိုးတက်ခွင့်၊

အပိုဒ်(၇) အမည် မှည့်ပိုင်ခွင့်နှင့် မွေးစာရင်းမှတ်ပုံတင်ခွင့်၊

အပိုဒ်(၈) ကလေးများ ၏ မိဘမျိုး ရိုးနောက်ကြောင်းအပါအဝင် ကိုယ်ရေး အချက်အလက်များ သိရှိခွင့်၊

အပိုဒ်(၉) မိဘနှင့် အတတ်နိုင်ဆုံးမခွဲခွာရန် သို့သော် ကလေးများ အတွက် အကောင်းဆုံး အကျိုး ဖြစ်ပါက မိဘများ နှင့် ခွဲခွာထားနိုင်ခြင်း၊

အပိုဒ်(၁၀) မိသားစုပြန်လည်ဆုံတွေ့နိုင်ရန်အတွက် နိုင်ငံအတွင်း းလာရောက်ခွင့်၊ ထွက်ခွာခွင့်ပြုရန်၊

အပိုဒ်(၁၁) ကလေးများ အား နိုင်ငံခြားသို့ ပြန်လမ်းမရှိ ခေါ်ဆောင်ခြင်းမှ ကာကွယ်ပေးရန်၊

အပိုဒ်(၁၂) ကလေးများ ၏ အတွေးအမြင်အယူအဆများ ကို တင်ပြခွင့်၊ ကလေးများ နှင့် ပတ်သက်သော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ထိုအယူအဆများ ကို ထည့်သွင်းစဉ်းစားခြင်းများ လုပ်ဆောင်ရန်၊

အပိုဒ်(၁၃) ကလေးများ ၏ လွတ်လပ်စွာ ပြောဆိုခွင့်၊ သတင်းများ ရယူခွင့်၊

အပိုဒ်(၁၄) ကလေးများ ၏ လွတ်လပ်စွာ တွေးခေါ်ခွင့်၊ ယုံကြည်ကိုးကွယ်ခွင့်၊

အပိုဒ်(၁၅) ကလေးများ ၏ လွတ်လပ်စွာ အဖွဲ့အစည်းဖွဲ့စည်းခွင့်၊ စုဝေးခွင့်၊

အပိုဒ်(၁၆) ပုဂ္ဂလိကလွတ်လပ်ခွင့်ကို မတရားစွက်ဖက်မှု မှ ကင်းဝေးရန်၊

အပိုဒ်(၁၇) ကလေးများ ၏ လူမှု ရေး ၊ ယဉ်ကျေးမှု နှင့် စာရိတ္တဖွံ့ဖြိုး တိုးတက်ရေး အတွက်လူထုဆက်ဆံရေး လုပ်ငန်းများ က လုပ်ဆောင်ပေးရန်၊

အပိုဒ်(၁၈) ကလေးများ ၏ ဖွံ့ဖြိုး တိုးတက်မှု အတွက် အဓိကတာဝန်ရှိသော မိဘအုပ်ထိန်းသူများ ကိုနိုင်ငံတော် က လိုအပ်သော အကူအညီထောက်ပံ့မှု များ ပေးရန်၊

အပိုဒ်(၁၉) ကလေးများ အပေါ် ရုပ်ပိုင်း စိတ်ပိုင်းနှိပ်စက်မှု မှ ကာကွယ်ရန်အတွက် နိုင်ငံတော် ကလိုအပ်သော အရေး ယူဆောင်ရွက်မှု များ လုပ်ဆောင်ပေးရန်၊

အပိုဒ်(၂၀) မိသားစုနှင့် ဝေးကွာသော ကလေးများ ကို နိုင်ငံတော် က ကူညီကာကွယ်မှု များ လုပ်ဆောင်ပေးရန်၊

အပိုဒ်(၂၁) ကလေးများ အတွက် အကောင်းဆုံးကောင်းကျိုး အတွက် ဖြစ်ပါက မွေးစားခြင်းကိုနိုင်ငံတော် အစိုးရက ခွင့်ပြုရန်၊

အပိုဒ်(၂၂) ဒုက္ခသည်ကလေးများ အား လိုအပ်သော ကူညီကာကွယ်မှု များ ကို နိုင်ငံတော် ကလုပ်ဆောင်ပေးရန်၊

အပိုဒ်(၂၃) ရုပ်ပိုင်း စိတ်ပိုင်းကူညီမှု အထူးလိုအပ်သော ကလေးများ ကို အခြားကလေးများ နှင့် တန်းတူဖွံ့ဖြိုး စေရေး အတွက် နိုင်ငံတော် က လုပ်ဆောင်ပေးရန်၊

အပိုဒ်(၂၄) ကလေးများ အတွက် အမြင့်မားဆုံး ကျန်းမာရေး စောင့်ရှောက်မှု ရရှိစေရေး ကိုနိုင်ငံတော် က လုပ်ဆောင်ပေးရန်၊

အပိုဒ်(၂၅) စောင့်ရှောက်ရေး ဌာနများ အောက်ရှိ ကလေးများ ၏ တိုးတက်မှု ကို အချိန်မှန်မှန်ဆန်းစစ်ခွင့်ရှိရန်၊

အပိုဒ်(၂၆) ကလေးများ လူမှု ဖူလုံရေး အကျိုး များ ခံစားခွင့်ရှိရန်၊

အပိုဒ်(၂၇) လုံလောက်သော လူနေမှု ဘဝအဆင့်အတန်းရရှိစေရန်၊

အပိုဒ်(၂၈) အခမဲ့မူလတန်းပညာကို မသင်မနေရရှိခွင့်နှင့် တန်းတူပညာသင်ကြားခွင့်ရရှိစေရန်၊

အပိုဒ်(၂၉) ကလေးများ ၏ ကိုယ်ရည်ကိုယ်သွေးနှင့် ဗလငါးတန် တိုးတက်စေသော ပညာရေး ဖြစ်စေရန်၊

အပိုဒ်(၃၀) တိုင်းရင်းသားနှင့် မူရင်းဌာနေလူမျိုး စုဝင် ကလေးများ ၏ ယဉ်ကျေးမှု ၊ ဘာသာစကားကိုကာကွယ်ပေးရန်၊

အပိုဒ်(၃၁) ကလေးများ ၏ အပန်းဖြေအနားယူခွင့်ရရှိစေရန်၊

အပိုဒ်(၃၂) ကလေးများ အပေါ် မတရားစီးပွားရေး အမြတ်ထုတ်မှု ၊ စေခိုင်းမှု တို့အား ကာကွယ်ပေးရန်၊

အပိုဒ်(၃၃) ကလေးများ အား မူးယစ်ဆေးဝါးလုပ်ငန်းများ တွင် ပါဝင်စေမှု မှ ကာကွယ်ပေးရန်၊

အပိုဒ်(၃၄) ကလေးများ အား လိင်ပိုင်းဆိုင်ရာ စော်ကားအမြတ်ထုတ်မှု မှ ကာကွယ်ပေးရန်၊

အပိုဒ်(၃၅) ကလေးများ အား နည်းမျိုး စုံဖြင့် ကူးသန်းရောင် းဝယ်ခြင်းမှ ကာကွယ်ပေးရန်၊

အပိုဒ်(၃၆) ကလေးများ ၏ ဘဝကို ထိခိုက်စေမည့် အဂတိ၊ အစွဲများ နှင့် တခြားသော ပုံစံမျိုး ဖြင့် အမြတ်ထုတ်မှု မှ ကာကွယ်ပေးရန်၊

အပိုဒ်(၃၇) ကလေးများ အား မတရားအပြစ်ပေးနှိပ်စက်ခြင်း၊ သေဒဏ်ပေးခြင်းတို့မှ ကာကွယ်ပေးရန်၊

အပိုဒ်(၃၈) အသက် (၁၅) နှစ် အောက်ကလေးများ အား စစ်မှု ထမ်းစေခြင်းမှ ကာကွယ်ပေးရန်၊

အပိုဒ်(၃၉) စော်ကားပစ်ပယ်ခံကလေးများ အား ပြန်လည်နာလန်ထလာစေရန်နှင့် လူမှု အသိုင်းအဝိုင်းအတွင်း ပြန်လည်နေရာတကျဖြစ်ရန် လုပ်ဆောင်ပေးရန်၊

အပိုဒ်(၄၀) ရာဇဝတ်မှု နှင့် ပတ်သက်နေသော ကလေးများ ကို ကလေးဥပဒေများ ဖြင့် သာ ကိုင်တွယ်ဖြေရှင်းရန်၊

ကလေးအခွင့်အရေး စာချုပ်၏ နောက်ဆက်တွဲ စာချုပ်များ

ကလေးအခွင့်အရေး စာချုပ်တွင်

-လက်နက်ကိုင်စစ်ပွဲအတွင်း ကလေးများ ပါဝင်မှု နှင့် ပတ်သက်သော နောက်ဆက်တွဲ စာချုပ်၊

-ကလေးများ အား ရောင်းချခြင်း၊ ကလေးပြည့်တန်ဆာနှင့် ကလေးညစ်ညမ်းစာပေများ တွင် အသုံးပြုခြင်းနှင့် ပတ်သက်သော နောက်ဆက်တွဲ စာချုပ်

-တစ်ဦးချင်း တိုင်ကြားမှု ရှိသော နောက်ဆက်တွဲစာချုပ် ဆိုပြီး နောက်ဆက်တွဲစာချုပ်သုံးခုရှိသည်။လက်နက်ကိုင်စစ်ပွဲအတွင်း ကလေးများ ပါဝင်မှု နှင့် ပတ်သက်သော နောက်ဆက်တွဲ စာချုပ်နှင့် ကလေးများ အား ရောင်းချခြင်း၊ ကလေးပြည့်တန်ဆာနှင့် ကလေးညစ်ညမ်းစာပေများ တွင် အသုံးပြုခြင်းနှင့် ပတ်သက်သော နောက်ဆက်တွဲ စာချုပ်နှစ် ခုစလုံးကို ၂၀၀၀ ခုနှစ် မေလ(၂၅) ရက်နေ့တွင် ပြဌာန်းခဲ့သည်။

လက်နက်ကိုင်စစ်ပွဲများ အတွင်း ကလေးများ ပါဝင်မှု နှင့် ပတ်သက်သော နောက်ဆက်တွဲ စာချုပ်

လက်နက်ကိုင်စစ်ပွဲများ အတွင်း ကလေးများ ပါဝင်မှု နှင့် ပတ်သက်သော နောက်ဆက်တွဲ စာချုပ်ကို၂၀၀၀ ခုနှစ် မေလ (၂၅) ရက်တွင် အတည်ပြုပြဌာန်းခဲ့ပြီး ၂၀၀၂

ခုနှစ် ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် အသက်ဝင်လာသည်။ ၂၀၁၂ ခု ဒီဇင်ဘာလအထိ စာချုပ်အဖွဲ့ဝင်နိုင်ငံ(၁၅၀)ရှိသည်။ ထိုနောက်ဆက်တွဲ စာချုပ်အရ စာချုပ်အဖွဲ့ဝင်နိုင်ငံများ သည် အသက် (၁၈)နှစ် မပြည့်သေးသော ကလေးငယ်များ အား စစ်ပွဲများ အတွင်း အသုံးပြုခြင်းကို တားဆီးပိတ်ပင်ရန်တာဝန်ရှိသည်။ လက်နက်ကိုင်တိုက်ပွဲအတွင်း ပါဝင်နေသော အဖွဲ့များ အားလုံးက အသက်(၁၈)နှစ် အောက်ကလေးများ အား အတင်းအကြပ် ဖြစ်စေ၊ အကြပ်ကိုင်၍ ဖြစ်စေ၊ မိမိဆန္ဒအလျောက်ပါဝင်ခြင်း ဖြစ်စေ ကလေးစစ်သားအ ဖြစ် အသုံးပြုခြင်းကို တားမြစ်ရန် အစိုးရတွင် တာဝန်ရှိသည်။

ကလေးများ အား ရောင်းချခြင်း၊ ကလေးပြည့်တန်ဆာနှင့်
ကလေးညစ်ညမ်းစာပေများ အကြောင်းနှင့်
ပတ်သက်သော နောက်ဆက်တွဲ စာချုပ်

ကလေးများ အား ရောင်းချခြင်း၊ ကလေးပြည့်တန်ဆာနှင့် ကလေးညစ်ညမ်းစာပေများ အကြောင်းနှင့် ပတ်သက်သော နောက်ဆက်တွဲ စာချုပ်ကို ၂၀၀၀ ခုနှစ် မေလ (၂၅) ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၂၀၀၂ ခုနှစ် ဇန်နဝါရီလ (၁၈) ရက်နေ့တွင် အသက်ဝင်လာသည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိစာချုပ်အဖွဲ့ဝင် (၁၆၁) နိုင်ငံရှိသည်။ မြန်မာနိုင်ငံသည် ယခုနောက်ဆက်တွဲစာချုပ်ကို ၂၀၁၂ခုနှစ် ဇန်နဝါရီလ (၁၆) ရက်တွင် အတည်ပြုလက်မှတ်ထိုးခဲ့သည်။ ထိုစာချုပ်အရ စာချုပ်အဖွဲ့ဝင်နိုင်ငံများ သည် ကလေးများ အား ရောင်းချခြင်း၊ ပြည့်တန်ဆာအ ဖြစ်စေခိုင်းခြင်း၊ ညစ်ညမ်းစာပေများ တွင် အသုံးပြုခြင်းများ အား ကျူး လွန်သော သူများ ကို ကလေးအခွင့်အရေး အား အပြင်းအထန်ကျူးလွန်သူများ အ ဖြစ် ရာဇဝတ်ဒဏ်ပေးရန်၊ ထိုသို့ နိုင်ငံပေါင်းများ စွာ က ပါဝင်ပတ်သက်နေသော ရာဇဝတ်မှု လုပ်ငန်းကြီးအား ဝိုင်းဝန်းကာကွယ် တားဆီးနိုင်ရန်အတွက် လူထုအကြား အသိပညာပေးလုပ်ငန်း လုပ်ဆောင်ခြင်း၊ သတင်းဖြန့်ချီခြင်းတို့ကို လုပ်ဆောင်ရန် စာချုပ်နိုင်ငံများ တွင် တာဝန်ရှိသည်။ စာချုပ်အဖွဲ့ဝင်နိုင်ငံသည် စာချုပ်လက်မှတ်ထိုးအပြီး (၂) နှစ် တွင် ပထမဦးဆုံးအစီရင်ခံစာကို ကော်မတီထံ တင်သွင်းရမည် ဖြစ်ပြီး ပုံမှန်အစီရင်ခံစာကို (၅) နှစ် တစ်ကြိမ်တင်သွင်းရမည်

ဖြစ်သည်။

ယခုနောက်ဆက်တွဲစာချုပ်တွင် အပိုဒ်ပေါင်း (၁၇) ပိုဒ်ပါဝင်သည်

အပိုဒ် (၁) ကလေးများ အား ရောင် းချခြင်း၊ ကလေးပြည့်တန်ဆာနှင့် ကလေးညစ်ညမ်းစာပေများ ကို တားဆီးရမည့် အစိုးရတာ ဝန်၊

အပိုဒ် (၂) စာချုပ်ပါစကားလုံးများ ၏ အဓိပ္ပာယ်၊

အပိုဒ် (၃) ကလေးများ အား အမြတ်ထုတ်ခြင်းအပေါ် ပြည်တွင် းဥပဒေများ နှင့် ကာကွယ် တားဆီးပေးရန်၊

အပိုဒ် (၄) ကျူး လွန်သူများ နှင့် ခံရသူများ သည် မိမိနိုင်ငံသားများ ဖြစ်ပါက အရေး ယူဆောင်ရွက်မှု များ ပြုလုပ်ရန်၊

အပိုဒ် (၅) နိုင်ငံများ အတွင် းသဘောတူညီထားသည့် သဘောတူညီချက်များ အတိုင်း စီစဉ်ဆောင်ရွက်ရန်၊

အပိုဒ် (၆) အမှု များ ကို စုံစမ်းစစ်ဆေးဖော်ထုတ်ရန်တွင် အတတ်နိုင်ဆုံးကြိုး ပမ်းဆောင်ရွက်ရန်၊အပိုဒ်(၇) ပြည်တွင် းဥပဒေများ အတိုင်း ပိုင်ဆိုင်မှု များ သိမ်းပိုက်ခြင်းအပါအဝင် လိုအပ်သည့်အရေး ယူမှု များ လုပ်ဆောင်ရန်၊

အပိုဒ် (၈) - ကျူး လွန်ခံရသည့်ကလေးများ ၏ အခွင့်အရေး များ ကို ကာကွယ်ပေးရန်နှင့် လေးစားရန်၊

အပိုဒ် (၉) - ကျူး လွန်သူများ အပေါ် အရေး ယူနိုင်သည့်ဥပဒေများ အားကောင်းလာအောင်လုပ်ဆောင်ရန်၊

အပိုဒ် (၁၀) - နိုင်ငံအလိုက်၊ ဒေသနှင့် နိုင်ငံတကာအတွင် း အစွမ်းကုန် ပူးပေါင်းဆောင်ရွက်မှု များ လုပ်ဆောင်ရန်၊

အပိုဒ် (၁၁) - ယခုစာချုပ်ပါအချက်များ ကို အခြားမည့် သည့်ဥပဒေကမှ လွှမ်းမိုးခြင်းမရှိစေရ၊အပိုဒ် (၁၂-၁၇) ကော်မတီ၏ လုပ်ပိုင်ခွင့်များ

တစ်ဦးချင်းတိုင်ကြားမှု ကို ခွင့်ပြုသည့်နောက်ဆက်တွဲစာချုပ်

(Optional Protocol to the Convention on the Rights of the Child on a communicationsprocedure)ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ (၁၉) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ယခုတိုင်အသက်ဝင်ခြင်းမရှိသေးပေ။ ထိုနောက်ဆက်တွဲစာချုပ်က လက်မှတ်ရေး ထိုးထားသည့် နိုင်ငံအကြောင်းကို တစ်ဦးချင်းတိုင်ကြားခွင့်ကို ပြုထားသည်။

ကလေးအခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်ကော်မတီ
Committee on the Rights of the Child

ကလေးအခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်ကော်မတီကို စာချုပ်အဖွဲ့ဝင်နိုင်ငံများ ၏ လုပ်ဆောင်မှု များ ကို စောင့်ကြည့်ရန် ဖွဲ့စည်းထားသည်။ ကော်မတီကို လွတ်လပ်ပြီး ကျွမ်းကျင်သူ (၁၀)ဦးဖြင့် ဖွဲ့စည်းထားသည်။ စာချုပ် အဖွဲ့ဝင်နိုင်ငံများ သည် စာချုပ်တွင် အတည်ပြုလက်မှတ်ထိုးပြီး (၂)နှစ် တွင် ကော်မတီသို့ ပထမအစီရင်ခံစာ တင်သွင်းရပြီး ပုံမှန်အစီရင်ခံစာကို (၅) နှစ် လျှင်တစ်ကြိမ်တင်သွင်းရသည်။ ဤကော်မတီသည် လူ့အခွင့်အရေး ကော်မတီများ ထဲတွင် အစိုးရမဟုတ်သော အဖွဲ့များ ၏ အခန်းကဏ္ဍကို နေရာအပေးဆုံးနှင့် ထိုအဖွဲ့များ ၏ ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်မှု အခန်းကဏ္ဍအများ ဆုံး ကော်မတီ ဖြစ်သည်။

ကော်မတီသည် တစ်နှစ် လျှင် (၂) ကြိမ် ဇန်နဝါရီလနှင့် စက်တင်ဘာလတို့တွင် ဂျီနီဗာမြို့ ၌ တွေ့ဆုံဆွေးနွေးသည်။ ပုံမှန်အစည်းအဝေးများ အပြီး နောက်တစ်ကြိမ်အစည်းအဝေးအတွက် ကော်မတီဝင်များ ပါဝင်သော အလုပ်အဖွဲ့ငယ်ကို ဖွဲ့စည်း၍ နောက်ထပ် (၅)ရက် အစည်းအဝေးပြုလုပ်သည်။သာမန်အားဖြင့် ထိုအလုပ်အဖွဲ့ငယ်၏ ပဏာမအစည်းအဝေးကို ဖေဖော်ဝါရီလနှင့် အောက်တိုဘာလတို့တွင် ကျင်းပသည်။ ထိုအလုပ်အဖွဲ့ငယ်၏ တာဝန်မှာ နောက်နှစ် တွင် အစီရင်ခံစာတင်ပြရန် အလှည့်ကျသော နိုင်ငံအပေါ် မိမိတို့သိလိုသော အကြောင်းအရာများ အချက်အလက်များ ကိုပြင်ဆင်မေးမြန်းရန်တို့ ဖြစ်သည်။ ဥပမာ - မြန်မာနိုင်ငံသည် သက္ကရာဇ် ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ကလေးသူငယ်များ အခွင့်အရေး ကော်မတီသို့ ပုံမှန်အစီရင်ခံစာ

တင်သွင်းရန် အလှည့်ကျပါက ထိုအလုပ်အဖွဲ့ငယ်သည် မြန်မာနိုင်ငံနှင့် ပတ်သက်သော မေးခွန်းများ၊ အချက်အလက်များ ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ အစည်းအဝေးအတွင်း းတွင် ပြင်ဆင်ပြီး မြန်မာနိုင်ငံသို့ ကြိုတင်ပေးပို့ရသည်။

ထိုအလုပ်အဖွဲ့ငယ်၏ ပဏာမအစည်းအဝေးသို့ ကုလသမဂ္ဂအေဂျင်စီများ သာ တက်ရောက်ခွင့်ရှိသည်။ ထို့ပြင် အစီရင်ခံစာတင်သွင်းရန် အလှည့်ကျသော နိုင်ငံအကြောင်းကို အစီရင်ခံစာထုတ်ဝေဖြန့်ချိထားသည့် အစိုးရမဟုတ်သော အဖွဲ့များ ကို ဖိတ်ကြားမှု ခံရပါက တက်ရောက်နိုင်သည်။ဖိတ်ကြားခြင်းခံနိုင်ရန်အတွက် အစိုးရမဟုတ်သော အဖွဲ့များ အနေဖြင့် သက်ဆိုင်ရာနိုင်ငံရှိကလေးများ နှင့် ပတ်သက်သော အစီရင်ခံစာကို ရေး သားရမည် ။ အစီရင်ခံစာတွင် ထိုနိုင်ငံတွင် ဖြစ်ပေါ်နေသော ကလေးသူငယ်များ ၏ အခြေအနေနှင့် အချက်အလက်များ ကို တင်ပြရမည် ဖြစ်ပြီးအစိုးရက တင်ပြသော နိုင်ငံအစီရင်ခံစာများ ကို ကော်မတီက လေ့လာရေး အတွက် အထောက်အကူ ဖြစ်စေရမည် ။ ထိုအစီရင်ခံစာတွင် အချက်အလက်များ ကို ဦးစားပေးရေး သားရပြီး နိုင်ငံရေး အငွေ့အသက်များ မပါစေရ။ အင်္ဂလိပ်၊ ပြင်သစ်၊ စပိန်ဘာသာသုံးမျိုး အနက် ဘာသာစကား တစ်မျိုး မျိုး နှင့် ရေး သားနိုင်ပြီး စာမျက်နှာ (၂၀)ထက်မကျော်လွန်စေရ။ တခြားဘာသာဖြင့် ရေး သားထားသော အစီရင်ခံစာများ ကို ကော်မတီက လက်ခံစဉ်းစားပေးမည် မဟုတ်။ အစီရင်ခံစာရေး သားပြီးပါကအစီရင်ခံစာမိတ္တူနှင့်အတူ လုပ်ငန်းအဖွဲ့ငယ် အစည်းအဝေးသို့ တက်ရောက်လိုကြောင်းပန်ကြားလွှာကို ကော်မတီထံတင်သွင်းရသည်။

နိုင်ငံ၏ အစီရင်ခံစာကို ဦးဆောင်စစ်ဆေးရန် အလုပ်အဖွဲ့ငယ်မှ ကော်မတီဝင်တစ်ဦးကို ခေါင်းဆောင်အ ဖြစ် တင်မြှောက်လေ့ရှိသည်။ ထိုအလုပ်အဖွဲ့ငယ်၏ ပဏာမအစည်းအဝေးတွင် အစိုးရမဟုတ်သော အဖွဲ့များ က လုပ်ငန်းအဖွဲ့ငယ်၏ ရှေ့မှော က်တွင် နှုတ်ဖြင့် အစီရင်ခံခြင်းကို ပြုလုပ်နိုင်သည်။ကုလသမဂ္ဂအေဂျင်စီများ ကလည်း နှုတ်ဖြင့် အစီရင်ခံနိုင်သည်။ ထိုသို့ နှုတ်ဖြင့် အစီရင်ခံမှု များ ပြီးဆုံးပါက ကော်မတီအဖွဲ့ဝင်များ သည် ထိုတင်ပြချက်များ အပေါ် မူတည်သုံးသပ်၍ သက်ဆိုင်ရာနိုင်ငံအတွက် မေးခွန်းများ မေးမြန်းစုံစမ်းနိုင်သည်။

ထိုအလုပ်အဖွဲ့ငယ် ပဏာမအစည်းအဝေးအတွင်း သက်ဆိုင်ရာ နိုင်ငံကိုယ်စားလှယ်များ က ထိုနိုင်ငံရှိကလေးများ ၏ အခြေအနေနှင့် ပတ်သက်၍ တင်ပြသော အချက်များ ကို အခြေခံ၍ ထပ်မံသိလိုသော မေးခွန်းများ ကို သက်ဆိုင်ရာအစိုးရထံပေးပို့ကာ စာနှင့် ရေး သားဖြေဆိုရန် တောင်းဆိုလေ့ရှိသည်။ ထို့ပြင် သက်ဆိုင်ရာအစိုးရကို နောက်တစ်ကြိမ်ကျင်းပမည့် ကော်မတီအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားရသည်။ ထိုအစည်းအဝေးတွင် အစိုးရကိုယ်စားလှယ်သည် ကော်မတီကပေးပို့မေးမြန်းထားသော မေးခွန်းများ ကို ရှင်းရှင်းလင်းလင်း ဖြေကြားရသည်။ ဤတစ်ကြိမ်တွင် အစိုးရမဟုတ် သော အဖွဲ့များ သည် လေ့လာရုံသာ လေ့လာခွင့်ရှိပြီး ဝင်ရောက်ဆွေးနွေးခွင့်မရှိပေ။နောက်ဆုံးတွင် ကော်မတီက သက်ဆိုင်ရာအစိုးရအပေါ် လေ့လာစုံစမ်းတွေ့ရှိချက်များ ကို ထုတ်ပြန်လေ့ ရှိသည်။ ထိုသို့ ထုတ်ပြန်မှု များ ကို အစည်းအဝေးတက်ရောက် သူများ အားလုံးသိရအောင်အများ အသိပေးကြေညာသည်။ သက်ဆိုင်ရာအစိုးရထံသို့ လည်း ထိုဆုံးဖြတ်ချက်များ ကို ပေးပို့သည်။

လူမျိုး ဖိနှိပ်နည်း မျိုး စုံ အားလုံးဖျက်သိမ်းရေး သဘောတူစာချုပ်
Convention on the Elimination of all Forms of Racial Discrimination(CERD)

၁၉၆၅ ခုနှစ် ဒီဇင်ဘာလ (၂၁) ရက်နေ့တွင် လူမျိုး ရေး ဖိနှိပ်မှု နည်းမျိုး စုံအား ဖျက်သိမ်းရေး သဘောတူစာချုပ်ကို ပြဋ္ဌာန်းခဲ့ပြီး ၁၉၆၉ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့တွင် အသက်ဝင်လာခဲ့သည်။ဤစာချုပ်သည် လူ့အခွင့်အရေး အခြေခံစာချုပ်ကြီးနှစ် ရပ် မပေါ်ပေါက်မီကပင် ပေါ်ထွက်လာခဲ့ပြီးယခုတိုင် ဆက်လက်တည်မြဲနေသော ကြောင့် အားကောင်းလှသည်ဟု ဆိုနိုင်သည်။ ၂၀၁၂ခုနှစ် ဒီဇင်ဘာလအထိ စာချုပ်အဖွဲ့ဝင်နိုင်ငံ (၁၇၅) နိုင်ငံရှိသည်။

သဘောတူစာချုပ်၏ အပိုဒ်(၁)အရ လူမျိုး ရေး ဖိနှိပ်မှု ဆိုသည်မှာ 'လူမျိုး ၊ အသားအရောင် ၊မျိုး ရိုး၊ လူမျိုး နှင့် လူမျိုး စုရင်းမြစ်တို့အပေါ်အခြေခံ၍ နိုင်ငံရေး ၊ စီးပွားရေး ၊ လူမှု ရေး ၊ ယဉ်ကျေးမှု နှင့် အခြားသော လူနေမှု ဘဝတို့တွင် တန်းတူညီမျှသော

လွတ်လပ်ခွင့်၊ အခြေခံလူ့အခွင့်အရေး ၊အသိအမှတ်ပြုမှု တို့အပေါ် ခွဲခြားခြင်း၊ ခွဲထုတ်ခြင်း၊ ကန့်သတ်ခြင်း နှင့် မျက်နှာသာပေးခြင်း'တို့ကို ဆိုလိုသည်ဟု ဆိုထားသည်။

အပိုဒ်(၂)တွင် စာချုပ်အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် လူမျိုး ရေး ဖိနှိပ်မှု များ ချုပ်ငြိမ်းစေရန်နှင့် လူမျိုး များ အတွင်း နားလည်မှု များ ပွားများ လာစေရေး အတွက် ပေါ်လစီများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိကြောင်းဖော်ပြထားသည်။

•••

ဤသဘောတူစာချုပ်တွင် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး များ မ ဖြစ်–

-တရားစီရင်ရေး ဌာနများ ရှေ့တွင် ခွဲခြားမှု မရှိဘဲ တန်းတူဆက်ဆံခံပိုင်ခွင့်၊

-ပြည်သူတို့အား အကြမ်းဖက်မှု များ မှ လုံခြုံမှု ပေးခွင့်၊ ကာကွယ်ပေးခွင့်၊

-ရွေးကောက်ပွဲတွင် ပါဝင်မဲပေးခွင့်၊ အစိုးရနှင့် ပြည်သူရေး ရာဌာနများ တွင် ပါဝင်ခွင့်၊

-လွတ်လပ်စွာ သွားလာခွင့်၊

-မိမိတိုင်းပြည်အတွင်း းမှ ထွက်ခွာခွင့်နှင့် ပြန်လည်ဝင်ရောက်ပိုင်ခွင့်၊

-နိုင်ငံသား ဖြစ်ပိုင်ခွင့်၊

-အိမ်ယာထူထောင်ခွင့်နှင့် အိမ်ထောင်ဖက်ရွေးချယ်ပိုင်ခွင့်၊

-မိမိကိုယ်ပိုင်ပစ္စည်း သို့ မဟုတ် အခြားသူနှင့် ဖက်စပ်၍ ပိုင်ဆိုင်ခွင့်၊

-အမွေဆက်ခံပိုင်ခွင့်၊

-လွတ်လပ်စွာ တွေ းခေါ်၊ ယုံကြည်၊ ကိုးကွယ်၊ ဖော်ထုတ်ပြောဆိုခွင့်

-ငြိမ်းချမ်းစွာ ဖွဲ့စည်းစုဝေးခွင့်တို့ကို ဖော်ပြထားသည်။

စီးပွားရေး ၊ လူမှု ရေး နှင့် ယဉ်ကျေးမှု ဆိုင်ရာ အခွင့်အရေး များ မ ဖြစ်–

-အလုပ် လုပ်ခွင့်၊ သင့်တင့်မျှတသော လုပ်ငန်းခွင်ရရှိခွင့်၊ အလုပ်လက်မဲ့ဖြစ်ခြင်းမှကာကွယ်ပေးခြင်း၊

-အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းဝင်ရောက်ခွင့်၊

-နေထိုင်စရာအိမ်ယာများ ရရှိခွင့်၊

-လူထုကျန်းမာရေး ၊ ကျန်းမာရေး စောင့်ရှောက်မှု နှင့် လူမှု ဖူလုံရေး ခံစားခွင့်၊

-ပညာရေး နှင့် သင်တန်းများ ရရှိခွင့်၊

-ယဉ်ကျေးမှု ဘဝတွင် တန်းတူပါဝင်ပိုင်ခွင့်စသည်တို့ ဖြစ်သည်။

လူမျိုး ရေး ဖိနှိပ်မှု နည်းမျိုး စုံအား ဖျက်သိမ်းရေး ဆိုင်ရာ သဘောတူစာချုပ် ကော်မတီ

Committee on the Elimination of all Forms of Racial Discrimination

လူမျိုး ရေး ဖိနှိပ်မှု နည်းမျိုး စုံအားဖျက်သိမ်းရေး သဘောတူစာချုပ်ပါ အချက်များ အပေါ် စာချုပ်အဖွဲ့များ ၏ လေးစားတန်ဖိုးထားလုပ်ဆောင်မှု ကို စောင့်ကြည့်ရန်အတွက် ကျွမ်းကျင်သူအဖွဲ့ဝင် (၁၈)ဦးပါသော ကော်မတီကိုဖွဲ့စည်းထားသည်။ စာချုပ်အဖွဲ့ဝင်နိုင်ငံများ သည် စာချုပ်တွင် အတည်ပြုလက်မှတ်ရေး ထိုးပြီး တစ်နှစ် အကြာတွင် အစီရင်ခံစာတင်သွင်းရသည်။ ပုံမှန်အစီရင်ခံစာကို (၄)နှစ် လျှင်တစ်ကြိမ်တင်သွင်းရသည်။ ထိုအစီရင်ခံစာတွင် စာချုပ်ပါအချက်များ နှင့် ပတ်သက်၍ တရားဥပဒေရေး ဆွဲရေး ၊ စီရင်ရေး ၊ အုပ်ချုပ်ရေး နှင့် အခြားသော ကဏ္ဍများ တွင် နိုင်ငံတော် အစိုးရကလုပ်ဆောင်ထားသည့် အချက်များ ကို တင်ပြရသည်။

အစိုးရက ထိုသို့ မိမိလုပ်ဆောင်မှု များ ကို တင်ပြသော အစီရင်ခံစာသာမက စာချုပ်အဖွဲ့ ဝင်နိုင်ငံတစ်နိုင်ငံက အခြားအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် စာချုပ်ပါအချက်များ ကို ကောင်းမွန်စွာ ဆောင်ရွက်မှု မရှိဟု တိုင်ကြားပါကလည်း ထိုတိုင်ကြားချက်ကို ကော်မတီက လက်ခံနိုင်သည်။ ထို့အပြင်စာချုပ်အဖွဲ့ဝင်နိုင်ငံက လူတစ်ဦးအပေါ် သို့မဟုတ် လူတစ်စုအပေါ် စာချုပ်ပါ အချက်များ ချိုး ဖောက်နေပါသည်ဟူ၍ တိုင်ကြားသော တစ်ဦးချင်းတိုင်ကြားမှု များ ကိုလည်း လက်ခံလေ့လာသည်။

ညှဉ်းပမ်းနှိပ်စက်မှု အခြားရက်စက်မှု ၊ လူသားမဆန်သော လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော ပြုကျင့်မှု တို့အား ဆန့်ကျင်သော သဘောတူစာချုပ်

Convention against Torture and Other Cruel Inhuman of

Degrading Treatment of Punishment-CAT

ညှဉ်းပမ်းနှိပ်စက်မှု ဆိုင်ရာ သဘောတူစာချုပ်ဟု အတိုကောက်ခေါ်သော ဤစာချုပ်ကို ၁၉၈၄ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ၁၉၈၇ ဇွန်လ (၂၆) ရက်နေ့တွင် အသက်ဝင်လာခဲ့သည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် စာချုပ်အဖွဲ့ဝင်နိုင်ငံပေါင်း (၁၅၃)နိုင်ငံရှိသည်။ စာချုပ်၏ အပိုဒ်(၁)တွင် နှိပ်စက်ညှဉ်းပမ်းမှု ဆိုသည်မှာ 'လူ တစ်ယောက်ထံမှ ထိုသူ့အကြောင်း သို့မဟုတ် အခြားသူတစ်ဦး တစ်ယောက် အကြောင်း သတင်းများ နှင့် ခံဝန်ချက်များ ရယူစေရန်အတွက် လည်းကောင်း၊ထိုသူ သို့မဟုတ် အခြားသူတစ်ဦး တစ်ယောက် က ကျူး လွန်ခဲ့သော သို့မဟုတ် ကျူး လွန်သည်ဟုသံသယရှိရသော အပြုအမူ သို့မဟုတ် ခွဲခြားဖိနှိပ်မှု အကြောင်း အချက်တစ်ခုခုအပေါ် အခြေခံသော အကြောင်းအချက်တို့နှင့် ပတ်သက်၍ လည်းကောင်း ဒဏ်ပေးခြင်း၊ အနှောင့်အယှက်ပေးခြင်း၊ အကြပ်ကိုင်ခြင်းကြောင့် စိတ်ပိုင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အလွန်အမင်းနာကျင်စေခြင်းသို့မဟုတ် ခံစားရစေခြင်းစသော အပြုအမူမှန်သမျှကို ဆိုလိုပြီး ထိုသို့နာကျင်ခံစားစေရခြင်းကိုပြည်သူ့ဝန်ထမ်း သို့မဟုတ် ထိုရာထူးအဆင့်အတန်းတာဝန်ယူထားရသူက သိသိလျက်နှင့် သို့မဟုတ် မသိကျိုး ကျွန်ပြုလျက် ကျူး လွန်စေခြင်း သို့မဟုတ် ကျူး လွန်အောင် အားပေးအားမြှောက်ပြုခြင်းမြောက်ရမည် 'ဟု အဓိပ္ပာယ်ဖွင့်ထားသည်။

အပိုဒ်(၂) တွင် စာချုပ်ပါအချက်များ နှင့် ပတ်သက်၍ ကာကွယ်နိုင်ရန်အတွက် တရားဥပဒေရေး ဆွဲရေး ၊ စီရင်ရေး ၊ အုပ်ချုပ်ရေး နှင့် အခြားသော ကဏ္ဍများ တွင် နိုင်ငံတော်အစိုးရက အရေး ယူဆောင်ရွက်လုပ်ဆောင်ရန် ဖော်ပြထားသည်။ နောက်ပိုင်းအပိုဒ်များ တွင် ထိုသို့နှိပ်စက်ညှဉ်းပမ်းမှု ကို အစိုးရက ရာဇဝတ်မှု အ ဖြစ် အပြစ်ပေးအရေး ယူရန်၊ ထိုသို့ကျူး လွန်မှု များ ကို အပြစ်ပေးစီရင်နိုင်ရန်အတွက် လိုအပ်သော ဆောင်ရွက်ချက်များ လုပ်ဆောင်ပေးရန်၊ ကျူး လွန်ခံရသည်ဟုတိုင်ကြားသူများ အား တိုင်ကြားခွင့်ပြုရန်၊ လုံလောက်သော ကုစားမှု နှင့် လျော်ကြေးများ ပေးရန်စသည်တို့ကို ဖော်ပြထားသည်။

စာချုပ်ကော်မတီကိုအကြောင်းအရာကို အထူးနားလည်ကျွမ်းကျင်သော

ကျွမ်းကျင်သူ (၁၀)ဦးဖြင့် ဖွဲ့စည်းထားသည်။ စာချုပ်အဖွဲ့ဝင်နိုင်ငံများ သည် (၄) နှစ် လျှင်တစ်ကြိမ် ပုံမှန်အစီရင်ခံစာကိုစာချုပ်ကော်မတီထံ တင်သွင်းရသည်။

နှိပ်စက်ညှဉ်းပမ်းခြင်းဆိုင်ရာစာချုပ်၏ နောက်ဆက်တွဲစာချုပ်ကို ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ (၁၈)ရက်နေ့တွင် အတည်ပြုပြဌာန်းနိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ အတည်ပြုလက်မှတ်ရေး ထိုးထားသည့်နိုင်ငံ (၆၄) နိုင်ငံရှိသည်။

မသန်စွမ်းသူများ အခွင့်အရေး ဆိုင်ရာသဘောတူစာချုပ်

Convention on the Rights of Persons with disabilities

ယခုစာချုပ်ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ (၁၃) ရက်တွင် ပြဌာန်းနိုင်ခဲ့ပြီး ၂၀၀၈ ခုနှစ် မေလ (၃)ရက်နေ့တွင် အသက်ဝင်လာခဲ့သည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ စာချုပ်အဖွဲ့ဝင်နိုင်ငံပေါင်း(၁၂၆) နိုင်ငံရှိသည်။ မြန်မာနိုင်ငံသည် မသန်စွမ်းသူများ အခွင့်အရေး စာချုပ်ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ (၇) ရက်တွင် လက်မှတ်ရေး ထိုးထားသည်။ မသန်စွမ်းသော သူများ ကို သနားစရာအ ဖြစ်သက်သက်သာမဟုတ်ဘဲ သူတို့အရည်အသွေးများ ရှိသလောက် လုပ်ဆောင်နိုင်အောင်ပတ်ဝန်းကျင်က အခွင့်အရေး များ ဖန်တီးပေးရန်နှင့် ထိုသူများ ၏ အခွင့်အရေး များ သည် အထူးအခွင့်အရေး တစ်ရပ်အသစ်မဟုတ်ဘဲ ခွဲခြားမှု များ ပပျောက်၍ အခြားသူများ နှင့် တန်းတူ ဖြစ်စေရန်ဤစာချုပ်က ရည်ရွယ်သည်။ စာချုပ်တွင် ပါဝင်သော အခြေခံမူများ မှာ မသန်စွမ်းသူများ ၏ ခွဲခြား၍ မရသော ဂုဏ်သိက္ခာများ ၊ ကိုယ်ပိုင်ရွေးချယ်ခွင့်များ နှင့် သီးခြားလွတ်လပ်ခွင့်များ ကိုလေးစားရန်၊ ခွဲခြားဖိနှိပ်ခြင်းမရှိရန်၊ လူမှု အသိုင်းအဝိုင်းများ တွင် အားလုံး ပြည့်ဝစွာ နှင့် ထိရောက်စွာ ပါဝင်နိုင်ရန်၊ မသန်စွမ်းသူများ ကို မတူကွဲပြားသည့် လူသား ဖြစ်သူများ အနေဖြင့် လက်ခံ၍ ကွဲပြားမှု အပေါ် လေးစားရန်၊ တန်းတူအခွင့်အလမ်းများ ရရှိစေရန်၊ အခွင့်အလမ်းများ ကိုလက်လှမ်းမှီစေဂ်ရန်၊ မသန်စွမ်းသူအမျိုး သားနှင့် အမျိုး သမီးများ အကြား တန်းတူညီမျှမှု ရှိစေရန်၊မသန်စွမ်းသည့် ကလေးများ တွင် ရှိသော တဖြေးဖြေးတိုးတက်လာသည့် ဖြစ်စဉ်များ ကို လေးစား၍ ထိုကလေးများ ၏ ဝိသေသများ ကို ထိန်းသိမ်းနိုင်ခွင့်ကို လေးစားရန်တို့ ဖြစ်သည်။

ယခုစာချုပ်တွင် အပိုဒ်ပေါင်း (၅၀) ရှိသည်။ ထိုအပိုဒ်များ မှာ

အပိုဒ်(၁) စာချုပ်၏ ရည်ရွယ်ချက်

အပိုဒ်(၂) စာချုပ်၏ အဓိပ္ပာယ်

အပိုဒ်(၃) မှ (၃၃) အထိ အခွင့်အရေး များ

အပိုဒ်(၃၄ မှ ၅၀) အထိ ကော်မတီ၏ တာဝန်များ စသည်ဖြင့် ဖော်ပြထားသည်။

ဂျနီဗာစစ်မှု ဆိုင်ရာ သဘောတူညီချက်စာချုပ်(Geneva Convention)

အထက်ပါ လူ့အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်များ အပြင် လူသားချင်း စာနာထောက်ထားမှု ကိုအခြေခံ၍ လက်နက်ကိုင် ပဋိပက္ခများ အတွင်း အရပ်သားနှင့် စစ်သုံ့ပမ်းများ ကို ခွဲခြားမှု မရှိဘဲဆက်ဆံရန်အတွက် ဂျနီဗာ သဘောတူညီချက်ကို အပြည်ပြည် ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ ဦးဆောင်မှု ဖြင့် ၁၈၆၄ ခုနှစ် တွင် ပြဋ္ဌာန်းခဲ့သည်။ ဂျနီဗာသဘော တူညီချက်များ ၏ ရည်ရွယ်ချက်မှာ လက်နက်ကိုင်ပဋိပက္ခများ ကြောင့် မလိုလားဘဲ သေဆုံး၊ နာကျင်ခံစား၊ ပျက်စီးမှု များ ကိုလျော့နည်းစေရန် ဖြစ်သည်။ ထိုသဘောတူညီချက်အပေါ်ပြင်ဆင်မှု များ ကို ၁၉၀၆ ခုနှစ်၊ ၁၉၂၉ခုနှစ် နှင့် ၁၉၄၉ ခုနှစ် တို့တွင် ထပ်မံပြုလုပ်ခဲ့သည်။ ၁၉၄၉ ခုနှစ် တွင် သဘောတူညီချက် (၄)ခုကို ပြဋ္ဌာန်းနိုင်ခဲ့သည်။ ၁၉၇၇ ခုနှစ် တွင် သဘောတူညီချက်၏ နောက်ဆက်တွဲ စာချုပ် (၂)ခုကိုထပ်မံ ပြဋ္ဌာန်းနိုင်ခဲ့သည်။ သဘောတူညီချက် (၁)သည် လက်နက်ကိုင် ပဋိပက္ခများ တွင် ဒဏ်ရာဖျားနာရသူများ ကို ပြုစုစောင့်ရှောက်ရေး နှင့် ပတ်သက်သည်။ သဘောတူညီချက် (၂)သည် ပင်လယ်ပြင်အတွင်း သင်္ဘောပျက်သည့် စစ်သည်များ၊ ဒဏ်ရာရ သူများ၊ ဖျားနာသူများ အားပြုစုစောင့်ရှောက်ရေး နှင့် ပတ်သက်သည်။ သဘောတူညီချက် (၃) သည် စစ်သုံ့ပမ်းများ အားဆက်ဆံရေး နှင့် ပတ်သက်ပြီး သဘောတူညီချက် (၄) သည် လက်နက် ကိုင် ပဋိပက္ခများ အတွင်း အရပ်သားများ အား ကာကွယ်မှု ပေးရေး နှင့် သက်ဆိုင်သည်။ နောက်ဆက်တွဲ စာချုပ်(၁)သည်နိုင်ငံတကာလက်နက်ကိုင်ပဋိပက္ခများ ကြောင့် ဒုက္ခရောက်ကြသူများ ကို ကာကွယ်ပေးရေး နှင့်သက်ဆိုင်ပြီး နောက်ဆက်တွဲ စာချုပ်

(၂)သည် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ အတွင်းဒုက္ခရောက်ကြရသူများ ကို ကာကွယ်ပေးရေး နှင့် သက်ဆိုင်သည်။ မြန်မာနိုင်ငံသည် ဂျီနီဗာစစ်ဖက်ဆိုင်ရာစာချုပ်ကို ၁၉၉၂ ခုနှစ် ဩဂုတ်လ (၂၄) ရက်နေ့တွင် လက်မှတ်ရေး ထိုးထားခဲ့သည်။

လူ့အခွင့်အရေး ဆိုင်ရာ အခြားကြေညာစာတမ်းများ (Declaration)

နိုင်ငံများ က လက်မှတ်ရေး ထိုးထားသည့် လူ့အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်အဆင့်ကိုမရောက်သေးသော်လည်း လူ့အခွင့်အရေး အဆင့်အတန်းနှင့် ပတ်သက်ပြီး ကုလသမဂ္ဂကပြဌာန်းထားသော ကြေညာစာတမ်းများ လည်း ရှိသေးသည်။ လက်မှတ်ရေး ထိုးထားသည့် စာချုပ်များ ကဲ့သို့ ထိန်းချုပ်မောင်းနှင်အား(Binding force) မရှိသော်လည်း လူ့အခွင့်အရေး စံချိန်စံညွှန်းအရလေးစားလိုက်နာသင့်သည်ဟု လက်ခံထားသော ကြေညာစာတမ်းများ လည်းရှိသည်။

လူ့အခွင့်အရေး နှင့် ပတ်သတ်သော ကြေညာစာတမ်းများ မှာ

ဗီယင်နာ ကြေညာစာတမ်းနှင့် ရှေ့လုပ်ငန်းစဉ် Vienna Declaration and Program of Action

ကုလသမဂ္ဂ ထောင်စုနှစ် ကြေညာစာတမ်း United Nations Developement Goals

မူရင်းဌာန လူမျိုး များ နှင့် လူနည်းစုများ နှင့် ပတ်သတ်သော ကြေညာစာတမ်းများ မှာ

မူရင်းဌာနေလူမျိုး များ ဆိုင်ရာ ကြေညာစာတမ်း (Declaration on the Rights of Indigenous Peoples)

ခွဲခြားဖိနှိပ် ဆန့်ကျင်ရေး ဆိုင်ရာ ကြေညာစာတမ်းများ

လူမျိုး ဖြစ်မှု နှင့် လူမျိုး အမြင်အစွဲဆိုင်ရာ ကြေညာစာတမ်း (Declaration on Race and RacialPrejudice)

ဘာသာရေး သို့မဟုတ် ယုံကြည်ချက်အပေါ် အခြေခံသော သည်းမခံမှု များ နှင့် ဖိနှိပ်ခွဲခြားမှု များ အားလုံးပပျောက်ရေး ဆိုင်ရာ ကြေညာစာတမ်း (Declaration on the Elimination of All Forms of Intoleranceand Of Discrimination Based on Religion or Belief)

လူမျိုး အပေါ် အခြေခံသည့် စိတ်အားဆန့်ကျင်သည့် ကမ္ဘာ့ ညီလာခံ

၂၀၀၁ ခုနှစ် ဘူတန်ညီလာခံကြေညာချက်နှင့် ရှေ့လုပ်ငန်းစဉ်များ (World Conference against Racism 2001 (Durban Declaration and Programme ofAction)

အမျိုး သမီး အခွင့်အရေး များ နှင့် သက်ဆိုင်သည့် ကြေညာစာတမ်းများ မှာ

အရေး ပေါ်အခြေအနေများ နှင့် လက်နက်ကိုင် ပဋိပက္ခများ အတွင်း ၌ရှိ အမျိုး သမီးများ နှင့် ကလေးများ အားကာကွယ်ရေး ဆိုင်ရာ ကြေညာစာတမ်း(Declaration on the Protection of Women and Childrenin Emergency and Armed Conflict)

အမျိုး သမီးများ အပေါ် အကြမ်းဖက်မှု ပပျောက်ရေး ဆိုင်ရာ ကြေညာစာတမ်း (Declaration on the Eliminationof Violence Against Women)

သက်ကြီးရွယ်အိုများ ၏ အခွင့်အရေး နှင့် ပတ်သတ်သည့် ကြေညာစာတမ်းများ မှာ

ကုလသမဂ္ဂ၏ သက်ကြီးရွယ်အိုများ ဆိုင်ရာ မူဝါဒများ (United Nations Principles on Elderly)

တရားဥပဒေ အုပ်ချုပ်မှု ဆိုင်ရာ ကြေညာစာတမ်းများ မှာ

အကျဉ်းသားများအပေါ် ဆက်ဆံခြင်းဆိုင်ရာ အနိမ့်ဆုံးအဆင့်အတန်းများ (Standard Minimum Rulesfor the Treatment of Prisioners)

အကျဉ်းသားများ အပေါ် ဆက်ဆံမှု ဆိုင်ရာ အခြေခံမူဝါဒများ (Basic

Principles for the Treatment ofPrinsoners)

အကျဉ်းသားများ အား နှိပ်စက်ခြင်း၊ အခြားသော ရက်စက်ကြမ်းကြုတ်စွာ ၊ လူမဆန်စွာ နှင့် ဂုဏ်သိက္ခာ ညှိုး နွမ်းသော ဆက်ဆံအပြစ်ပေးမှု အား ကာကွယ်ရေး နှင့် သက်ဆိုင်သော ကျန်းမာရေး ဝန်ထမ်းများ အတွက် မူဝါဒများ (Principles of Medical Ethics Relevant to the Roe of Health Personnel, particularlyPhysicans-in the Protection of Prisoners and Detainees against Torture and OtherCruel, Inhuman or Degrading Treatment or Punishment)

တရားဥပဒေဝန်ထမ်းများ အတွက် လုပ်ထုံးလုပ်နည်းများ (Code of Conduct for Law EnforcementOfficals)

တရားရေး ဝန်ထမ်းများ၏ လွတ်လပ်ခွင့် ဆိုင်ရာ အခြေခံမူဝါဒများ (Basic Principles on the Independenceof the Judiciary)

ဖွံ့ဖြိုး တိုးတက်မှု ဆိုင်ရာ ကြေညာစာတမ်းများ မှာ

ငတ်ပြတ်မှု နှင့် အဟာရချို့တဲ့ မှု တိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာကြေညာစာတမ်း (Universal Declarationof the Elimination of Hunber and Malnutrition)

ဖွံ့ ဖြိုး တိုးတက်မှု ဆိုင်ရာ ကြေညာစာတမ်း (Declaration of the Rights to Development)

ယဉ်ကျေးမှု ကွဲပြားခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကြေညာစာတမ်း (Universal Declaration of CulturalDiversity)

လူ့အခွင့်အရေး တိုးတက်မြှင့်တင်ရေး ဆိုင်ရာ ကြေညာစာတမ်းများ မှာ

လူ့အခွင့်အရေး ဌာနဆိုင်ရာသက်ဆိုင်သည့် မူဝါဒများ (Principles relating to the status of nationalinstitutions Paris Principles)

လူ့အခွင့်အရေး သဘောတူစာချုပ်များ ပေါ်ပေါက်လာခြင်း အဆင့်ဆင့်

၁၉၄၅ ခု ကမ္ဘာ့ကုလသမဂ္ဂဖွဲ့စည်းခြင်း(Founding of the United Nations)

၁၉၄၆ ခု လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်း (Creation of the Commission on Human Rightsby ECOSOC)

၁၉၄၈ ခု အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (Adoption of the UDHR)

အမေရိကန်ဆိုင်ရာ လူသားများ ၏ အခွင့်အရေး နှင့် တာဝန်များ ကြေညာစာတမ်း (American Declarationof the Rights and Duties of Man)

လူအစုလိုက် အပြုံလိုက်သတ်ဖြတ်မှု ကို ကာကွယ်အပြစ်ပေးရေး ဆိုင်ရာ သဘောတူစာချုပ် (The conventionon the Prevention and Punishment of the Crime of Genocide)

၁၉၄၉ ခု လူသားများ အား ကူးသန်းရောင်းဝယ်မှု ပိတ်ပင်ရေး သဘောတူစာချုပ် (Convention on theSuppression of Traffic in Persons)

၁၉၅၀ ခု ဥရောပဒေသ လူ့အခွင့်အရေး နှင့် အခြေခံလွတ်လပ်မှု များ ကာကွယ်ရေး ဆိုင်ရာ သဘောတူစာချုပ်(European Convention for the Protection of Human Rights and Fundamental Freedom)

၁၉၅၁ ခု ဒုက္ခသည်များ အဆင့်အတန်းဆိုင်ရာ သဘောတူစာချုပ် (Convention on the Status ofRefugees)

၁၉၅၂ ခု အမျိုး သမီးများ ၏ နိုင်ငံရေး အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ် (Convention on thePolitical Rights of Women)

၁၉၅၃ ခု ၁၉၂၆ ခု ကျွန်ပြုမှု ဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲ စာချု

ပ် (Protocol amendingthe 1926 Slavery Convention)

၁၉၅၆ ခု ကျွန်ပြုခြင်းအား ဖျက်သိမ်းမှု ဆိုင်ရာ စာချုပ်၏ နောက်ဆက်တွဲ စာချုပ် (Supplementary Conventionon the Abolition of Salvery)

၁၉၅၇ ခု အိမ်ထောင်ရှိသော အမျိုး သမီးများ ၏ နိုင်ငံသား ဖြစ်မှု ဆိုင်ရာ သဘောတူစာချုပ် (Conventionon the Nationality of Married Women)

လုပ်အားပေးစေခိုင်းမှု ဖျက်သိမ်းရေး သဘောတူစာချုပ် ( Abolition of Force Labor Convention)

၁၉၅၈ ခု အလုပ်လုပ်သည့်အခါနှင့် တာဝန်ထမ်းဆောင်သည့်အခါ ဖိနှိပ်မှု ဆိုင်ရာ သဘောတူစာချုပ် (Discriminationin Employment and Occupationps Convention)

၁၉၆၀ ခု ပညာရေး တွင် ခွဲခြားဖိနှိပ်မှု ဆန့်ကျင်ရေး ဆိုင်ရာ သဘောတူစာချုပ် (Convention AgainstDiscrimination in Education)

၁၉၆၁ ခု ဥပရောပဒေသဆိုင်ရာ လူမှု ချာတာ (European Social Charter)

၁၉၆၂ ခု အိမ်ထောင်ပြုသည့် ဆန္ဒ၊ အနိမ့်ဆုံး အိမ်ထောင်ပြုရသည့် အသက်နှင့် မှတ်ပုံတင်ခြင်းဆိုင်ရာသဘောတူစာချုပ် (Convention on Consent to Marriage, Minimum Age for Marriageand Registeration of Marriages)

၁၉၆၅ ခု လူမျိုး ရေး ခွဲခြားဖိနှိပ်မှု အမျိုး မျိုး ပပျောက်ရေး ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (InternationalConvention on the Elimination of All forms of Racial Discrimination)

၁၉၆၆ ခု စီးပွားရေး ၊ လူမှု ရေး နှင့် နိုင်ငံရေး အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ် (International Covenanton Economic's Social and Cultural Rights))

နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး ဆိုင်ရာသဘောတူစာချုပ်(International Convenant on Civil andPolitical Rights)

၁၉၆၆ ခု နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေး ဆိုင်ရာ စာချုပ်၏ နောက်ဆက်တွဲ စာချုပ်(၁) (OptionalProtocol-1 to the International Convenant on Civil and Political Rights)

၁၉၆၇ ခု ဒုက္ခသည်များ အဆင့်အတန်းဆိုင်ရာ နောက်ဆက်တွဲ သဘောတူစာချုပ် (Protocol relatingthe Status of Refugees)

အမျိုး သမီးများ အား နည်းမျိုး စုံဖြင့် ဖိနှိပ်ခွဲခြားထားမှု အားလုံး ပပျောက်ရေး ဆိုင်ရာ ကြေညာစာတမ်း (Declarationon the Elimination of Discrimination against Women)

၁၉၆၈ ခု တီဟီရမ်ကြွေးကြော်သံများ (Proclaimation Prof Teheran)

၁၉၆၉ ခု အမေရိကန် လူ့အခွင့်အရေး သဘောတူစာချုပ် (American Convention on Human Rights)

လူမှု တိုးတက်မှု နှင့် ဖွံ့ဖြိုး တိုးတက်မှု ဆိုင်ရာ ကြေညာစာတမ်း(Declaration on Social Progress and Development)

၁၉၇၁ ခု စိတ်ပိုင်းဆိုင်ရာ ဉာဏ်ရည်အားနည်းသော သူများ ၏ အခွင့်အရေး ဆိုင်ရာ ကြေညာစာတမ်း၊(Decleration of the Rights of Mentally Retarted Persons)

၁၉၇၃ ခု အသားအရောင် ခွဲခြားမှု အား တားဆီးရေး နှင့် အပြစ်ပေးရေး ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်(International Convention on the Suppression and Punishment of Apartheid)

၁၉၇၄ ခု ငတ်မွတ်မှု နှင့် အဟာရချို့တဲ့မှု တိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာ

ကြေညာစာတမ်း (UniversalDeclaration on the Eradication of Hunger and Malnutrition)

အရေး ပေါ်နှင့် လက်နက်ကိုင်စစ်ပွဲများ အတွင်းရှိ အမျိုး သမီးများ နှင့် ကလေးများ အား ကာကွယ်မှု ဆိုင်ရာကြေညာစာတမ်း (Declaration on the Protection of Women and Chhildren in Emergencyand Armed Conflict)

၁၉၇၅ ခု ခန္ဓာကိုယ်မသန်စွမ်းသော သူများ ၏ အခွင့်အရေး ဆိုင်ရာ ကြေညာစာတမ်း (Declaration on theRights of Disabled Persons)

၁၉၇၉ ခု အမျိုး သမီးများ အား နည်းမျိုး စုံဖြင့် ခွဲခြားထားမှု အားလုံး ပပျောက်ရေး ဆိုင်ရာ သဘောတူစာချုပ်(Convention on the elimination of All Forms of Discrimination Against Women)

၁၉၈၁ ခု အာဖရိကန်ဒေသဆိုင်ရာ လူနှင့် ပြည်သူ့အခွင့်အရေး ချာတာ (African Charter of Humanand People Rights)

၁၉၈၁ ခု ဘာသာရေး ဆိုင်ရာ ယုံကြည်မှု များ ကို အခြေခံသော သည်းမခံမှု များ နှင့် ဖိနှိပ်ခွဲခြားထားမှု အားလုံးပပျောက်ရေး ဆိုင်ရာ ကြေညာစာတမ်း (Declaration on the Elimination of All Forms ofIntoleranceand of Discrimination Based on Religion or Beliefs)

၁၉၈၄ ခု နှိပ်စက်ညှဉ်းပန်းခြင်း၊ လူမဆန်စွာ နှင့် ဂုဏ်သိက္ခာညှိုး နွမ်းအောင် ဆက်ဆံအပြစ်ပေးခြင်းအားဆန့်ကျင်ရေး ဆိုင်ရာ သဘောတူစာချုပ် (Convention Against Torture and Inhuman or DegradingTreatment or Punishment)

၁၉၈၆ ခု ဖွံ့ဖြိုး တိုးတက်ခွင့်ဆိုင်ရာ ကြေညာစာတမ်း(Declaration on the Rights to Development)

၁၉၈၉ ခု ကလေးသူငယ်များ အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်

Convention on the Rights ofthe Child)

၁၉၉၀ ခု ရွှေ့ပြောင်းအလုပ်သမားများ နှင့် ၎င်းတို့၏ မိသားစုများ ၏ အခွင့်အရေး ကာကွယ်မှု ဆိုင်ရာ သဘောတူစာချုပ် (Convention on the Protection of the Rights of All Migrant Workers andMembers of their families)

၁၉၉၃ ခု အမျိုး သမီးများ အပေါ် အကြမ်းဖက်ခြင်းဆိုင်ရာ ကြေညာစာတမ်း (Declaration on the ViolenceAgainst Women)

၁၉၉၈ ခု အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု တရားရုံး ပေါ်ပေါက်ရေး ဆိုင်ရာ သဘောတူညီချက် (ရောမစာချုပ်)(Rome Statute)

၁၉၉၉ ခု အမျိုး သမီးများ အား နည်းမျိုး စုံဖြင့် ခွဲခြားဖိနှိပ်မှု များ ပပျောက်ရေး ဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲ စာချုပ် (Protocol of the CEDAW)

၂၀၀၀ ခု ကလေးသူငယ်များ စာချုပ်၏ (၁၈)နှစ် အောက်ကလေးများ စစ်မှုထမ်းခြင်းဆိုင်ရာ နောက်ဆက်တွဲ စာချုပ်(CRC Optional Protocol on Children in armed conflitct)

၂၀၀၀ ခု ကလေးသူငယ်မျာစားချုပ်၏ ကလေးများ အား လိင်လုပ်ငန်းများ တွင် အသုံးချခြင်းဆိုင်ရာနောက်ဆက်တွဲ စာချုပ် (CRC Opetional Protocol on Children on Sale)

၂၀၀၂ ခုနှစ် နှိပ်စက်ညှင်းပမ်းခြင်းဆိုင်ရာစာချုပ်၏ နောက်ဆက်တွဲ စာချုပ် (CAT-Optional Protocol)

၂၀၀၆ ခုနှစ် မသန်စွမ်းသူများ အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights ofpersons with disabilities)

၂၀၀၆ ခုနှစ် မသန်စွမ်းသူများ အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲ စာချုပ် (OptionalProtocol of persons with disabilities)

၂၀၀၆ ခုနှစ် အတင်းအကြပ်ပျောက်ဆုံးခြင်းမှ ကာကွယ်ပေးရေး ဆိုင်ရာ သဘောတူစာချုပ် (Conventionon Enforced Disapperance)

၂၀၀၈ ခုနှစ် စီးပွားရေး ၊ လူမှု ရေး နှင့် ယဉ်ကျေးမှု အခွင့်အရေး ဆိုင်ရာ စာချုပ်၏ နောက်ဆက်တွဲ စာချုပ် (OptionalProtocol of ESC rights)

၂၀၁၁ ခုနှစ် ကလေးအခွင့်အရေး ဆက်သွယ်မှု ဆိုင်ရာ နောက်ဆက်တွဲစာချုပ် (CRC Optional Protocolon Communication)

၂၀၁၂ ခုနှစ် အာဆီယံလူ့အခွင့်အရေး ကြေညာစာတမ်း (ASEAN Human Rights Declaration)

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု တရားရုံး
(International Criminal Court)

ကုလသမဂ္ဂရှိ နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေများ ၏ လုပ်ထုံးလုပ်နည်းများ သည် ချိုး ဖောက်သည့်နိုင်ငံများ အပေါ် တိတိကျကျ အရေး ယူဆောင်ရွက်နိုင်မှု များ အားနည်းနေသည်ဟု လူ့အခွင့်အရေး လှုပ်ရှားသူများ က အားမလိုအားမရ ဖြစ်ခဲ့ကြသည်။ လူ့အခွင့်အရေး အမှန်တကယ် လေးစားသော နိုင်ငံအစိုးရများ အပေါ် စာချုပ်ကော်မတီများ ၏ သုံးသပ်ချက်များ နှင့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များ ကသက်ရောက်မှု ရှိသော် လည်း နိုင်ငံတကာအသိုင်းအဝိုင်း၏ ဖိအားပေးမှု အပေါ် အလေးထားမှု မရှိသော နိုင်ငံများ အပေါ်သက်ရောက်မှု အားနည်းကြောင်း ထောက်ပြလာခဲ့သည်။ ထို့အပြင် လူ့အခွင့်အရေး များ ကို ချိုး ဖောက်လာမှ တင်ပြအရေး ယူခြင်းထက် မ ဖြစ်ခင် ကြိုတင်တားဆီးမှု များ လုပ်ဆောင်သင့်ကြောင်း တင်ပြမှု များ ပေါ်ထွန်းလာခဲ့သည်။ လူ့အခွင့်အရေး စာချုပ်များ ကို ပြင်းထန်စွာ ချိုး ဖောက်သူများ ကို အရေး ယူဆောင်ရွက်ရန်အတွက် လှုံ့ဆော်ပြင်ဆင်လာခဲ့သည်။ အထူးသဖြင့် ရဝမ်ဒါနိုင်ငံနှင့် ယခင် ယူဂိုစလားဗီးယားနိုင်ငံတို့တွင် ဖြစ်ပွားခဲ့သည့် လူအမြောက်အများ သေဆုံးခဲ့ရသည့် လူမျိုးတုံးသတ်ဖြတ်မှု များ ၊ စစ်ရာဇဝတ်မှု များ ကို ရင်ဆိုင်ကြုံတွေ့လာသည့်အခါကျူး လွန်သူများ

ကို လူ့အခွင့်အရေး ချိုး ဖောက်သူများ အနေဖြင့် ရှု့ချယုံသာမက ရာဇဝတ်ကောင်များ အ ဖြစ် အပြစ်ပေးအရေး ယူသင့်ကြောင်း တွေ းဆလာသည်။ အရေး ပေါ် ခုံရုံးတင်၍ အပြစ်ပေးခဲ့ခြင်းများ ကို လုပ်ဆောင်လာခဲ့သည်။

နှစ် ပေါင်းများ စွာ က ပြင်းထန်စွာ ဝိုင်းဝန်းလှုံ့ဆော်မှု များ ၏ နောက်ဆုံးရလာဒ်အ ဖြစ် ၁၉၉၈ ခုနှစ် ကအီတလီနိုင်ငံ (Rome) ရောမမြို့ တွင် ကုလသမဂ္ဂမှ ကြီးမှူး ၍ ကျင်းပသော အပြည်ပြည်ဆိုင်ရာရာဇဝတ်မှု တရားရုံးကို ဖွဲ့စည်းတည်ထောင်ရန်အတွက် သဘောတူစာချုပ်မူကြမ်းကို ရေး ဆွဲသည့်ညီလာခံသို့ နိုင်ငံပေါင်း (၁၆၀)မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ ရက်သတ္တပတ် (၅)ပတ်ကြာ အပြင်းအထန် ဆွေးနွေးညှိနှိုင်းခဲ့ပြီးနောက် တက်ရောက်လာသည့် နိုင်ငံများ ထဲမှ နိုင်ငံပေါင်း (၁၂၀) က ထိုစာချုပ်ကို အတည်ပြုရန် ထောက်ခံမဲပေးခဲ့သည်။ တရုတ်၊ လစ်ဗျား၊အီရတ်နှင့် အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံ(၇)နိုင်ငံက ကန့်ကွက်ခဲ့ကြသည်။ ထိုစာချုပ်ကိုလက်မှတ်ရေး ထိုးခဲ့သည့် နေရာ ဖြစ်သည့် ရောမမြို့ ကို အစွဲပြု၍ ရောမစာချုပ် (Rome Statue)ဟုလဲ ခေါ်ဝေါ်သည်။ စာချုပ်အရ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု တရားရုံးကို ဖွဲ့စည်းထူ ထောင်နိုင်ရန်အတွက် နိုင်ငံပေါင်း (၆၀)က အတည်ပြုလက်မှတ်ရေး ထိုးရန်လိုအပ်သည်။ ၂၀၀၂ ခုနှစ် ဧပြီလ (၁၁) ရက်နေ့တွင် နိုင်ငံပေါင်း (၆၆) နိုင်ငံအတည်ပြုလက်မှတ်ရေး ထိုးခဲ့ပြီးနောက် ၂၀၀၂ခုနှစ် ဇူလိုင်လ (၁)ရက်နေ့တွင် တရားရုံးကို စတင်ဖွဲ့စည်းနိုင်ခဲ့သည်။ တရားရုံးကို နယ်သာလန်နိုင်ငံသည် ဟိတ်မြို့ တွင် ရုံးစိုက်ထားပါသည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ စာချုပ်အဖွဲ့ဝင်နိုင်ငံပေါင်း (၁၂၀) နိုင်ငံရှိလာသည်။

အမှန်တကယ်ဆိုရလျှင် ယခုပေါ်ပေါက်လာသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု တရားရုံးသည်ကမ္ဘာပေါ်တွင် ပထမဆုံးပေါ်ပေါက်လာသည့် နိုင်ငံတကာရာဇဝတ်တရားရုံးဟုမဆိုနိုင်ပါ။ ဒုတိယကမ္ဘာစစ်အပြီးတွင် စစ်ရာဇဝတ်ကောင်များ ကို နိုင်ငံတကာခုံရုံးတင်၍ တရားစီရင်ခဲ့သော နျူရင်ဘတ်တရားရုံးနှင့် တိုကျိုတရားရုံးတို့ရှိခဲ့သည့် အစဉ်အလာရှိ၏ ။ သို့ သော် ထိုတရားရုံးများ သည်စစ်ရှုံးသော သူများ ကို တရားစီရင်ခဲ့ပြီး စစ်နိုင်သော နိုင်ငံများ မှ မည် သူ့ကို

တရားစီရင်ခဲ့ခြင်းမရှိခဲ့ကြောင်း ဝေဖန်သူများ က ထောက်ပြခဲ့သည်။ ထို့ပြင် လူသားများ အပေါ် ထိခိုက်စေခဲ့သည့်ရာဇဝတ်မှု များ ကို နိုင်ငံတကာဥပဒေများ ဖြင့် စီရင်ဆုံးဖြတ်ခဲ့သည့် ရဝမ်ဒါဆိုင်ရာ အပြည်ပြည်ဆိုင်ရာတရားရုံးနှင့် ယခင် ယူဂိုစလားဗီးယားဆိုင်ရာ အပြည်ပြည်ဆိုင်ရာတရားရုံးများ မှာ လည်း ၁၉၉၄ ခုနှစ် တွင် ပေါ်ပေါက်ခဲ့ပြီး ဖြစ်သည်။ သို့ သော် ထိုအပြည်ပြည်ဆိုင်ရာတရားရုံးနှစ် ခုသည် အခင်း ဖြစ်ပွားပြီးအချိန်မှ ထူထောင်ခဲ့ပြီး ထိုနိုင်ငံများ တွင် ဖြစ်ပွားခဲ့သော ရာဇဝတ်မှု များ ကို စီရင်နိုင်သည့်အတွက် ကန့်သတ်ချက်များ ရှိနေသည်။ ရာဇဝတ်မှု များ ကို ကျူး လွန်ပြီးမှ ခုံရုံးဖွဲ့ အရေး ယူမည့် အစားမ ဖြစ်ခင် ကြို တင်တားဆီးနိုင်စေရန်နှင့် နိုင်ငံတကာရှိ ရာဇဝတ်မှု ကျူး လွန်သူများ ကို အပြစ်ပေးအရေး ယူနိုင်ရန်အတွက် အမြဲတမ်းဖွဲ့ စည်းထားပြီး သက်ရောက်မှု ရှိသော နိုင်ငံတကာ ရာဇဝတ်မှု တရားရုံးကို ဖွင့်လှစ်လာခဲ့ခြင်း ဖြစ်၏ ။

ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု တရားရုံးတွင် ယခင်ပေါ်ပေါက်ခဲ့သော တရားရုံးများ နှင့် မတူသော အချက်များ ရှိနေသည်။ ပထမအချက်မှာ နိုင်ငံတကာက သတ်မှတ်ထားသည့်အထူးဆိုးဝါးသည့် ရာဇဝတ်မှု များ အား ကျူး လွန်သူများ ကို အရေး ယူအပြစ်ပေးနိုင်ရန်အတွက်အမြဲတမ်းဖွင့်လှစ်ထားသော တရားရုံး ဖြစ်သည်။ ဒုတိယအချက်မှာ ထိုတရားရုံးကို အစိုးရများ ၏ လက်မှတ်ထိုးသဘောတူညီထားသည့် ရောမစာချုပ်အရ ဖွဲ့စည်းထားသည်။ ထို့ကြောင့် ရောမစာချုပ်ကို လက်မှတ်ထိုးထားသည့်နိုင်ငံတိုင်းက တရားရုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်တာဝန်ရှိသည်။ တတိယအချက်မှာ ထိုတရားရုံးသည် ကုလသမဂ္ဂ၏ အစိတ်အပိုင်းတခုမဟုတ်ပါ။သို့ သော် ကုလသမဂ္ဂလုံခြုံရေး ကောင်စီထံသို့ တရားရုံး၏ လုပ်ဆောင်ချက်များ ကို တင်ပြရသလိုကုလသမဂ္ဂလုံခြုံရေး ကောင်စီကလည်း ရာဇဝတ်မှု များ ကျူး လွန်သည်ဟု ယူဆရသော သူများ ကိုအမှု ဖွင့်တရားစွဲဆွဲရန် ယခုတရားရုံးသို့ လွှဲပိုင်ခွင့်ရှိသည်။

ယခုပေါ်ပေါက်လာသော တရားရုံးသည် လူအမြောက်အများ အား ထိခိုက်သေကြေစေသော အမှု များ (Genocide)၊ လူသားမျိုး နွယ်တစ်ခုလုံးကို ထိခိုက်စေသည့် ရာဇဝတ်မှု များ (Crimes against Humanity)၊ စစ်ပွဲဆိုင်ရာ ရာဇဝတ်မှု

များ (War Crime)၊ တို့ကို ကျူး လွန်သည်ဟုစွပ်စွဲခံရသည့် လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက် ကိုမဆို ခုံရုံးတင်အရေး ယူနိုင်ပါသည်။ ထိုအမှု သုံးမျိုး နှင့် အကြုံး မဝင်သည့် ကျန်အမှု များ ကို မတိုင်ကြားနိုင်ပါ။

ထို့အပြင် စာချုပ်အရ တရားရုံးကို စတင်ဖွဲ့စည်းထူထောင်ခဲ့သည့် ၂၀၀၂ ခုနှစ် ဇူလိုင်လ (၁)ရက်နေ့နောက်ပိုင်းတွင် ကျူး လွန်သော အမှု များ ကိုသာ တရားစီရင်နိုင်မည် ဖြစ်သည်။ ထို့ကြောင့် ထိုကာလမတိုင်မီက ဖြစ်ပွားခဲ့သော အမှု များ အကြုံး ဝင်လိမ့်မည် မဟုတ်ပါ။

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု တရားရုံးသည် ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ တရားရုံးကဲ့သို့ နိုင်ငံအချင်းချင်းအကြား ဖြစ်ပွားသည့် ပြဿ နာများ ကို ဖြေရှင်းရန်၊ နိုင်ငံတစ်နိုင်ငံကို တရားစွဲဆိုရန်မဟုတ်ပါ။ ရောမ သဘောတူစာချုပ်ကို အတည်ပြုလက်မှတ်ထိုးထားသော နိုင်ငံမှ နိုင်ငံသားတစ်ဦးဦးက မည် သည့် နေရာတွင် မဆို ထိုသတ်မှတ်ထားသော ရာဇဝတ်မှု ကျူး လွန်ပါက သို့ မဟုတ်ထိုအတည်ပြု လက်မှတ်ထိုးထားသော နိုင်ငံ၏ အချုပ်အခြာပိုင်နယ်မြေဒေသအတွင် း ကျူး လွန်သော ရာဇဝတ်မှု များ ဖြစ်ပါက တရားစွဲဆိုနိုင်ပါသည်။ ကျူး လွန်သူသည် အမျိုး သား အမျိုး သမီး ဖြစ်စေ၊သာမန်အရပ်သား ဖြစ်စေ၊ စစ်တပ်တွင် တာဝန်ရှိသူ ဖြစ်စေ၊ အစိုးရတွင် တရားဝင် ရာထူးရှိသူ ဖြစ်စေ၊ထိုရာဇဝတ်မှု တွင် တာဝန်ရှိသည့် မည် သူ့ကိုမဆို တရားစွဲဆိုနိုင်ပါသည်။

တိုင်ကြားခံရသော သူသည် လူပုဂ္ဂိုလ်တစ်ဦးချင်း ဖြစ်ရပါမည် ။ တရားရုံးအနေဖြင့် တိုင်ကြားမှု များ ကိုလက်ခံလာပါက ထိုကျူး လွန်သော ရာဇဝတ်မှု များ ကို မည် သူက အဓိကအမြင့်ဆုံးတာဝန်ရှိသည်ကို စုံစမ်းစစ်ဆေးဖော်ထုတ်သည်၊ ထိုနောက် ထိုအမှု များ တွင် အမိန့်ပေးစေခိုင်းသော သူ၊ထောက်ပံ့ကူညီအားပေးသူနှင့် စီမံဆောင်ရွက်သူများ အပါအဝင် ထိုကျူး လွန်မှု တွင် တာဝန်အရှိဆုံးသူများ ကို အပြစ်စီရင်ရသည်။

တရားရုံးသို့ ထိုအမှု များ ကို တင်ပြတိုင်ကြားရာတွင် ရောမစာချုပ်ကို လက်မှတ်ရေး ထိုးထားသော နိုင်ငံများ မှ လူပုဂ္ဂိုလ်တစ်ဦးဦးကို တိုင်ကြားနိုင်သလို ရောမစာချ

ပ်ကို လက်မှတ်မထိုးထားသော နိုင်ငံများ မှ လူပုဂ္ဂိုလ်များ ကိုလည်း တိုင်ကြားနိုင်သည့် နည်းလမ်းများ ရှိပါသည်။ ရောမစာချုပ်ကိုလက်မှတ်ရေး ထိုးထားသော နိုင်ငံများ မှ လူပုဂ္ဂိုလ်တစ်ဦးဦးသည် သူ့နိုင်ငံ၏ နယ်နမိတ်တွင် ဖြစ်စေအခြားနိုင်ငံတခုခုတွင် ဖြစ်စေ တရားရုံးက သတ်မှတ်ထားသော ရာဇဝတ်မှု သုံးမျိုး အနက် တစ်ခုခုကိုကျူး လွန်ပါက အဖွဲ့ဝင်နိုင်ငံတစ်ခုခုက ထိုအမှု ကို တရားရုံးသို့ လျှောက်ထားတိုင်ကြားနိုင်သလိုနိုင်ငံ၏ လျှောက်ထားမှု မပါဘဲ တရားရုံးက ထိုအမှု များ ကို စုံစမ်းစစ်ဆေးနိုင်ပါသည်။ အကယ်၍ ရောမစာချုပ်ကို လက်မှတ်မထိုးထားသော နိုင်ငံများ မှ လူပုဂ္ဂိုလ်များ ကို တိုင်ကြားမည် ဆိုပါကကုလသမဂ္ဂလုံခြုံရေး ကောင်စီက ထိုအမှု ကို တရားရုံးသို့ လွှဲပြောင်းပေးမှသာ ထိုအမှု ကို စုံစမ်းစစ်ဆေးနိုင်မည် ဖြစ်၏ ။ ထိုသို့ လွှဲပြောင်းပေးရန်အတွက် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီအဖွဲ့ဝင်နိုင်ငံများ သည် မဲခွဲဆုံးဖြတ်ရန်လိုအပ်သည်။ နိုင်ငံများ သည် ထောက်ခံ၊ ကန့်ကွက်မဲများ ပေးနိုင်သလိုကြားနေမဲလည်း ပေးနိုင်သည်။ သို့သော် ထိုသို့ တရားရုံးကိုလွှဲပြောင်းပေးနိုင်ရန်အတွက် လုံခြုံရေး ကောင်စီအဖွဲ့ဝင်နိုင်ငံ (၁၅) နိုင်ငံတွင် (၉) နိုင်ငံက ထောက်ခံမဲ ရရှိရန်လိုအပ်သည်။ သို့သော် အမြဲတမ်း (၅) နိုင်ငံမှ တစ်နိုင်ငံက ဗီတိုအာဏာသုံးပါက အမှု ကို တင်နိုင်မည် မဟုတ်ချေ။ယခု တရားရုံးကို အင်္ဂါရပ် (၄) ရပ်ဖြင့် ဖွဲ့စည်းခဲ့သည်။ ၎င်းတို့မှာ (၁) ဥက္ကဌအဖွဲ့ Presidency၊(၂) တရားစီရင်ရေး အဖွဲ့ Judicial Divisions၊ (၃) တရားစွဲဆိုအရာရှိ (အစိုးရရှေ့နေ)ရုံး The Office of the Prosecutor၊ (၄) မှတ်ပုံတင်ရုံး Office of Registry တို့ဖြစ်သည်။

တရားစီရင်ရေး အဖွဲ့တွင် ရွေးကောက်တင်မြှောက်ထားသော တရားသူကြီး (၁၈) ဦးရှိပြီး ထိုသူများ တွင် တရားခွင် အကြိုစစ်ဆေးသော Pre-Trial Chamber၊ တရားခွင်စစ်ဆေးသော အဖွဲ့ Trial Chamber၊ အယူခံစစ်ဆေးသော အဖွဲ့ Appeal Chamber တို့ရှိသည်။ တရားစွဲဆိုအရာရှိရုံးကို တရားစွဲဆိုအရာရှိက ဦးဆောင်၍ ကြီးကြပ်သည်။ ထိုသူများ ကနေ၍ အမှု များ ကိုကြားနာစုံစမ်းစစ်ဆေးစီရင်ခြင်းများ ပြုလုပ်သည်။ မှတ်ပုံတင်ရုံး Office of Registry သည်တရားစွဲဆိုသော လုပ်ငန်းများ ၊ တရားရုံးလုပ်ငန်းများ နှင့် မသက်ဆိုင်သော ကဏ္ဍကို တာဝန်ယူလုပ်ဆောင်သည်။

ရောမစာချုပ်ကို အတည်ပြုလက်မှတ်ရေး ထိုးသော နိုင်ငံများ ကသာ ထိုတရားသူကြီးများ နှင့် အမှု စီရင်သူတို့ကို အမည် စာရင်းတင်သွင်းခွင့်၊ ရွေးကောက်တင်မြှောက်ခွင့်ရှိသည်။ ထိုတရားသူကြီး(၁၈) ဦးသည် ရာဇဝတ်မှု ဆိုင်ရာ ဥပဒေများ ၊ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားသော ဥပဒေများ နှင့် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများ ကို ကျွမ်းကျင်သူများ ဖြစ်ပြီး လက်ရှိတာဝန်ထမ်းဆောင်နေသော တရားသူကြီးအများ စုမှာ ယူဂိုဆလားဗီယားနှင့် ရဝမ်ဒါနိုင်ငံများ တွင် ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေး ချိုး ဖောက်မှု ဆိုင်ရာ ရာဇဝတ်မှု ခုံရုံးများ တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူများ ဖြစ်သည်။ တရားသူကြီး (၁၈)ဦးအနက် (၇) ဦးမှာ အမျိုး သမီးများ ဖြစ်သည်။ ထိုသူများ ကိုသက်တမ်း (၃)နှစ် ၊ (၆)နှစ် နှင့် (၉)နှစ် အသီးသီးသတ်မှတ်၍ ခန့်အပ်ထားသည်။

စာချုပ်ကို လက်မှတ်ရေး ထိုးထားသော နိုင်ငံက ဖြစ်စေ၊ ကုလသမဂ္ဂ၏ လုံခြုံ ရေး ကောင်စီက ဖြစ်စေနိုင်ငံတကာ ရာဇဝတ်မှု ကျူး လွန်သော အမှု ကို စုံစမ်းစစ်ဆေးရန် နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာတရားရုံးသို့ တိုင်ကြားနိုင်သည်။ ထိုသို့ တိုင်ကြားလာပါက နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာတရားရုံး၏ တရားစွဲဆိုအရာရှိသည် ကျူး လွန်ခံရသူများ ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ နှင့် အခြားခိုင်လုံသော ရင်းမြစ်များ မှ သတင်းအချက်အလက်များ စုဆောင်း၍ စုံစမ်းစစ်ဆေးခြင်းကို စတင်ရပါသည်။ ထိုသို့ စုံစမ်းစစ်ဆေးရာတွင် နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ တရားရုံးသည်အစိုးရ၏ ပူးပေါင်းပါဝင်မှု ကို ရယူဆောင်ရွက်ရပါသည်။ နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ တရားရုံးတွင် စုံစမ်းစစ်ဆေးရန်အတွက် ကိုယ်ပိုင်ရဲတပ်ဖွဲ့မရှိသော ကြောင့် သက်ဆိုင်ရာအစိုးရနှင့် လက်တွဲ ဆောင်ရွက်ရပါသည်။ စုံစမ်းစစ်ဆေးသည့် တရားစွဲဆိုအရာရှိသည် အထောက်အထားများ ကို ရှာဖွေသည်။ကိုယ်တိုင်ခံစားရသူများ နှင့် မျက်မြင်သက်သေများ ကို မေးမြန်းသည်။ ထိုသို့ ရရှိသော သတင်းများ ကိုမပေါက်ကြားအောင် အထူးထိမ်းသိမ်းသည်။ ထိုသို့ သတင်းပေးသော သူများ အတွက် အန္တရာယ်မ ဖြစ်စေရန် ကာကွယ်စောင့်ရှောက်ပေးသည်။

စုံစမ်းစစ်ဆေးမှု ကို စတင်နေသည့်အချိန်တွင် တရားစွဲဆိုသည့်အရာရှိသည်

အမှု စစ်ဆေးမည့် တရားရုံးတော် ထံမှ ထိုစွပ်စွဲခံရသည့်သူကို ဖမ်းဝရမ်းတောင်းခံနိုင်သည်။ အကယ်၍ ထိုစွပ်စွဲခံရသည့်သူသည်အမှန်တကယ် ရာဇဝတ်မှု များ ကို ကျူး လွန်လောက်သည်ဟု ယုံကြည်ရသော အခြေအမြစ်ရှိပါကတရားရုံးသည် ထိုဖမ်းဝရမ်းတောင်းခံချက်ကို ခွင့်ပြုနိုင်သည်။ ထိုစွပ်စွဲခံရသူကို ဖမ်းဆီးအပြီးသို့မဟုတ် ထိုသူကိုယ်တိုင်က လာရောက်အဖမ်းဆီးခံအပြီးတွင် ထိုစွပ်စွဲချက်များ ကို တရားရုံးတွင် ကြားနာနိုင်သည်။ ထိုတရားရုံးကြားနာစီရင်မှု အတွင်း ၊ စွပ်စွဲခံရသူအနေဖြင့် စွပ်စွဲချက်များ ကိုငြင်းဆိုခွင့်ရှိသလို သက်သေအထောက်အထားများ ကို တင်ပြခွင့်ရှိသည်။

တရားစစ်ဆေးနေသည့်ကာလအတွင်း ၊ စွပ်စွဲခံရသူသည် တရားခွင်တွင် ရှိနေရမည် ။ တရားခွင်စစ်ဆေးသော အဖွဲ့သည် တရားခွင့်၏ တရားမျှတမှု ကို အထူးအလေးထားရမည် ။ စွပ်စွဲခံရသူအနေဖြင့် တရားရေး ဆိုင်ရာ အခွင့်အရေး များ ရှိသလို ခံစားရသူများ နှင့် မျက်မြင်သက်သေများ ကိုလည်းလုံခြုံအောင် ကာကွယ်ပေးရမည် ။ ခိုင်လုံသော သက်သေအထောက်အထားများ ပြည့်စုံပါကတရားရုံးသည် စီရင်ချက်ချနိုင်ပြီ ဖြစ်သည်။ တရားရုံးက ချမှတ်သည့် အမိန့်ကို အယူခံဝင်ပိုင်ခွင့်လည်းရှိသည်။

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု တရားရုံးက အရေး ယူနိုင်သည့် အမှု များ မှာ

လူမျိုး တုန်းသတ်ဖြတ်မှု (Genocide)

ဆိုသည်မှာ 'နိုင်ငံသား၊ မျိုး နွယ်စု၊ လူမျိုး စု သို့ မဟုတ် ဘာသာရေး ဆိုင် ရာ အသင်းအဖွဲ့များ အားလုံးကို ဖျက်ဆီးရန်ရည်ရွယ်ချက်ဖြင့် ကျူး လွန်မှု များ သို့ မဟုတ် အချို့ အစိတ်အပိုင်းကိုဖျက်ဆီးရန် ရည်ရွယ်ချက်နဲ့ ကျူး လွန်မှု များ ' ဆိုသည်။

'လူမျိုး တုန်းသတ်ဖြတ်မှု ' နှင့် သက်ဆိုင်သော ပြစ်မှု အမျိုး အစား ငါးမျိုး မှာ

(၁) လူတစ်စု၏ အဖွဲ့ဝင်များ ကို ပစ်မှတ်ထားသော သတ်ဖြတ်ခြင်း၊

(၂) လူတစ်စု၏ အဖွဲ့ဝင်များ ကို ခန္ဓာကိုယ် သို့ မဟုတ် စိတ်ပိုင်းဆိုင်ရာ ပြင်းထန်စွာ အန္တရာယ် ဖြစ်ပေါ်စေရန် တမင်တကာ ရည်ရွယ်၍ ထိုအုပ်စု၏ အသက်အန္တရာယ်ကို ထိပါးခြင်း၊

(၃) အသင်းအဖွဲ့တစ်ခုလုံး သို့မဟုတ် အချို့ ကို စိတ်ပိုင်းဆိုင်ရာ ကျဆင်းပျက်ဆီးမှု ဖြစ်ပေါ်စေရန်အတွက် တမင်တကာ ရည်ရွယ်၍ ထိုအုပ်စု၏ အသက်အန္တရာယ်ကို ထိပါးခြင်း၊

(၄) လူတစ်စုအတွင်း၌ ကလေးမွေးဖွားမှု ကို တားဆီးရန်ဟူသော ရည်ရွယ်ချက်ဖြင့် ချမှတ်သည့်သတ်မှတ်ချက်များ ကို လိုက်နာစေခြင်း

(၅) ကလေးသူငယ်များ ကို လူအုပ်စုတစုမှ အခြားလူအုပ်စုတစုသို့ အတင်းအဓမ္မ ရွှေ့ပြောင်းခြင်းတို့ ဖြစ်သည်။

လူသားမျိုး နွယ်တစ်ခုလုံးကို ထိခိုက်စေသည့် ရာဇဝတ်မှု များ (Crimes against humanity)ဆိုသည်မှာ 'မည် သည့်အရပ်သားလူထုကိုမဆို ဦးတည်၍ စနစ်ကျကျ တိုက်ခိုက်သော သို့မဟုတ်ကျယ်ကျယ်ပြန့်ပြန့်တိုက်ခိုက်သော ကျူး လွန်မှု များ ' ဟု ဆိုထားသည်။

'လူသားမျိုး နွယ်တစ်ခုလုံးကို ထိခိုက်စေသည့် ရာဇဝတ်မှု များ ' နှင့် သက်ဆိုင်သော ပြစ်မှု အမျိုး အစား(၁၁) ခုမှာ -

(၁) လူသတ်မှု ၊

(၂) မျိုး ဖြုတ်ခြင်း၊

(၃) ကျွန်ပြုခြင်း၊

(၄) ပြည်နှင်ဒဏ်ပေးခြင်း သို့မဟုတ် အတင်းအကျပ် ရွှေ့ပြောင်းခြင်း၊

(၅) ထောင်သွင်းအကျဉ်းချခြင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အခြေခံစည်းမျဉ်းများ ကို ချိုး ဖောက်၍ လူ တစ်ယောက် ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ပြင်းထန်စွာ ဆုံးရှုံးစေခြင်း၊

(၆) ညှဉ်းပမ်းနှိပ်စက်ခြင်း၊

(၇) မုဒိမ်းကျင့်ခြင်း၊ လိင်ကျေးကျွန်ပြုခြင်း၊ အတင်းအကြပ်ပြည့်တန်ဆာအ ဖြစ်

စေခိုင်းခြင်း၊ကိုယ်ဝန်ရှိစေခြင်း၊ ကိုယ်ဝန်မရရှိစေခြင်း သို့ မဟုတ် အခြားဆိုးရွားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ၊

(၈) သက်သေအထောက်အထားပြနိုင်သော မည် သည့် လူစုကိုမဆို ညှဉ်းပမ်းနှိပ်စက် သို့ မဟုတ်နိုင်ငံရေး ၊ လူမျိုး ရေး ၊အမျိုး သားရေး ၊ မျိုး နွယ်စုရေး ၊ ယဉ်ကျေးမှု ၊ ဘာသာရေး ၊ လိင် စသည်အုပ်စုများ အား ညှဉ်းပမ်းနှိပ်စက်ခြင်း၊

(၉) လူများ အား အတင်းအကျပ် ပျောက်ဆုံးစေခြင်း၊

(၁၀) လူမျိုး အသားအရောင် ခွဲခြားရေး ဆိုင်ရာ ဝါဒနှင့် ဆိုင်သော ရာဇဝတ်မှု ၊

(၁၁) တမင်တကာရည်ရွယ်၍ ကြီးစွာ သော ခံစားမှု ဖြစ်စေခြင်း၊ စိတ်ရေး အရ၊ ရုပ်ပိုင်းအရပြင်းထန်စွာ ထိခိုက် အနာတရ ဖြစ်စေခြင်း စသည့် အခြားလူမဆန်သည့် လုပ်ရပ်မှု များ ကို ဆိုလိုသည်။

စစ်ရာဇဝတ်မှု (War Crime)

ဆိုသည်မှာ 'ပြည်တွင် းစစ် ဖြစ်စေ နိုင်ငံတကာစစ်ပွဲ ဖြစ်စေ လက်နက်ကိုင် ပဋိပက္ခကာလအတွင် းစီမံကိန်းတစ်ခု၊ မူဝါဒတစ်ခု၏ အစိတ်အပိုင်းအနေဖြင့် ကျူး လွန်ခြင်း သို့ မဟုတ် ထိုပြစ်မှု ကိုကျယ်ပြန့်သော ပမာဏတစ်ခုကျူး လွန်ခြင်း' ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

အောက်ပါအချက် လေးချက်ကို ကျူး လွန်ပါကလည်း စစ်ရာဇဝတ်မှု မြောက်သည်ဟု ဆိုနိုင်သည်။

(၁) ၁၉၄၉ ခုနှစ် ၊ ဩဂုတ်လ ၁၂ ရက် ဂျီနီဗာသဘောတူချက်များ ၏ ပြဋ္ဌာန်းချက်များ ကိုလူအများ သို့ မဟုတ် အရာဝတ္ထုများ အပေါ် ပြင်းထန်စွာ ချိုး ဖောက်မှု များ ၊

(၂) စစ်ပွဲအတွင် းနှင့် လက်နက်ကိုင်ပဋိပက္ခအတွင် း ကျင့်သုံးရမည့် စစ်ဥပဒေကို ပြင်းထန်စွာ ချိုး ဖောက်မှု များ ၊

(၃) အပြည်ပြည်ဆိုင်ရာ လက္ခဏာဆောင်သည့် လက်နက်ကိုင် ပဋိပက္ခ

ဖြစ်ရာတွင် ၁၉၄၉ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့ပါ ဂျီနီဗာသဘောတူညီချက် (၄) ရပ်နှင့် သက်ဆိုင်သည့် ပုဒ်မ(၃)ကို ပြင်းထန်စွာ ချိုး ဖောက်မှု များ ဖြစ်သော ၊ ဖျားနာနေသော ၊ ထိခိုက်ဒဏ်ရာရနေသော ၊ဖမ်းဆီးချုပ်နှောင်ခြင်းခံရသော သို့ မဟုတ် အခြားအကြောင်းကြောင့် စစ်မတိုက်နိုင် သော လက်နက်ချပြီး ဖြစ်သည့် လက်နက်ကိုင်တပ်ဖွဲ့ ဝင်များ တွင် တက်ကြွစွာ ပါဝင်တိုက်ခိုက်ခြင်းမရှိတော့သည့်သူများ ကို ဆန့်ကျင်တိုက်ခိုက် ကျူး လွန်မှု များ

(၄) အပြည်ပြည်ဆိုင်ရာလက္ခဏာမဆောင်သည့် လက်နက်ကိုင်ပဋိပက္ခ(ပြည်တွင် းစစ်)များ အတွက်ကျင့်သုံးသော စစ်ဥပဒေကို ပြင်းထန်စွာ ချိုး ဖောက်မှု တို့ ဖြစ်သည်။

စစ်ရာဇဝတ်မှု မြောက်နိုင်သော အမှု များ မှာ လူများ ကို သတ်ဖြတ်ခြင်း၊ မျိုး တုန်းစေခြင်း၊နှိပ်စက်ညှင်းပမ်းခြင်းနှင့် ရက်ရက်စက်စက် ဆက်ဆံခြင်း၊ လူ တစ်ယောက် ၏ ဂုဏ်သိက္ခာကိုထိခိုက်ညှိုး နွမ်းအောင် ဆက်ဆံခြင်း၊ ဓားစာခံအ ဖြစ်ခေါ်ဆောင်ခြင်း၊ တရားမဲ့စွာ စီရင်ချက်ချခြင်းတို့ ဖြစ်သည်။ ထို့ပြင် ရည်ရွယ်ချက်ရှိရှိဖြင့် အရပ်သားများ အပေါ် ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ဂျီနီဗာစာချုပ်က သတ်မှတ်ထားသည့် သင်္ကေတများ ပါရှိသည့် အဆောက်အဦးများ ၊ ပစ္စည်းများ ၊ဆေးဝါး ဌာနများ နှင့် ငြိမ်းချမ်းရေး တပ်ဖွဲ့များ ကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ ဘာသာရေး ၊ ယဉ်ကျေးမှု ၊ အထိမ်းအမှတ်များ ၊ ဆေးရုံများ နှင့် လူနာများ ထားရှိသည့်နေရာကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊လိင်စော်ကားခြင်း၊ အတင်းအကြပ် ပြည့်တန်ဆာအ ဖြစ် စေခိုင်းခြင်း၊ ကိုယ်ဝန်ရစေခြင်း၊ သားကြောဖြတ်ခြင်းနှင့် အခြားပုံစံများ ဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု များ ၊ အသက် (၁၅) နှစ် အောက်ကလေးများ ကို စစ်ပွဲများ တွင် ပါဝင်စေခိုင်းခြင်း၊ ရပ်ရွာလူထုများ ကို လုံခြုံရေး အကြောင်းကြောင့် မဟုတ်ဘဲ ရွှေ့ပြောင်းစေခြင်း၊ ဒဏ်ရာရသည့် တစ်ဖက်တပ်သားများ ကို ရက်ရက်စက်စက်သတ်ဖြတ်ခြင်း၊ စစ်သုံ့ပမ်းများ ကို တယောက် မကျန်သတ်ဖြတ်ခြင်း၊ သူတို့၏ ခန္ဓာကိုယ်များ ကိုဖြတ်တောက်ခြင်း၊ ဆေးသို့ မဟုတ် သိပ္ပံပညာစမ်းသပ်မှု များ လုပ်ဆောင်ခြင်း၊ လိုအပ်ချက်အရမဟုတ်ဘဲ လူထု၏ ကိုယ်ပိုင်ပစ္စည်းများ ကို ဖျက်ဆီးခြင်း၊

သိမ်းပိုက်ခြင်းများ လည်းစစ်ရာဇဝတ်မှု မြောက်သည်။

နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ တရားရုံး၏ သဘောတူစာချုပ်တွင် စွပ်စွဲခံရသူများ အနေနှင့် ခံစားခွင့်ရှိသော လူ့အခွင့် အရေး များ ကို တိတိကျကျ ဖော်ပြရေးသားထားပါသည်။ ထိုအခွင့်အရေး များ အထဲတွင် အပြစ်ရှိသည်ဟု ခိုင်လုံသော ဆုံးဖြတ်ချက်မချမချင်း အပြစ်မရှိဟု ခံယူသတ်မှတ်ခံပိုင်ခွင့်၊ ကူညီတိုင်ပင်မှု များ ခံစားပိုင်ခွင့်၊ သက်သေအထောက်အထားများ တင်ပြပိုင်ခွင့်၊ဖွင့်ဟမပြောဘဲ နေပိုင်ခွင့်၊ မလျော်ကန်သည့် သံသယဖြင့် စွပ်စွဲချက်များ ရှိပါက ပြန်လည်တရားစွဲဆိုခွင့်တို့ ဖြစ်သည်။

ရောမသဘောတူစာချုပ်အရ နိုင်ငံတကာ ရာဇဝတ်မှု များ ကို အပြစ်ပေးအရေးယူရာတွင် နိုင်ငံအစိုးရများ က အဓိကတာဝန်အရှိဆုံး ဖြစ်သည်။ အကယ်၍ ထိုနိုင်ငံရှိ တရားစီရင်ထုံးများ ကထိုအပြစ်ပေးစီရင်သည့်တာဝန်ကိုစစ်ဆေးမှု နှင့် အပြစ်ပေးအရေးယူရာတွင် သမာသမတ်ကျကျမ ဖြစ်သည့်အခါမျိုး တို့မှသာ နိုင်ငံတကာရာဇဝတ်မှု ဆိုင်ရာ တရားရုံးအနေဖြင့် ဝင်ရောက်ဆောင်ရွက်နိုင်မည် ဖြစ်သည်။

•••